မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခုဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။

ယမကဝဂ်(ဓမ္မပဒ-၅)

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် ၂၀၁၉ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ စနေနေ့ အတွဲ (၅၈)၊ အမှတ် (၃၂၁)

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံကင်းထောက်များနှင့် တွေ့ဆုံ

ကင်းထောက်မောင်မယ်များ ကိုယ့်ရဲ့တန်ဖိုးတွေ တစ်နိုင်ငံလုံးကို ပြန့်ပွားအောင် ကြိုးစားကြဟု ပြောကြား

မန္တလေး ဩဂုတ် ၁၆

မြန်မာနိုင်ငံ ကင်းထောက်အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာကြရာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ်သို့ ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

တက်ရောက်

ထို့နောက် မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံကင်းထောက်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✤

မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံကင်းထောက်များနှင့် တွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

သတင်းစဉ်

မြန်မာ့အလင်း

မကူးစက်နိုင်သောရောဂါများကြောင့် သောကမပွားကြရလေအောင်

ကူးစက်တတ်သောရောဂါများကြောင့် မိမိတို့မကြာခဏ သောကပွားကြရသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သည့် တုပ်ကွေးရောဂါအမျိုးမျိုး၊ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ တီဘီ၊ အသည်းရောင်အသားဝါ အေ-ဘီ၊ အနာကြီး၊ ခုခံအားကျ စသည်ဖြင့်။ အချို့ကူးစက်ရောဂါများက တစ်ခါတစ်ရံတွင် အစုလိုက် အပြုံလိုက် ကပ်ရောဂါအသွင် ဖြစ်ချင်ဖြစ်တတ်သည်။ လူတစ်ဦးမှတစ်ဦးသို့ ကူးစက်တတ်သည့်ရောဂါတို့ မိမိထံ မကူးစက်စေရန် မည်သို့နေထိုင်၊ မည်သို့စားသောက်၊ မည်သို့ဆင်ခြင် စသည်ဖြင့် ဂရုပြုကြ၊ ရှောင်ရှားကြသည်။ မိမိတို့ ဂရုမထားမိသည့်အချက်မှာမူ တစ်ကမ္ဘာလုံးမှာရော၊ မြန်မာနိုင်ငံတွင်ပါ မကူးစက်နိုင်သောရောဂါများကြောင့် လူသေဆုံးမှုက ကူးစက်ရောဂါများကြောင့် လူသေဆုံးမှုထက် ပိုမိုများပြားသည် ဆိုသည့်အချက်ပင်ဖြစ်သည်။

လူတစ်ဦးမှတစ်ဦးသို့ မကူးစက်နိုင်သောရောဂါ(**Non communicable diseases)** များ ဖြစ်ပွားရခြင်း၏ အကြောင်းရင်းမှာ ပိုးမွှားများနှင့် ကပ်ပါးကောင်များကြောင့်မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်နှင့်လူတို့၏ အပြုအမူများကြောင့် ဖြစ်သည်။ တစ်ကမ္ဘာလုံးတွင် နှစ်စဉ်လူသေဆုံးမှုများ၏ ၇၁ ရာခိုင်နှုန်းခန့်သည် မကူးစက်နိုင်သောရောဂါများကြောင့်ဖြစ်ပြီး အရေအတွက်အားဖြင့် ၄၁ သန်းခန့်ရှိသည်။ မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးမှုအရေအတွက်၏ ၈၅ ရာခိုင်နှုန်းမှာလည်း ဝင်ငွေနည်းပါးသောဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်သည်ဟု ဆိုသည်။ မကူးစက်နိုင်သော ရောဂါများတွင် နှလုံးသွေးကြောကျဉ်းရောဂါ၊ ကင်ဆာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ နာတာရှည်ရောဂါ၊ ဆီးချိုသွေးချိုရောဂါတို့မှာ ဖြစ်ပွားမှုအများဆုံးရောဂါများ ဖြစ်ကြသည်။

မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း၏ ဇာစ်မြစ်တွင် ယဉ်ကျေးမှု၊ စီးပွားရေး၊ အပြုအမူတို့ ပါဝင်နေသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီး သုံးစွဲမှု၊ အရက်အလွန်အကျွံသောက်သုံးမှု၊ စားသောက်မှုပုံစံများထဲတွင် အဆီ၊ အငန်၊ အချိုဓာတ်များ လွန်ကဲစွာပါဝင်မှု၊ ဆိုးဆေးနှင့်ဓာတုဗေဒဆေးများပါဝင်နေမှု၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများနည်းပါးမှုတို့က မကူးစက်နိုင်သောရောဂါများနှင့် ဆက်စပ်နေသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးပြဿနာများ၏ သုံးပုံ၊ နှစ်ပုံမှာ မကူးစက်နိုင်သောရောဂါများဖြစ်သည်။ ၂၀၁၂ ခုနှစ်က ကိန်းဂဏန်းများအရ မြန်မာနိုင်ငံတွင် သေဆုံးမှုများ၏ ၅၉ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါများကြောင့်ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းသည် ကူးစက်ရောဂါများကြောင့်ဖြစ်ကာ ၁၁ ရာခိုင်နှုန်းသည် ထိခိုက်ဒဏ်ရာများကြောင့်ဖြစ်သည်ဟုဆိုသည်။ တစ်ဖန် မကူးစက်နိုင်သော ရောဂါများကြောင့် သေဆုံးမှုနှုန်းများတွင်လည်း နှလုံးသွေးကြောကျဉ်းရောဂါကြောင့် ၂၅ ရာခိုင်နှုန်း၊ ကင်ဆာကြောင့် ၁၁ ရာခိုင်နှုန်း၊ နာတာရှည်အသက်ရှူလမ်းကြောင်းကြောင့် ၉ ရာခိုင်နှုန်း၊ ဆီးချိုသွေးချိုကြောင့် ၃ ရာခိုင်နှုန်းနှင့် အခြားနာတာရှည်ရောဂါများကြောင့် ၁၁ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ မကူးစက်နိုင်သော ရောဂါများသည် ကူးစက်ရောဂါများထက် ပိုမို၍ဝန်ပိစေသည့်အတွက် မထိန်းချုပ်ပါက ရေရှည်တွင် နိုင်ငံအတွက် ကြီးမားသောဝန်ထုပ်ဝန်ပိုးတစ်ရပ် ဖြစ်လာနိုင်သည်။

မကူးစက်နိုင်သောရောဂါ **(NCDs)**များသည် သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏အပြုအမူများကို အရင်းခံ၍ဖြစ်ပေါ်လာရသည့်အတွက် ပတ်ဝန်းကျင်ပျက်စီးမှုများကို ပြုပြင်ထိန်းသိမ်းရန်နှင့် လူတစ်ဦးချင်းစီက ကျန်းမာရေးအသိကိုယ်စီဖြင့် မိမိတို့၏အပြုအမူများကို ထိန်းသိမ်းပြုပြင်ရန်တို့က အဓိကအချက်များဖြစ်သည်။ ကျန်းမာရေးကို ရှေးရှုကာ မိမိတို့၏ အပြုအမူများကို ဂရုတစိုက်ထိန်းသိမ်းကြရာတွင် (၁)ကျန်းမာရေးနှင့် ညီညွတ်စွာ စားသုံးရန်၊ (၂)ကိုယ်ကာယလေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ရန်၊ (၃)ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုတို့ကို ရှောင်ကြဉ်ရန်၊ (၄) အရက်အလွန်အကျွံသောက်သုံးမှုကို ရှောင်ကြဉ်ရန်၊ (၅)ကိုယ်ခန္ဓာကို ရှိသင့်သည်ထက် ပိုဝမလာအောင် ထိန်းသိမ်းရန်၊ (၆)ရေလုံလောက်စွာသောက်ရန်၊ (၇) စိတ်သောကများကို လျှော့ချ၍ အပြုသဘောဆောင်သောအမြင်ဖြင့် ကြိုးစားနေထိုင်ရန်တို့ကို ကျန်းမာရေးပညာရှင်များက အကြံပြုထားပါကြောင်း၊ မကူးစက်နိုင်သောရောဂါများကို ရှောင်ရှားကာ သောကကင်းဝေးနေနိုင်ရေးအတွက် မျှဝေအပ်ပါကြောင်း။ ။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၇/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်ခင်မာဆွေ ကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၈/၂၀၁၉
၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်)

လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ(ခ)၊ (င)၊ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဂ)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၂)၊ ပုဒ်မခွဲ (ခ)၊ (စ)၊ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ(က)တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်မှူးကြီး မင်းသန်း ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ)ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် ဩဂုတ် ၁၆

အမျိုးသားလွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီသည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင်အမှတ် (I - 20) အဝေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး**(အောက်ပုံ)** ဇွန် ၂၅ ရက်မှ ဇူလိုင် ၈ ရက်အထိ မကွေးတိုင်းဒေသကြီးသို့ ကွင်းဆင်းစိစစ်ခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန်မှာကြားသည်။

ထို့နောက် မေးခွန်းရှင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)နှင့် ကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းလေ့လာစိစစ်တွေ့ရှိချက်များကို တင်ပြခဲ့ပြီး လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၏ ပြန်လည်ရှင်းလင်းတင်ပြမှုများအပေါ် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင် ကိုယ်စားလှယ်များ၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက သတင်းအတု/အယောင်များ၊ သတင်းမှားများနှင့် သတင်းခိုးကူးနေသည့် ဝက်(ဘ်)ဆိုက်နှင့် ဆိုရှယ်မီဒီယာပေ့ချ်များ ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၁၆

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် သတင်းအတု/ အယောင်များ၊ သတင်းမှားများနှင့် သတင်းခိုးကူးနေသည့် အွန်လိုင်းဝက်(ဘ်)ဆိုက်များ၊ ဆိုရှယ်မီဒီယာပေ့ချ်များကို ဩဂုတ် ၁၅ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာထားသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသည် မေ ၂၇ ရက်ကလည်း သတင်းခိုးကူးမှုများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် ထုတ်ပြန်ခြင်း ဖြစ်သည်။

ဒုတိယအကြိမ် ထုတ်ပြန်မှုတွင် သတင်းခိုးယူနေသည့် ဝက်(ဘ်)ဆိုက်နှင့် ဆိုရှယ်မီဒီယာပေ့ချ် ၄၈ ခုပါဝင်ပြီး ထိုသို့ သတင်းခိုးယူနေသည့် ဝက်(ဘ်)ဆိုက်နှင့် ဆိုရှယ်မီဒီယာ ပေ့ချ်စာရင်းကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၏ ဝက်(ဘ်)ဆိုက်ဖြစ်သည့် http://myanmarpresscouncil.org/activities-mpc/statements-mpc/355-statements15-15aug19.html?fbclid= IwAR0yUg1gOOha3Vs XIuCpU6ED2N1twCq W5N5hahf 7jBtxOsdTqPaFI82p0W4 တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ထို့ပြင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအနေဖြင့် အဘက်ဘက်မှ စိစစ်ပြီး သတင်းခိုးယူနေသည့် ဝက်(ဘ်)ဆိုက်နှင့် ဆိုရှယ်မီဒီယာပေ့ချ်များကို ဆက်လက် ကြေညာသွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သတင်းစဉ်

✤ ရှေ့ဖုံးမှ

အခမ်းအနားသို့ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် နာယကများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးမင်းသူ၊ ဒေါက်တာ မျိုးသိမ်းကြီး၊ ဒေါက်တာ မြင့်ထွေး၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကင်းထောက်ဖွဲ့စည်းပြီးသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကင်းထောက်အဖွဲ့ ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံ အမျိုးသမီး ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာ၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ တက္ကသိုလ်ကင်းထောက် လူငယ်မောင်မယ်များ၊ ကိုယ်ပိုင်ပညာရေး ကျောင်းများမှ ကင်းထောက် မောင်မယ်များ၊ ကင်းထောက်လူငယ်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အခမ်းအနားမစတင်မီ မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြို့တော်ခန်းမ မြေညီထပ်၌ ခင်းကျင်းပြသထားသည့် ကင်းထောက်အတတ်ပညာ ခုနစ်ဖြာပြခန်း၊ ကြိုးချည်နည်းသရုပ်ဖော်ကင်းထောက်ပျော်ပြခန်း၊ လက်မှုပညာပြကင်းထောက်စွမ်းရည်အလှ ပြခန်း၊ သုတစုံလျှမ်း ကင်းထောက်ပြခန်း၊ မတူကွဲပြားအခြေအနေများ အားလုံးပါဝင်ပြုံးပျော်ရွှင်ပြခန်း၊ လက်တွေ့လုပ်ဆောင်စခန်းချရအောင်ပြခန်း၊ အမြဲပြုံးပျော်လူသားများအပေါ် ပြခန်း၊ ကျွမ်းကျင်ပညာလက်မှုကမ္ဘာပြခန်း၊ စွမ်းရည်ထက်မြက်ဉာဏ်ရည်တက် ပြခန်းနှင့် ကင်းထောက်အမျိုးသမီးများ လှုပ်လှုပ်ရှားရှား မှတ်တမ်းများ ပြခန်းတို့အားလိုက်လံကြည့်ရှု အားပေးရာ ကင်းထောက်လူငယ် မောင်မယ်များက "မိုးလုံးမှိုင်း"သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ကင်းထောက်လူငယ်မောင်မယ်များ ကင်းထောက်ကြိုးချည်နည်း ခြောက်မျိုးဖြင့် စွမ်းရည်ပြသဖျော်ဖြေစဉ်။

သတင်းစဉ်

ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဆုရရှိသည့် ကင်းထောက်တစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

သတင်းစဉ်

"ကျွန်မတို့ ကင်းထောက် မောင်၊ မယ်လေးများအားလုံး တန်းတူညီတူ ဖြစ်တယ်ဆိုတာကို သတိချပ်ဖို့လိုပါတယ်။ ကိုယ်လာတဲ့ မိသားစုအသိုင်းအဝိုင်းတွေကို စဉ်းစားဖို့ ကိုယ်လာတဲ့ကျောင်းကို စဉ်းစားဖို့မဟုတ်ဘဲ ကင်းထောက်အဖွဲ့ထဲကို ရောက်သွားတဲ့အခါ ကင်းထောက်များအားလုံးဟာ တူတူညီညီရှိတယ်။ ကင်းထောက်များအားလုံး စည်းစည်းလုံးလုံးနဲ့ ဖြစ်နေတယ်ဆိုတဲ့ စိတ်ဓာတ်တွေကို သွင်းထားစေချင်ပါတယ်"

အလေးပြု

ထို့နောက် တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ကင်းထောက်အကြီးအကဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းသီဆိုပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ကင်းထောက်လူငယ်မောင်မယ်များက "ကင်းထောက်ဂုဏ်ရည်"သီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

စွမ်းရည်ပြသ

ထို့နောက် ကင်းထောက်လူငယ်မောင်မယ်များက "ကင်းထောက်ကြိုးချည်နည်း ခြောက်မျိုး"နှင့် "အခြေခံရှေးဦးသူနာပြု ပတ်တီးစည်းနည်း"တို့ဖြင့် လည်းကောင်း၊ ကင်းထောက်အမျိုးသမီးငယ်များက "ပန်းဥယျာဉ်" တေးသီချင်းကို သီဆိုသရုပ်ဖော်၍ လည်းကောင်း စွမ်းရည်ပြသ ဖျော်ဖြေကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက ကင်းထောက် ကြိုးချည်ပြိုင်ပွဲ၊ ကင်းထောက်ကဗျာ စပ်ဆိုပြိုင်ပွဲနှင့် ကင်းထောက်ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကင်းထောက်မောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Cub Scout ကင်းထောက်လူငယ်များက "စွမ်းဆောင်နိုင်တယ် ဒို့ကင်းထောက်ငယ်" တေးသီချင်းဖြင့် လည်းကောင်း၊ Blue Bird ကင်းထောက်အမျိုးသမီး ကလေးငယ်များက "မြင့်မြတ်နလုံးသား ပိုင်ရှင်များ" တေးသီချင်းဖြင့် လည်းကောင်း ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

အင်မတန်အရေးကြီး

ယင်းနောက် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အကြီးအကဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဒီကနေ့ ကင်းထောက်များနဲ့ တွေ့ဆုံပွဲကို တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး၊ အထူးသဖြင့် ကျွန်မတို့ရဲ့ ကင်းထောက်မောင်မယ် အားလုံးကို ကြိုဆိုနှုတ်ခွန်းဆက်ပါတယ်။ ကျွန်မ မန္တလေးမှာရှိတဲ့ ကင်းထောက်မောင်မယ်တွေနဲ့ တွေ့ချင်တဲ့အကြောင်းတစ်ခုက ကျွန်မတို့ဟာ အသင်းအဖွဲ့တစ်ခုအနေနဲ့ ညီညီညွတ်ညွတ် ဆောင်ရွက်ဖို့ လိုပါတယ်။ အသင်းအဖွဲ့တစ်ခုကို ဝင်လိုက်ပြီဆိုရင် ဒီအသင်းအဖွဲ့ကို တန်ဖိုးထားရမယ်၊ ဒီအသင်းအဖွဲ့နဲ့ စုစုစည်းစည်းနေရမယ်၊ ဒီအသင်းအဖွဲ့ရဲ့ စည်းကမ်းတွေကို လိုက်နာရမယ်။ အသင်းအဖွဲ့တစ်ခုနယ်မှာ လှုပ်ရှားနိုင်ခြင်းဆိုတာဟာ ကျွန်မတို့အတွက် အင်အားတစ်ခုပါပဲ။ လူတိုင်းလူတိုင်းဟာ တစ်ယောက်ချင်းတစ်ယောက်ချင်း ကိုယ်လုပ်ချင်တာ လုပ်ဖို့ဆန္ဒရှိကြတာပဲ။ ဒါပေမယ့် အသင်းအဖွဲ့တစ်ခုရဲ့ အဖွဲ့ဝင်ဖြစ်သွားပြီဆိုရင်တော့ ဒီအသင်းအဖွဲ့ရဲ့ စည်းမျဉ်းစည်းကမ်းများအတိုင်းလုပ်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ငယ်စဉ်ဘဝကတည်းကစပြီး ဒီလို လေ့ကျင့်ခဲ့မယ်ဆိုရင် ကြီးလာတဲ့အခါမှာ ကိုယ့်ရဲ့လူမှုအသိုင်းအဝိုင်းအတွက်၊ ကိုယ့်ရဲ့ နိုင်ငံအတွက် အများကြီးအကျိုးပြုနိုင်ပါတယ်။

လွတ်လွတ်လပ်လပ်ပဲနေချင်

"တချို့က အသင်းအဖွဲ့တွေထဲမှာ အလုပ်လုပ်ရတာကို စိတ်ကျဉ်းကျပ်တယ်လို့ ထင်တဲ့သူတွေရှိပါတယ်။ အသင်းအဖွဲ့ထဲမှာဆိုရင် စည်းမျဉ်းစည်းကမ်းအရပဲ လုပ်ရတယ်။ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်နေချင်တယ်၊ လုပ်ချင်တယ်ဆိုတဲ့ အမြင်တွေလည်းရှိပါတယ်။ အဲဒီလိုအမြင်တွေရှိတဲ့အခါကျတော့ ကျွန်မတို့စဉ်းစားရမှာက လွတ်လပ်ခြင်းဆိုတာ ဘာလဲ၊ အသင်းအဖွဲ့ရဲ့ စည်းမျဉ်းစည်းကမ်းတွေအရ မလုပ်ချင်ဘူး၊ တချို့ကျတော့ အသင်းအဖွဲ့အထဲမှာဝင်ပြီးမှ စည်းမျဉ်းစည်းကမ်းကို မလိုက်နာချင်ဘူး၊ တန်ဖိုးထားတာတွေနဲ့ ကိုက်ညီစွာမလုပ်ချင်ဘူး။ လွတ်လွတ်လပ်လပ်ပဲနေချင်တယ်ဆိုပြီး ပြောကြပါတယ်။ အဲဒီတော့ လွတ်လပ်ခြင်းဆိုတာ ဘာလဲဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။

အမြဲတမ်းရှင်သန်နေ

"ကျွန်မတို့ ဒီလူ့လောကကြီးထဲမှာ မွေးလာမှတော့ လုံးဝလွတ်လပ်တယ်ဆိုတာ မရှိပါဘူး။ ကျွန်မတို့အသိုင်းအဝိုင်းရဲ့ လိုအပ်ချက်တွေ၊ ကျွန်မတို့ ကိုယ်တိုင်ရဲ့ လိုအပ်ချက်တွေကြောင့် ကိုယ့်ပတ်ဝန်းကျင်ကို အားကိုးပြီးတော့ နေထိုင်သွားရတာပါ။ ဒီတော့ ကင်းထောက်များအတွက် လွတ်လပ်ခြင်းဆိုတာဘာလဲလို့ အဓိပ္ပာယ်ဖော်ချင်တယ်ဆိုရင် ကျွန်မတို့ အမျိုးသမီးကင်းထောက်များရဲ့ကမ္ဘာ့သီချင်းရှိပါတယ်။ အဲဒီကမ္ဘာ့သီချင်းထဲမှာ တကယ်လွတ်လပ်တဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုပုဂ္ဂိုလ်တွေများလဲဆိုတာကို အဓိပ္ပာယ်ဖော်ထားတာရှိပါတယ်။ အဲဒီကမ္ဘာ့သီချင်းကို အားလုံးက ရမယ်လို့တော့ ကျွန်မ မထင်ပါဘူး။ နောက်ပြီး ဒါကို မြန်မာဘာသာကို မပြန်ရသေးဘူးလို့ ကျွန်မထင်ပါတယ်။ အဲဒီ ကမ္ဘာ့ကင်းထောက်များသီချင်းထဲက လွတ်လပ်ခြင်းဆိုတာ၊ လွတ်လပ်တဲ့သူများဆိုတာ ဘယ်လိုလူများလဲဆိုတာကို အဓိပ္ပာယ်ဖော်ထားတာကို ပြန်ပြီးတော့ ပြောချင်ပါတယ်။ ဘယ်လိုလူများလဲဆိုတော့ မှန်ကန်ခြင်းနဲ့ ကောင်းမွန်ခြင်းကို ချစ်မြတ်နိုးသောသူများ၊ ကတိတည်သူများ၊

စာမျက်နှာ ၄ သို့

မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကင်းထောက်အဖွဲ့ချုပ်နာယကများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံကင်းထောက်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကိုယ်ပိုင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကင်းထောက်နည်းပြများ၊ ကြီးကြပ်များ၊ ဆရာ၊ ဆရာမများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

စာမျက်နှာ ၃ မှ

စိတ်ဓာတ်နှိမ့်ချတတ်သူများ၊ နှလုံးသားက ကြင်နာတတ်တဲ့သူများ၊ ဂုဏ်သိက္ခာကို အမြဲစောင့်ထိန်းသူများ၊ ဂုဏ်သိက္ခာ အမြဲရှင်သန်နေသူများ အဲဒီလိုသူများဟာ လွတ်လပ်တဲ့သူများပါ။ မှန်ကန်ခြင်းနဲ့ ကောင်းမွန်ခြင်းကို ချစ်မြတ်နိုးရမယ်၊ ကတိတည်ရမယ်၊ ဂုဏ်သိက္ခာဆိုတာ အမြဲတမ်းရှင်သန်နေမှုရှိရမယ်၊ အဲဒီလို စိတ်ဓာတ်ရှိသူတွေဟာ တကယ်ပဲ လွတ်လပ်တဲ့သူများပါ။

ကတိတည်သူများ

"အဲဒီတော့ ဒါကို ကျွန်မတို့က စဉ်းစားရမယ်။ ဘာဖြစ်လို့ ဒီလိုလူတွေကို လွတ်လပ်တဲ့သူတွေလို့ ကျွန်မတို့ ကမ္ဘာ့ကင်းထောက်သီချင်းက သရုပ်ဖော်ထားသလဲ။ ကောင်းမွန်ခြင်းနဲ့ မှန်ကန်ခြင်းကို ချစ်မြတ်နိုးမှ ကိုယ်သွားတဲ့လမ်းဟာ မှန်ကန်နိုင်မယ်၊ ကောင်းမွန်နိုင်မယ်။ ကောင်းမွန်တဲ့၊ မှန်ကန်တဲ့အရာတွေကို ချစ်မြတ်နိုးခြင်းမရှိတဲ့ သူတွေဟာ ကောင်းမွန်တဲ့၊ မှန်ကန်တဲ့လမ်းကို လျှောက်နိုင်မှာမဟုတ်ပါဘူး။ ကောင်းမွန်တဲ့၊ မှန်ကန်တဲ့လမ်းကို လျှောက်တယ်ဆိုရင် ကိုယ့်လိပ်ပြာဟာ သန့်တယ်။ ကိုယ့်လိပ်ပြာဟာ သန့်တယ်ဆိုတော့ ကိုယ့်စိတ်က လွတ်လပ်တယ်။ စိတ်ရဲ့ လွတ်လပ်ခြင်းဆိုတာဟာ အဓိကပါပဲ။

နောက်ပြီးတော့ ကတိတည်သူများ၊ ဘာဖြစ်လို့ ကတိတည်သူများဆိုပြီး အလေးထားပြောသလဲဆိုတော့ ကိုယ်က ကတိတွေတည်ခဲ့ရင် ဘယ်သူ့အပေါ်မှာမှ အကြွေးမကျန်ဘူး။ ပြောရမယ်ဆိုရင် ကိုယ်လုပ်သင့်လုပ်ထိုက်တာတွေ၊ ကတိတည်ခြင်းဆိုတာဟာ ကိုယ်လုပ်မယ်လို့ ပြောခဲ့တာတွေကိုလုပ်ခြင်း၊ ဒီတော့ ဘယ်သူ့အပေါ်မှာမှ အကြွေးမကျန်တဲ့သူ ဆိုတာဟာ လွတ်လပ်တယ်။ အကြွေးတင်နေတဲ့သူဆိုတာဟာ မလွတ်လပ်ဘူး။ ဒါလေး လုပ်ပေးပါမယ်ဆိုပြီး လွယ်လွယ်နဲ့ ပြောပြီးတော့ မလုပ်ပေးတာ၊ လွယ်လွယ်နဲ့ ကိုယ်လိုချင်တာ တစ်ခုခုရအောင် ကတိပေးပြီးတော့ ဒီကတိကို အလေးမထားတာ အဲဒီလိုပုဂ္ဂိုလ်များဟာ ဘယ်လိုလုပ် စိတ်လွတ်လပ်မှုရှိနိုင်မလဲ။ အကြွေးတွေကို ထမ်းထားရတဲ့လူတွေလိုပဲ ဖြစ်နေပါတယ်။

"နောက်ပြီးတော့ ကိုယ့်ရဲ့ ဂုဏ်သိက္ခာဟာ အမြဲတမ်းရှင်သန်နေရမယ်။ ဂုဏ်သိက္ခာဟာ အိပ်စက်နေတယ်လို့ မရှိရဘူး။ ကိုယ့်ရဲ့ဂုဏ်သိက္ခာ၊ သမာဓိကို အမြဲနှလုံးသွင်းထားရမယ်။ အဲဒီလို နှလုံးသွင်းထားရင် ကိုယ်သွားရာလမ်းမှာ ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်ဖို့ အထောက်အကူဖြစ်ပါတယ်။ အဲဒီလို ဖြောင့်ဖြောင့်မတ်မတ် သွားနိုင်မှလည်း စိတ်လွတ်လပ်မှုရှိနိုင်မယ်။ နောက်ဆုံးကျတော့ ပြောရမယ်ဆိုရင် တကယ့် လွတ်လပ်မှုဆိုတာ စိတ်လွတ်လပ်မှု ဖြစ်ပါတယ်။ စိတ်လွတ်လပ်မှုဆိုတာဟာ အသင်းအဖွဲ့အတွင်းမှာ ကိုယ့်ရဲ့တာဝန်တွေကို အလေးထားခြင်းအားဖြင့် ကိုယ့်ရဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ခြင်း အားဖြင့် အများကြီးရနိုင်ပါတယ်။ စိတ်လွတ်လပ်မှုရှိမှ တခြားလွတ်လပ်မှုတွေကို ရနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မက အသင်းအဖွဲ့တစ်ခုဖြစ်တဲ့ ကင်းထောက်အဖွဲ့ထဲမှာ ဝင်လာတဲ့ လူငယ်များကို တိုက်တွန်းချင်ပါတယ်။ လွတ်လပ်မှုဆိုတာ ဘာလဲဆိုတာကို သေသေချာချာစဉ်းစားပါ။ နောက်ပြီးတော့ အဲဒီလွတ်လပ်မှုထဲမှာ ပါသေးတာက ကြင်နာတဲ့ နှလုံးသားလည်း ရှိရမယ်။ နှိမ့်ချတဲ့စိတ်ဓာတ်လည်း ရှိရမယ်။ နှိမ့်ချတဲ့ စိတ်ဓာတ်ရှိတယ်ဆိုတာ မာန်၊ မာနမရှိခြင်းကို ပြောတာဖြစ်ပါတယ်။ တချို့တွေက ကိုယ့်ကိုယ်ကိုယ် အင်မတန်အထင်ကြီးကြပါတယ်။ ကျွန်မတို့ အသင်းအဖွဲ့ကို အားပေးတယ်ဆိုတာ ဘာလဲဆိုရင် အသင်းအဖွဲ့အတွင်းမှာဆိုရင် အားလုံးက ဒီအသင်းအဖွဲ့အတွင်းမှာ တန်းတူညီမျှ နေတတ်ခြင်းက စိတ်လွတ်လပ်မှုကို အထောက်အကူပြုပါတယ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်း(မန္တလေး) ပန်းချီ၊ ပန်းပုဌာနခွဲ ကျောင်းသား ကျောင်းသူများ လက်တွေ့သင်ကြားနေမှုကို ကြည့်ရှုစဉ်။ သတင်းစဉ်

အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်း(မန္တလေး) ပန်တျာဌာနခွဲ ကျောင်းသားများ အကဇာတ်တိုက်လေ့ကျင့်နေစဉ်။ သတင်းစဉ်

ကြင်နာတဲ့ နှလုံးသား

"ဒါကြောင့် ကျွန်မတို့ ကင်းထောက်မောင်၊ မယ်လေးများအားလုံး တန်းတူညီတူဖြစ်တယ်ဆိုတာကို သတိချပ်ဖို့ လိုပါတယ်။ ကိုယ်လာတဲ့ မိသားစုအသိုင်းအဝိုင်းတွေကို စဉ်းစားဖို့ ကိုယ်လာတဲ့ ကျောင်းကို စဉ်းစားဖို့မဟုတ်ဘဲ ကင်းထောက်အဖွဲ့ထဲကို ရောက်သွားတဲ့ အခါ ကင်းထောက်များအားလုံးဟာ တူတူညီညီရှိတယ်။ ကင်းထောက်များ အားလုံး စည်းစည်းလုံးလုံးနဲ့ ဖြစ်နေတယ်ဆိုတဲ့ စိတ်ဓာတ်တွေကို သွင်းထားစေချင်ပါတယ်။ အဲဒီဟာက စိတ်နှိမ့်ချခြင်းဖြစ်ပါတယ်။ နောက်ပြီး ကြင်နာတဲ့ နှလုံးသား မရှိရင် ကျွန်မတို့ ကင်းထောက်ရဲ့ ကတိကဝတ်တွေကို တည်နိုင်ဖို့ဆိုတာဟာ အင်မတန်မှ ခက်ပါလိမ့်မယ်။ ကင်းထောက်များဆိုတာ တစ်ယောက်နဲ့ တစ်ယောက် ကူညီရတယ်။ ကူညီဖို့လိုတဲ့ သူတိုင်းကို ကူညီရတယ်။ ယဉ်ကျေးသိမ်မွေ့ရတယ်။ တိရစ္ဆာန်များအပေါ်မှာ ကြင်နာရတယ်ဆိုတာတောင် ပါပါတယ်။ ဒီလောကကြီးမှာ အသက်ရှင်နေတဲ့ သတ္တဝါမှန်သမျှဟာ တစ်ခုချင်း၊ တစ်ခုချင်း သူ့တန်ဖိုးနဲ့သူရှိပါတယ်။ လူသားတွေတင် မဟုတ်ဘဲ တိရစ္ဆာန်တွေမှာလည်း သူ့တန်ဖိုးနဲ့သူ ရှိပါတယ်။ ဒါကြောင့် တိရစ္ဆာန်တွေအပေါ်မှာ သနားကြင်နာရမယ်ဆိုတာ ကင်းထောက်ရဲ့ ကျင့်ဝတ်ထဲမှာ တစ်ပါးဖြစ်ပါတယ်။ အဲဒီလို ကလေးတွေကို ငယ်ငယ်ကတည်းက အကျင့်စာရိတ္တကောင်းအောင်၊ တကယ့် လွတ်လပ်မှုဆိုတဲ့ အဓိပ္ပာယ်ကို နားလည်အောင်၊ တကယ့်လွတ်လပ်မှုကို နားလည်ရအောင် ကြိုးစားအောင် သင်ပေးတဲ့ အသင်းအဖွဲ့တစ်ခုဟာ ကင်းထောက်အသင်းအဖွဲ့ပဲ ဖြစ်ပါတယ်။

စာမျက်နှာ ၅ သို့

စာမျက်နှာ ၄ မှ

"တစ်ကမ္ဘာလုံးမှာ ကင်းထောက်လှုပ်ရှားမှုကြီး ပြန့်ပွားသွားတယ်ဆိုတာ အကြောင်းမဲ့မဟုတ်ပါဘူး။ ဒီလို မှန်ကန်တဲ့ တန်ဖိုးတွေရှိလို့ ပြန့်ပွားသွားတာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကင်းထောက်အဖွဲ့ဝင်များဟာ အခွင့်အရေးကို လိုချင်လို့ ဒီအသင်းအဖွဲ့ထဲဝင်တာ မဟုတ်ကြပါဘူး။ နားလည်မှု ရည်ရွယ်ချက်အရ၊ ယုံကြည်ချက်အရ ဝင်တာဖြစ်ပါတယ်။ တစ်ခုတော့ ရှိပါတယ်၊ ကလေးတွေ ဝင်တယ်ဆိုတာ မိဘတွေက ဝင်ခိုင်းလို့ ဝင်တာလည်း ဖြစ်နိုင်ပါတယ်။ ကျောင်းဆရာ၊ ဆရာမတွေကလည်း တိုက်တွန်းလို့ ဝင်တာလည်း ဖြစ်နိုင်ပါတယ်။ အမှန်ပြောရရင် ကျွန်မငယ်ငယ်တုန်းက ကင်းထောက်ထဲကို ပထမဆုံးဝင်ခဲ့တာက မေမေက ကင်းထောက်မဟာမင်းကြီးဖြစ်လို့ ဝင်စေချင်လို့ ဝင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဘယ်လိုအကြောင်းကြောင့်ပဲ ဖြစ်ဖြစ် အသင်းအဖွဲ့တစ်ခုထဲ ဝင်လိုက်ပြီဆိုရင် အဲဒီအသင်းအဖွဲ့ထဲမှာ တန်ဖိုးရှိတဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်အောင် နေဖို့လိုပါတယ်။ အဲဒါကြောင့် ဒီကိစ္စအတွက် စည်းမျဉ်း၊ စည်းကမ်းလိုက်နာခြင်းဟာ အင်မတန်မှ အရေးကြီးပါတယ်။

ကိုယ့်စည်းကမ်း ကိုယ်ထိန်း

"ကိုယ့်ကို သူများတွေက လေးစားစေချင်ရင် ကိုယ်ကလည်း သူများတွေကို လေးစားရမယ်၊ စည်းကမ်းကို လိုက်နာရမယ်၊ လေးစားသင့်တဲ့နေရာမှာ လေးစားတာကို ပြရမယ်၊ အဲဒါကတော့ သိပ်အရေးကြီးပါတယ်၊ သတိပေးမှ စည်းကမ်းကို ထိန်းသိမ်းရမှာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုယ် တစ်ချိန်လုံး သတိပေးသွားရမယ်၊ အပြင်လူက သတိပေးမှ စည်းကမ်းကို ထိန်းသိမ်းတယ်ဆိုရင် ကိုယ်ဟာ လွတ်လပ်တဲ့လူတစ်ယောက် မဟုတ်တော့ဘူး။ တကယ်လွတ်လပ်တဲ့လူဆိုတာ ကိုယ့်စည်းကမ်းကို ကိုယ်ထိန်းတယ်။ ကိုယ့်ကိုယ်ကိုယ် သတိပေးရတယ်။ ဘယ်စည်းကမ်းတွေကို ထိန်းသိမ်းရမယ်၊ ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ဂုဏ်သိက္ခာဆိုတာ ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်သတိပေးရတယ်။ ကိုယ့်ကိုယ်ကိုယ် သတိပေးပြီးတော့ ကိုယ့်သတိပေးချက်အရ လိုက်နာနိုင်မှသာလျှင် တကယ့်လွတ်လပ်တဲ့ လူကြီးတွေဖြစ်လာမှာပါ၊ အဲဒါကိုတော့ သတိပြုစေချင်ပါတယ်။ နိစ္စဓူဝ အသေးအဖွဲ့ လုပ်တာပဲဖြစ်ဖြစ်၊ ကြီးကြီးလုပ်တာပဲဖြစ်ဖြစ် စောစောက ပြောသွားတဲ့အထဲမှာ ကိုယ့်ရဲ့ဂုဏ်သိက္ခာအတွက် အမြဲရှင်သန်နေတဲ့သူများ၊ ဂုဏ်သိက္ခာ ဘယ်တော့မှ အိပ်စက်မနေတဲ့သူများဆိုတာ ဒါကိုပြောတာပါ။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား ဂေါပကအဖွဲ့ထံ အလှူငွေ ပေးအပ်စဉ်။ သတင်းစဉ်

တစ်ချိန်လုံး နိုးကြားတက်ကြွမှုက ရှိရမယ်။ ဘာအတွက် နိုးကြားတက်ကြွတာလဲဆိုတော့ တန်ဖိုးရှိတဲ့ ကိုယ်နေတဲ့ လူ့အသိုင်းအဝိုင်းရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်အောင် နေတတ်ဖို့ကို ပြောတာပါ။ တစ်ယောက်တည်း တန်ဖိုးရှိအောင်နေတာကို ပြောတာမဟုတ်ပါဘူး။ ကိုယ်နေတဲ့ လူ့အသိုင်းအဝိုင်းရဲ့ တစ်စိတ်တစ်ပိုင်း အနေနဲ့ တန်ဖိုးရှိအောင်နေတတ်တာကို ဆိုလိုတာ ဖြစ်ပါတယ်။

ကင်းထောက်ရဲ့ကတိတွေ၊ ဝတ္တရားတွေ

"အဲဒါကြောင့် ကင်းထောက်အသင်းအဖွဲ့ထဲဝင်ပြီဆိုရင် ကင်းထောက်ရဲ့ကတိတွေ၊ ဝတ္တရားတွေကို သေသေချာချာ လေ့လာပါ၊ သေသေချာချာလေ့လာ၊ သေသေချာချာစဉ်းစားပြီးတော့ နှလုံးသွင်းပါ။ အဲဒီလိုလည်း မလေ့လာဘူး။ နှလုံးသွင်းတာလည်း မရှိဘူးဆိုရင် ကင်းထောက်ပဲလုပ်လုပ်၊ ဘယ်အသင်းအဖွဲ့ဝင်ပဲလုပ်လုပ် ပြင်ပအသင်းအဖွဲ့ဝင်ပဲဖြစ်မှာပါ၊ တစ်နည်းအားဖြင့် စိတ်ထဲက မပါဘူး၊ စိတ်ထဲကနေပြီးတော့ လိုက်နာမှု မရှိဘူး၊ တန်ဖိုးထားတာတွေကို နားမလည်ဘူးဆိုရင် ဒါ လှည့်ဖြားရာရောက်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်လည်း လှည့်ဖြားရာရောက်တယ်။ ကိုယ့်ရဲ့ ပတ်ဝန်းကျင်ကိုလည်း လှည့်ဖြားရာရောက်ပါတယ်။ ဒါကြောင့်မို့ တန်ဖိုးရှိတဲ့ လူသားတွေ ဖြစ်လာချင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ပထမလှည့်ဖြားလို့ မဖြစ်ပါဘူး။ တခြားလူတွေကို ဘယ်လောက်ပဲ လှည့်ဖြားလို့ရရ ကိုယ့်ကိုယ်ကိုယ် ဘယ်တော့မှ လှည့်ဖြားလို့ မရဘူးဆိုတာကို သေသေချာချာ မှတ်ထားစေချင်ပါတယ်။

"ကင်းထောက်များဟာ ဖြောင့်မတ်တယ်ဆိုတာ ဒါပါပဲ၊ နံပါတ်တစ်က ကိုယ့်ကိုယ်ကိုယ် ဖြောင့်ဖြောင့်မတ်မတ်ရှိစေရမယ်၊ ဒီအသင်းအဖွဲ့ထဲကို ဝင်လာတာဟာ ပျော်ပျော်ရွှင်ရွှင် ကိုယ့်ရဲ့အသင်းသားတွေနဲ့နေဖို့၊ ထိုင်ဖို့၊ သွားဖို့၊ လာဖို့၊ လုပ်ဖို့၊ ကိုင်ဖို့ဆိုတာ မှန်ပါတယ်။ ဒါပေမယ့် အဲဒါချည်းလည်း မဟုတ်ပါဘူး။ ပိုပြီးတော့ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်လာအောင် ဝင်တာဆိုပြီးတော့ အဲဒီလို မှတ်သားထားစေချင်ပါတယ်။

"ကျွန်မတို့ နိုင်ငံက နိုင်ငံသူ နိုင်ငံသားများအားလုံး ကလေးသူငယ်ကနေစပြီးတော့ လူကြီးတွေအထိ တန်ဖိုးရှိတဲ့ လူသားတွေ ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ နိုင်ငံသူ နိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်း တန်ဖိုးရှိစေချင်တယ်ဆိုတာဟာ အင်မတန်မှကြီးကျယ်တဲ့ မျှော်မှန်းချက်ဖြစ်တယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ဘယ်လောက်ကြီးကျယ်တဲ့ မျှော်မှန်းချက်ဖြစ်ဖြစ် တကယ့်ကို ဆန္ဒရှိရှိနဲ့ အောင်မြင်အောင် ရအောင်ယူရင် ရနိုင်ပါတယ်၊ ဒီမျှော်မှန်းချက်ကို အကောင်အထည်ဖော်လို့ ရပါတယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ ကင်းထောက်ကလေးများဟာ သေသေချာချာမှတ်ထားပါ။ ကင်းထောက်ထဲကို ဝင်တယ်ဆိုတာဟာ ဘာကြောင့်ဝင်တာလဲဆိုတာ ကိုကိုယ့်ကိုယ်ကိုယ် ပြန်ပြီးတော့ သုံးသပ် ပါ၊ မိဘတွေက ဝင်ခိုင်းလို့ ဝင်တာပဲဖြစ်ဖြစ်၊ ဆရာသမားတွေက ဝင်ခိုင်းလို့ဝင်တာပဲဖြစ်ဖြစ် ဒီအသင်းအဖွဲ့ထဲကိုဝင်ပြီဆိုမှ ဒီအသင်းအဖွဲ့ရဲ့ တန်ဖိုးရှိတဲ့ လူတစ်ယောက်အနေနဲ့ ရပ်တည်နိုင်အောင် ကြိုးစားကြပါ။ အဲဒီလို ကြိုးစားမှသာလျှင် ဒီအသင်းအဖွဲ့ထဲကို ဝင်ရကျိုးနပ်မှာ ဖြစ်ပါတယ်။

မှန်မှန်ကန်ကန်လုပ်ကြ

"ကျွန်မတို့ လူကြီးတွေအနေနဲ့လည်း ကလေးများကို ဒီလိုပဲ သင်ပေးစေချင်ပါတယ်။ အလုပ်တစ်ခု လုပ်တယ်ဆိုတာ အပေါ်ယံကြော ပေါ့ပေါ့နဲ့လုပ်လို့ မဖြစ်ပါဘူး။ လေးလေးနက်နက်နဲ့ လုပ်ရမှာ ဖြစ်ပါတယ်။ အစကတည်းက ဒီအလုပ်ကို မလုပ်ချင်ရင် မလုပ်ပါနဲ့၊ လုပ်ပြီဆိုရင် လေးလေးနက်နက်နဲ့ မှန်မှန်ကန်ကန် လုပ်ကြပါလို့ ကျွန်မအနေနဲ့ တိုက်တွန်းချင်ပါတယ်။

"ဒီနေ့အခမ်းအနားကို ဖြစ်မြောက်အောင်လုပ်ပေးတဲ့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်ကလည်း ငယ်ငယ်တုန်းက ကိုယ်တိုင်က ကင်းထောက်တစ်ဦးဖြစ်ခဲ့ပါတယ်။ ကျွန်မတို့လည်း ငယ်ငယ်တုန်းက ကင်းထောက်တစ်ဦး ဖြစ်ခဲ့ဖူးပါတယ်။ ဘယ်လိုကင်းထောက်အနေနဲ့ ရပ်တည်ခဲ့တယ်ဆိုတာ ကျွန်မတို့အကုန်လုံး သိပါတယ်။ ဒီလိုကင်းထောက်အဖွဲ့အစည်းထဲမှာ နေခဲ့လို့ ဘယ်လိုအကျိုးအမြတ်တွေ ဖြစ်ခဲ့တယ်ဆိုတာလည်း ကျွန်မတို့ သိပါတယ်။ ဒီအကျိုးအမြတ်တွေကို ကျွန်မတို့ရဲ့ လူငယ်များ အခုခေတ်သစ်လူငယ်များနဲ့ မျှဝေချင်လို့ ကျွန်မတို့ အခု ကင်းထောက်အသင်းထဲမှာ ဝင်ပြီးတော့ လှုပ်ရှားနေတာပါ၊ အဲဒီတော့ ကင်းထောက်မောင်မယ်များဟာလည်း ကိုယ့်ရဲ့တန်ဖိုးတွေ တစ်နိုင်ငံလုံးကို ပြန့်ပွားအောင်လို့ ကြိုးစားကြပါ။ ကင်းထောက်ထဲဝင်ပြီးတော့ ဘာ့ကြောင့် လုပ်တယ်ဆိုတာလည်း ဘယ်တော့မှ မမေ့ပါနဲ့လို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ကင်းထောက်အမျိုးသမီးငယ်များက "ငြိမ်းချမ်းရေး၏ သံတမန်များ" သီချင်းဖြင့် သရုပ်ပြဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ကင်းထောက်မောင်မယ်များ၊ ကင်းထောက်လူငယ်များနှင့်လည်းကောင်း၊ ကင်းထောက်အဖွဲ့ချုပ်နာယကများဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကင်းထောက်ဖွဲ့စည်းပြီးသည့် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်ကင်းထောက်အဖွဲ့ဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက်ချုပ်၊ မြန်မာနိုင်ငံအမျိုးသမီး ဒုတိယကင်းထောက်ချုပ်၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ ကင်းထောက်ဆရာ၊ ဆရာမများ၊ တက္ကသိုလ် ကင်းထောက်လူငယ်မောင်မယ်များနှင့် လည်းကောင်း၊ ကင်းထောက်အဖွဲ့ချုပ် နာယကများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံ ကင်းထောက်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ကိုယ်ပိုင်ပညာရေးကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် တာဝန်ရှိသူများ၊ ကင်းထောက်နည်းပြများ၊ ကြီးကြပ်များ၊ ဆရာ၊ ဆရာမများနှင့် လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် မြန်မာနိုင်ငံကင်းထောက်အကြီးအကဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်အား ကင်းထောက်ဘင်ခရာအဖွဲ့က အလေးပြုကြသည်။

လက်တွေ့သင်ကြားနေမှုကြည့်ရှု

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အနုပညာဦးစီးဌာန အနုပညာ အထက်တန်းကျောင်း(မန္တလေး)သို့ ရောက်ရှိပြီး ပန်းချီ၊ ပန်းပုဌာနခွဲ ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သင်ကြားနေမှုကို လည်းကောင်း၊ ပန်တျာဌာနခွဲ အက၊ စောင်း၊ ဆိုင်း၊ စန္ဒရား လက်တွေ့သင်ကြားနေမှုများကို လည်းကောင်း လိုက်လံကြည့်ရှုကာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ကျောင်းဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယဉ်ကျေးမှုအမွေအနှစ်များ တန်ဖိုးထား

အနုပညာဦးစီးဌာန အနုပညာအထက်တန်းကျောင်း(မန္တလေး) ကို ၁၉၉၃ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်တွင် ပန်းချီ ပန်းပုအနုပညာရှင်မျိုးဆက်များ၊ သဘင်အနုပညာရှင်မျိုးဆက်များ ပေါ်ထွန်းလာရေး၊ မြန်မာပန်းချီပန်းပုပညာရပ်နှင့် သဘင်အနုပညာရပ်များအား လေးစားတန်ဖိုးထား၍ ထိန်းသိမ်းလာစေရေး၊ မိမိတို့တတ်ကျွမ်းသည့် ပန်းချီပန်းပုအနုပညာရပ်များ၊ သဘင်ပညာရပ်များအား မပျောက်ပျက်အောင် လက်ဆင့်ကမ်းသင်ကြားမည့် လူငယ်များမွေးထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်တွင် အနုပညာရှင်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေး၊ မြန်မာရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား တန်ဖိုးထား၍ ထိန်းသိမ်းလာစေရေးနှင့် တိုးတက်ပြန့်ပွားဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တည်ထောင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းတွင် အဓိကဘာသာရပ်အဖြစ် အက၊ ဆိုင်း၊ နှဲ၊ တယော၊ စန္ဒရား၊ စောင်း၊ အခြေခံပန်းချီ၊ စီးပွားရေးပန်းချီ၊ ရသပန်းချီ၊ ပန်းပုနှင့် စာပေဘာသာရပ်များကိုပါ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ညနေပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မန္တလေးတောင်တော်သို့ရောက်ရှိပြီး ဆုတောင်းပြည့်ဘုရားအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် ဆုတောင်းပြည့်ဘုရားအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းပြီး မန္တလေးတောင်တော်ပေါ်မှ မန္တလေးမြို့ စိမ်းလန်းစိုပြည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို ကြည့်ရှုသည်။

သတင်းစဉ်

နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၆

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားနည်းနေသည်။

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

ချယ်ရီ FM ၁၀ နှစ်ပြည့်အထိမ်းအမှတ် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံသို့ အလှူငွေကျပ်သိန်း ၁၀၀ ကျော် လှူဒါန်း

ပင်းတယ ဩဂုတ် ၁၆

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံသုံးပစ္စည်းများ ဝယ်ယူရန်အတွက် ချယ်ရီ FM ၁၀ နှစ်ပြည့် အထိမ်းအမှတ် အဖြစ် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချယ်ရီ FM မှ တာဝန်ရှိသူတစ်ဦးက အလှူငွေပေးအပ်လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံကြီးနှင့် ပွေးလှတိုက်နယ်၊ မိုင်းအင်တိုက်နယ် ဆေးရုံတို့အတွက် ဆေးရုံသုံးပစ္စည်းများ ဝယ်ယူရန် အလှူငွေကျပ် ၁၁၃ သိန်းကို ချယ်ရီ FM တေးရေး ကိုဇဝါက ပေးအပ်လှူဒါန်းရာ မြို့နယ်ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာ မျိုးသက်နိုင်က လက်ခံရယူပေးခဲ့ပြီး မြို့နယ်ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာဥမ္မာဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ချယ်ရီ FM အဖွဲ့သားများက ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသနေသည့် လူနာများကိုလည်း ဖြည့်စွက်အာဟာရ မုန့်များကို ပေးဝေခဲ့ကြကြောင်း သိရသည်။

ခင်မျိုးနွယ်(ပင်းတယ)

ချယ်ရီ FM တေးရေး ကိုဇဝါ ပင်းတယမြို့နယ်ပြည်သူ့ဆေးရုံ လက်ထောက်ဆရာဝန် ဒေါက်တာ မျိုးသက်နိုင်ထံ အလှူငွေပေးအပ်စဉ်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့ စာရေးဆရာ၊ ဆရာမများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စာရေးဆရာများ မိတ်ဆုံညစာစားပွဲကျင်းပ

မန္တလေး ဩဂုတ် ၁၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် စာရေးဆရာများ မိတ်ဆုံညစာစားပွဲကို ယနေ့ ညနေ ၆ နာရီတွင် မန္တလေးမြို့ သိပ္ပံလမ်းရှိ မန္တလေးကွန်ဗင်းရှင်းစင်တာ(MCC)၌ ကျင်းပသည်။

မိတ်ဆုံညစာစားပွဲ မစတင်မီ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စာရေးဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စာပေနှင့်နှီးနွှယ်သည့် အကြောင်းအရာများကို အပြန်အလှန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့သည် စာရေးဆရာ၊ ဆရာမများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ကဗျာရေးသည့်ပုဂ္ဂိုလ်ပိုများ

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အမှာစကားပြောကြားရာတွင် ယနေ့ မန္တလေးသို့လာရောက်ပြီး အထက်မြန်မာနိုင်ငံမှ စာပေပညာရှင်များနှင့် တွေ့ရသည့်အတွက် အလွန်ဝမ်းသာမိပါကြောင်း၊ ယနေ့ မိမိအနေဖြင့် သတိပြုမိသည်မှာ မန္တလေးသည် ကဗျာဆရာများ များပြားသည်ကို တွေ့ရပါကြောင်း၊ အထက်မြန်မာနိုင်ငံက ကဗျာစပ်သည့်နေရာတွင် ဘယ်နေရာနှင့်မျှ မတူပါကြောင်း၊ ဆောင်းပါး၊ ဝတ္ထုရေးတာတို့ထက် ကဗျာရေးသည့်ပုဂ္ဂိုလ်က အင်မတန်ပိုများပါကြောင်း၊ ကာတွန်းရေးသူလည်း ဒီလောက်မများပါကြောင်း၊ ဘာကြောင့်မန္တလေးက ကဗျာဆန်ပါလိမ့်ဟု စဉ်းစားမိပါကြောင်း။

ယနေ့ စာပေလောကမှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံစဉ် ဘာအကြောင်းပြောရင်ကောင်းမလဲဟု စဉ်းစားမိပါကြောင်း၊ စဉ်းစားတော့ ပညာရှင်ကြီးတစ်ဦး ပြောကြားခဲ့ဖူးသည်မှာ လောကကြီးတွင် တော်လှန်ရေးအမျိုးအပြားရှိသည့်အနက် လူသားများ၏ဘဝကို အများဆုံးပြောင်းလဲစေသည့် တော်လှန်ရေးသည် စာရေးသားတတ်သွားသည့် တော်လှန်ရေးဖြစ်သည်ဟု မှတ်ချက်ချခဲ့သည်ကို ပြောလိုပါကြောင်း၊ စာပေရေးသားနိုင်သည့် အခြေအနေသို့ရောက်ရှိလာပါက လူသားများ၏ ဘဝသည် များစွာ အင်မတန်မှ ပြောင်းလဲသွားပါကြောင်း။

စိတ်ဓာတ်တော်လှန်ရေးအတွက် အဓိကကျ

စာရေးသားခြင်းမှာ လူ့လောကကြီးကို များစွာပြောင်းလဲသွားစေပါကြောင်း၊ နက်နက်နဲနဲစဉ်းစားတတ်ရန်မှာ စာရေးတတ်မှ ရရှိနိုင်ပါကြောင်း၊ ရှေးယခင်က ရသစာပေအတွက် ကဗျာ၊ ဝတ္ထုများကို နှုတ်တိုက်သင်ကြား၍ရသော်လည်း နက်နဲစွာတွေးခေါ်ရေးသားနိုင်ရန်အတွက် အမှန်တကယ် လက်တွေ့ရေးသားမှရနိုင်ကြောင်း၊ စာရေးခြင်းဆိုသည်မှာ လူသားများအတွက် အင်မတန်အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပါကြောင်း၊ စာပေသည် လူသားများ၏ အရေးအကြီးဆုံးဖြစ်သည့် စိတ်ဓာတ်တော်လှန်ရေးအတွက် အဓိကကျသည်ဟု ပြောကြားလိုပါကြောင်း၊ အဆိုပါ စိတ်ဓာတ်တော်လှန်ရေးကို အများဆုံး ပံ့ပိုးမှုပေးသည်မှာ ရသစာပေဖြစ်ပြီး ဒဿနိကစာပေ၊ သမိုင်းစာပေနှင့် နိုင်ငံရေးစာပေများ ပါဝင်ပါကြောင်း၊ သို့သော်လည်း ကဗျာများသည် လူသားများ၏ စိတ်ဓာတ်ကို ဆွဲဆောင်အား အကောင်းဆုံးဖြစ်သည်ဟု ယုံကြည်ပါကြောင်း၊ ကဗျာစာပေသည် ကျယ်ပြန့်ပါကြောင်း။

စာပေရေးသားခြင်းသည် အရေးကြီးပါကြောင်း၊ အရေးကြီးသည့်အတွက် ဂရုတစိုက် အသုံးပြုစေလိုပါကြောင်း၊ ယင်းအတွက် ပါရမီအရည်အချင်းများကို တန်ဖိုးထား၍ ဂရုစိုက်လုပ်ဆောင်စေလိုကြောင်း၊ မိမိတို့အနေဖြင့် လူသားများရှိနေသမျှ မိမိကိုယ်မိမိ တန်ဖိုးရှိစေရန် ရုန်းကန်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ရုန်းကန်လှုပ်ရှားနေမှသာ တိုးတက်မှုရှိလာမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စာရေးဆရာများနှင့် မိတ်ဆုံညစာစားပွဲတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

လူသာမက မည်သည့်အရာမဆို အမြဲထာဝရ မလှုပ်မရှား မပြောင်းလဲဘဲ ရှိမနေပါကြောင်း၊ ဆုတ်ယုတ်မှု မရှိစေဘဲ ကောင်းမွန်သည့်ဘက်သို့ ပြောင်းလဲရေးအတွက် ကြိုးစားရန်မှာ တာဝန်အရမဟုတ်ပါကြောင်း၊ လူသားများရှင်သန်ရေးအတွက် အရေးကြီးသည်ဟု မိမိအနေဖြင့် တွေးခေါ်ပါကြောင်း၊ မိမိနိုင်ငံ မဖွံ့ဖြိုး မတိုးတက်သေးသည်ကို အားလုံးက ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းလုပ်ဆောင်သွားရန် တာဝန်ရှိသည်ဟု ယုံကြည်ပါကြောင်း။

ယခုလိုတွေ့ဆုံခိုက်တွင် မေတ္တာရပ်ခံလိုသည်မှာ မိမိတို့နိုင်ငံတိုးတက်စေရန် နိုင်ငံသူ နိုင်ငံသားများ စိတ်ဓာတ်မြင့်မားလာစေရေးနှင့် တန်ဖိုးရှိသော လူ့အသိုင်းအဝိုင်း ဖြစ်လာစေရန် စာပေပညာရှင်များက တတ်နိုင်သည့်ဘက်မှ ကူညီပေးကြပါရန်နှင့် အားလုံး နိုင်ငံအတွက် အကူအညီပေးကြပါ။ ကူညီပေးရမည့် အချိန်အခါဖြစ်သည့်အတွက် ပေးအပ်သည့် အကူအညီများသည် အမှန်တကယ် တန်ဖိုးရှိပါကြောင်း ပြောကြားသည်။

ရည်ရွယ်ချက် ရှင်းလင်းပြောကြား

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မိတ်ဆုံညစာစားပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

စာရေးဆရာ ဆရာညီပုလေး ကျေးဇူးတင်စကားပြောကြားစဉ်။

စာရေးဆရာမ ဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့) ကျေးဇူးတင်စကားပြောကြားစဉ်။

ထို့နောက် စာရေးဆရာ၊ ဆရာမများကိုယ်စား စာရေးဆရာ ဆရာညီပုလေးနှင့် ဆရာမ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)တို့က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စာရေးဆရာ၊ ဆရာမများနှင့် ညစာအတူတကွ သုံးဆောင်သည်။

ညစာသုံးဆောင်မှုအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မှတ်တမ်းတင်ဓာတ်ပုံအား ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က စာရေးဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ညစာစားပွဲသို့ စာရေးဆရာ၊ ဆရာမများဖြစ်ကြသည့် ကိုလေး(အင်းဝဂုဏ်ရည်)၊ ခင်ခင်ထူး၊ မောင်သစ်လွင်(လူထု)၊ ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ ညီပုလေး၊ ရဲသျှမ်း၊ မောင်ဘနောက်၊ ဆူးငှက်၊ နေဝင်းမြင့်၊ စိုးဘားဒိုင်၊ စိုးနိုင်(မန္တလေးတက္ကသိုလ်)၊ ယဉ်ယဉ်နှောင်း၊ မေမောင်၊ မင်းတင်ထွဏ်း၊ သင့်နော်၊ စိန်မြင့်(ရွှေချည်ထိုး)၊ ဇော်ခိုင်ဦး၊ မိဆွေ၊ ဖြူဖြူဝင်း (မြန်မာစာ)၊ ဒေါ်မမနိုင်(ရုပ်သေး)၊ အောင်မော်(ကာတွန်း)၊ မောင်ကြည်သော်(ကောလင်း)၊ မောင်ရဲခိုင်၊ ဝိုင်၊ မောင်သင်းဝေ၊ သျှိုင်းရဲဝင့်၊ ခင်အောင်ဝင့်၊ မောင်စိုးသစ်၊ ဘိုလ်သိန်း၊ မောင်ဆွေသစ်၊ မြတ်မင်းသူ၊ k မြနွယ်၊ ကာတွန်းဝေယံ၊ ခင်သစ်နှင်း၊ ဒေါက်တာဇော်ထွန်း (အင်္ဂလိပ်စာ)၊ ကျော်ရင်မြင့်၊ မကို၊ ရွှေဉာဏ်ဇော်၊ ရွှေနောင်ရိုး၊ ချစ်စရာ၊ ကလင့်၊ ထက်ငြိမ်းဝေ၊ ခြိမ့်သဲ၊ ခိုင်ခန့်ဇော်၊ မေဇော်၊ မိုသျှမ်း၊ ခရမ်းပြာ၊ နန္ဒာမင်းလွင်(စစ်ကိုင်း)၊ အနှစ်(နဘူးအိုင်)၊ မျိုးသူရ(စစ်ကိုင်း)၊ မြင့်ခေါင်ကြည်၊ မောင်မျက်ရှင်(စစ်ကိုင်း)၊ မောင်ထိန်ဝင်း(မန္တလေး)၊ စံငြိမ်းဦး၊ နန်းရှေ့နေစိုးဝင်း၊ ဦးအုန်းငွေ၊ မောင်လှိုင်မွှေး၊ မောင်အောင်ဝင်း(မန်း)၊ မျိုးဝင်း(မဟာနန္ဒာ)၊ မောင်သင်းပန်၊ ထိုက်မောင်၊ ထွန်းလွင်သွယ်(ခ) ဆူးဖြူရိပ်၊ မင်းနဒီခ၊ ထွန်းသွေးအိမ်၊ နေမျိုး၊ မောင်နီဦး၊ မင်းကျော်သက်၊ မျိုးခင်(ထန်းရိပ်ညို)၊ မောင်နွေထက်၊ စန်းယုကျော်၊ ဝင်းမောင်(သမိုင်း)၊ သန်းနိုင်ဦး၊ ခင်မောင်နိုင်ဦး၊ မောင်နိုင်လင်း (ကောလင်း)၊ နှောင်(ရှုပ)၊ U.T.K၊ မိုးရင့်ကြယ်၊ ကြည်ဇော်အေး၊ မင်းဆွေနှစ်၊ မင်းထက်ငြိမ်းချမ်း၊ မောင်ဖူလုံ(ပုသိမ်ကြီး)၊ ကိုထက်(ရေဦး)၊ ဥက္ကာကျော်၊ လွှမ်းမောင်မောင်နှင့် ဦးလှသောင်း R.M.C.G စုစုပေါင်း ၈၅ ဦး တက်ရောက်ကြသည်။

သုံးကြိမ် ကျင်းပပြီးစီး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စာရေးဆရာများ မိတ်ဆုံညစာစားပွဲကို စုစုပေါင်း သုံးကြိမ် ကျင်းပပြီးစီးခဲ့ပြီး နေပြည်တော်တွင် တစ်ကြိမ်၊ ရန်ကုန်တွင် တစ်ကြိမ်နှင့် မန္တလေးတွင် တစ်ကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ **သတင်းစဉ်**

အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းရကြောင်း အဆိုတင်သွင်း

နေပြည်တော် ဩဂုတ် ၁၆

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းရပါကြောင်း အဆိုတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်က **"၂၀၁၉ ခုနှစ် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်နှင့် နောင်ချိုမြို့နယ်အတွင်းရှိ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဂုတ်တွင်းလုံခြုံရေးစခန်း၊ တိုးဂိတ်များနှင့် မူးယစ်ဆေးဝါးစစ်ဆေးရေးဂိတ်၊ နယ်မြေခံတပ်ရင်းဌာနချုပ်တစ်ခုတို့အား အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရ၊ သေဆုံးမှုဖြစ်ပြီး အဆောက်အဦ၊ ယာဉ်၊ စက်များနှင့် ဂုတ်တွင်းတံတား ပျက်စီးဆုံးရှုံးခဲ့ကြောင်းသိရသဖြင့် အဆိုပါ အကြမ်းဖက်သောင်းကျန်း**

ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်

လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း

သူများ၏ လုပ်ရပ်များအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်းနှင့် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ထိခိုက်၊ ဒဏ်ရာရ၊ သေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းရပါကြောင်း" အဆိုကို တင်သွင်းသည်။

ဦးစတီဖန်က အဆိုတင်သွင်းရာတွင် တပ်မတော်နည်းပညာတက္ကသိုလ်၊ နောင်ချိုမြို့နယ်ရှိ ဂုတ်တွင်းရဲစခန်း၊ ကျောက်မဲမြို့အထွက် နောင်ချိုတိုးဂိတ်၊ မူးယစ်ဆေးဝါးစစ်ဆေးရေးဂိတ်နှင့် နယ်မြေခံတပ်ရင်းဌာနချုပ်တစ်ခုတို့အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်နှောင့်ယှက် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကနဦးသတင်းများအရ ပြင်ဦးလွင်တွင် တပ်မတော်သားတစ်ဦးနှင့် အရာရှိဇနီးတစ်ဦး ဒဏ်ရာရရှိပြီး အရပ်သားဝန်ထမ်းတစ်ဦး သေဆုံးသည်ဟု ကြားသိရပါကြောင်း၊ ဂုတ်တွင်းရဲစခန်းနှင့် ကျောက်မဲအထွက် နောင်ချိုတိုးဂိတ်တွင် တပ်မတော်သားနှစ်ဦးကျဆုံးခဲ့ပြီး အရပ်သားတစ်ဦးသေဆုံးခဲ့ကြောင်း၊ ဂုတ်တွင်းရဲစခန်းတွင် တပ်မတော်သားခုနစ်ဦးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သုံးဦးကျဆုံးခဲ့ပြီး အရပ်သားယာဉ်မောင်းတစ်ဦး သေဆုံးခဲ့သည်ဟု သိရှိရပါကြောင်း။

သေဆုံး၊ ဒဏ်ရာရစာရင်းများအနေဖြင့် အပြောင်းအလဲရှိနိုင်ပါကြောင်း၊ ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ်အား အဆိုပါကျောင်း၏ အရှေ့ဘက် ပြင်ဦးလွင်-လားရှိုးကားလမ်း၏ အရှေ့ဘက်ခြမ်းမှ (၁၀၇ မမ) ရှော့တိုက်ဒုံးသီးများဖြင့် လည်းကောင်း၊ အေးရှားဝေါတိုးဂိတ်နှင့် အဆိုပါတိုးဂိတ်ရှိ မူးယစ်ဆေးဝါးစစ်ဆေးရေးဂိတ်တို့အား မော်တော်ယာဉ်တစ်စီးပေါ်မှ အရပ်ဝတ် ဝတ်ဆင်ထားသူနှစ်ဦးက အာရ်ပီဂျီဖြင့် လည်းကောင်း၊ ဂုတ်တွင်းရဲစခန်း၊ နောင်ချိုတိုးဂိတ်နှင့် နယ်မြေခံတပ်ရင်းဌာနချုပ်အား နံနက် ၅ နာရီခွဲခန့်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း တိုက်ခိုက်ခံခဲ့ရကြောင်း၊ ပစ်ခတ်ရခြင်းမရှိသေးသည့် ဒုံးများကိုလည်း သိမ်းဆည်းရမိကြောင်း သိရသည့်အတွက် ထိုဒုံးများ အားလုံးပစ်ခတ်နိုင်ပါက သေကျေပျက်စီးမည်မှာ မတွေးဝံ့နိုင်စရာပင်ဖြစ်ပါကြောင်း၊ ထို့ပြင် ဂုတ်တွင်းတံတားတွင်လည်း ယာဉ်များသွားလာ၍ မရတော့အောင် မိုင်းခွဲဖျက်ဆီးခံခဲ့ရသည်ဟု ကြားသိရပါကြောင်း။

တပ်မတော်အနေဖြင့် အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာထားခဲ့ပြီး အပစ်အခတ်ရပ်စဲရေး ကာလအတွင်း ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် များစွာထိခိုက်

မြန်မာနိုင်ငံ၏ စီးပွားရေးလမ်းမကြီးဖြစ်သည့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယခုကဲ့သို့ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်မှုသည် ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်အကျိုးစီးပွားတို့အတွက် များစွာထိခိုက်လာပါကြောင်း၊ တပ်မတော်အနေဖြင့် အပစ်အခတ်ရပ်စဲရေးကို တစ်ဖက်သတ်ကြေညာထားခဲ့ပြီး အပစ်အခတ်ရပ်စဲရေးကာလအတွင်း ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှုများသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် များစွာထိခိုက်သည်ကို အားလုံးသိပြီးဖြစ်ပါကြောင်း၊ တပ်မတော်ဘက်မှ စတင်တိုက်ခိုက်မှုမျိုးကို ရှောင်ရှားခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးရန်နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ချိမှုများကို ဖော်ထုတ်ဖမ်းဆီးမှုလုပ်ငန်းများသာ လုပ်ဆောင်လျက်ရှိသည်ဟု သိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေ

ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ

ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ

ဖြင့် ယခု အကြမ်းဖက်တိုက်ခိုက်မှုအား ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်နှင့် အကျိုးစီးပွားကို မျှော်ကိုးပြီး လက်ရှိအစိုးရအပေါ် ပြည်သူလူထုမှ ယုံကြည်ကိုးစားစေရန် ဆောင်ရွက်သင့်သည်ဟု ထင်မြင်ယူဆပါကြောင်း။

ယခုကဲ့သို့ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်လာသည့်အတွက် ပြည်ထောင်စုအစိုးရအနေဖြင့် AA၊ TNLA၊ MNDAA အဖွဲ့များအား အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထုအကျိုးစီးပွားအတွက် လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ပေးနိုင်ပါရန်နှင့် ထိခိုက်ဒဏ်ရာရ သေဆုံးသူများအတွက် ကြေကွဲဝမ်းနည်းစွာ အဆိုတင်သွင်းပါကြောင်း ပြောကြားသည်။

ထို့နောက် မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်က ဦးစတီဖန်၏ အဆိုကို ထောက်ခံဆွေးနွေးပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ပြည်သူလူထုအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ထိခိုက်မှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ယင်းနောက် ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၏ **"ဖားဆောင်းမြို့နယ် မော်ချီးဒေသ လိုခါးလို ကွက်သစ်အမှတ် (၃)လုပ်ကွက်အတွင်းရှိ သတ္တုကျင်းများကို အရေးပေါ်အမြန်ဆုံး ပိတ်သိမ်းပေးရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဖားဆောင်းမြို့နယ် မော်ချီးဒေသ လိုခါးလိုကွက်သစ် အမှတ်(၃) လုပ်ကွက်အတွင်းရှိ ဒေသအခေါ်အဝေါ်အရ ပေါင်မုန့်တုံးပုံစံကျောက်တောင်အောက်တွင် သတ္တုတူးဖော်ထုတ်လုပ်နေသူများသည် လက်ရှိခွင့်ပြုချက်ရရှိထားသည့် ကုမ္ပဏီကမဟုတ်ဘဲ ဒေသခံအချို့နှင့် ရွှေ့ပြောင်းလုပ်သားများက တားမြစ်ခြင်းကို မလိုက်နာဘဲ တဲငယ်များထိုး၍ ဝင်ရောက်နေထိုင်ပြီး တရားမဝင် သတ္တုတူးဖော်နေမှုများကြောင့် မြေပြိုကျမှုဘေးအန္တရာယ် ကင်းဝေးစေရန်အလို့ငှာ ဒေသအာဏာပိုင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီတို့ပူးပေါင်းကာ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုအပေါ် ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းနှင့် ထိခိုက်မှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပေါင် မဲဆန္ဒနယ်မှ မိကွန်ချမ်း၏ **"ပေါင်မြို့နယ်အတွင်းရှိ ရေစီးရေလာ ကောင်းမွန်သော ချောင်း၊ မြောင်းများကို မြေဖို့ကျူးကျော်ပြီး အကွက်ချရောင်းချခြင်းကြောင့် သဘာဝအရင်းအမြစ်များ ပျောက်ဆုံးသွားနိုင်သည့်ဘေးမှ မည်သို့ကာကွယ်ထိန်းသိမ်းပေးရန်နှင့် ကျူးကျော်သူများကို ဥပဒေနှင့်အညီ မည်သို့ထိရောက်စွာ အရေးယူမည်တို့ကိုသိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မွန်ပြည်နယ် ပေါင်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွင်းရှိ ချောင်းနှင့်မြောင်းများ၏ မူလရေးယာပေါ်သို့ ရေစီးရေလာ နှောင့်နှေးစေသည့် တိုးချဲ့ကျူးကျော်ဆောက်လုပ်ထားသော နေအိမ်များ၊ အိမ်ခြံမြေများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် ကျူးကျော်ရှင်းလင်းရေး မြို့နယ်ကြီးကြပ်မှုကော်မတီကို ပေါင်မြို့နယ် စီမံခန့်ခွဲမှုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း။

အဆိုပါကော်မတီသည် ချောင်း၊ မြောင်းများ၏ မူလရေးယာပေါ်သို့ တိုးချဲ့ကျူးကျော်ဆောက်လုပ်ထားသော နေအိမ်များ၊ အိမ်ခြံမြေများကို ရှင်းလင်းဖယ်ရှားအရေးယူဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပေါင်မြို့နယ်အတွင်းရှိ သဘာဝရေအရင်းအမြစ်များ၊ မြစ်၊ ချောင်း၊ မြောင်း ပျောက်ဆုံးသွားနိုင်သည့်ဘေးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေးအတွက် အရေးယူဆောင်ရွက်လျက်ရှိ

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ သဘာဝရေအရင်းအမြစ်များ၊ မြစ်၊ ချောင်း၊ မြောင်း ပျောက်ဆုံးသွားနိုင်သည့်ဘေးမှ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ပေးနိုင်ရေးအတွက် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဒေသအာဏာပိုင်များနှင့် ပူးပေါင်းညှိနှိုင်း၍ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **"စေတုတ္တရာမြို့၌ ဆီမီးချောင်းရေတိုက်စား နစ်မြုပ်မှုမှ ကာကွယ်ရန်အတွက် ရေကာတာတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းဖြေကြားသည်။

အလားတူ ဗန်းမောက်မဲဆန္ဒနယ်မှ ဦးကျော်စိုး၏ **"ဗန်းမောက်-ဝန်းသို မြို့နယ်ချင်းဆက် လမ်းပေါ်တွင်ရှိသော အောင်သာကုန်းချောင်းကူးတံတား၊ ကန်တော်ရွာအနီး သဲဖြူချောင်းကူးတံတားနှင့် မင်းကုန်းရွာအနီး ချောင်းကူးတံတားများအား မည်သို့စီမံချက်ချမှတ်၍ ဆောင်ရွက်ပေးမည်ကိုသိလိုခြင်း"** မေးခွန်း၊ မိုင်းရယ်မဲဆန္ဒနယ်မှ

ဒုတိယဝန်ကြီး ဦးကျော်မျိုး

ပေါင်မဲဆန္ဒနယ်မှ မိကွန်ချမ်း

ဦးစိုင်းသီဟကျော်၏ **"မိုင်းရယ်မြို့နယ်အတွင်း လမ်းအပိုင်းများနှင့် တံတားလုပ်ငန်းများကို သက်ဆိုင်ရာဌာနမှ နှစ်အလိုက်ပြီးစီးရန် လျာထားချက်နှင့် အစီအစဉ်များ မည်ကဲ့သို့ ရေးဆွဲချမှတ်ဆောင်ရွက်လျက်ရှိသည်ကို သိလိုခြင်း** မေးခွန်း၊ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **"တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထိစပ်လျက်ရှိသည့် ဒေသများရှိ ပြည်သူများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လက်တွေ့ကျသည့် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းခြင်း၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းနှင့် မက်မန်း မဲဆန္ဒနယ်မှ ဦးတင်အေး၏ **"မက်မန်းမြို့နယ်ရှိ နမ့်ကျွတ်-ပန်ကောက်-ရောင်ပန်ကျေးရွာများတွင် ကျေးရွာချင်းဆက်မြေသားလမ်း ၁၂ မိုင် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ"**မေးခွန်းများနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်က **"စက်မှုဇုန်ဥပဒေကြမ်း"**အား လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ဥပဒေကြမ်းကော်မတီအဖွဲ့ဝင်က ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းသည့်ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **"စက်မှုဇုန်ဥပဒေကြမ်း"**နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း တင်သွင်းသည့် **"သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုကြောင့် ၂၀၁၉ ခုနှစ် နွေရာသီတွင် ထူးခြားစွာဖြစ်ပေါ်ခဲ့သော ရာသီဥတုပြောင်းလဲလာမှုနှင့် အပူချိန်မြင့်တက်လာမှုဖြစ်စဉ်များကို သုံးသပ်ပြီး အနာဂတ်နိုင်ငံတော်နှင့် နောင်မျိုးဆက်များအပေါ် ကောင်းမွန်သော ပတ်ဝန်းကျင်နှင့် အကျိုးစီးပွားဖြစ်ထွန်းစေရေးတို့အတွက် သဘာဝပတ်ဝန်းကျင်အား ဆိုးရွားစွာထိခိုက်ပျက်စီးနိုင်သော အခြေအနေများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးကာကွယ်ပြီး ပြန်လည်ထူထောင်အားဖြည့်ခြင်းလုပ်ငန်းများအား စနစ်တကျ အရှိန်မြှင့် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုနှင့် စပ်လျဉ်း၍ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်က မိမိတို့ခံစားနေရသည့် သဘာဝဘေးဒုက္ခများကို နောက်မျိုးဆက်များ ဆက်လက်မခံစားရစေရန် သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေသည့်ကိစ္စများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးကာကွယ်ပေးခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် စီမံကိန်းများကို ပြန်လည်သုံးသပ်ခြင်း၊ အနာဂတ်စီမံကိန်းများ ပြန်လည်ထူထောင်ပေးရမည့် ကုန်ကျငွေတို့ကို သေချာစွာချိန်ဆပြီး မှန်ကန်သောစေတနာဖြင့် အဂတိကင်းရှင်းစွာဖြင့် ဆောင်ရွက်သင့်ပါကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ပြန်လည်ထူထောင်အားဖြည့်ခြင်းလုပ်ငန်းများကို စနစ်တကျအရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းဇာနည်ထွေးက နိုင်ငံတစ်နိုင်ငံ၏ အခြေခံသယံဇာတသည် ရေ၊ မြေ၊ တော၊ တောင်နှင့် ရာသီဥတုတို့ဖြစ်ပါကြောင်း၊ တော၊ တောင်များ ပျက်စီးပါက မြေလည်းပျက်၊ ရေလည်းပျက်ကာ ရာသီဥတုလည်း

စာမျက်နှာ ၈ သို့

ကြာအင်းဆိပ်ကြီးမြို့နယ်အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားခွဲရုံတည်ဆောက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ငါးဦးမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ စောယှားဖောင်အွာ၏ **ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့နှင့် ကျိုက်ဒုံမြို့တို့ကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျှပ်စစ်ဓာတ်အားလိုင်းများ အပြီးသတ် သွယ်တန်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်အား ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လက်ရှိ လျှပ်စစ်ဓာတ်အားရောက်ရှိနေပြီဖြစ်သော ကော့ကရိတ်မြို့မှ ကြာအင်းဆိပ်ကြီးမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄၄ မိုင်နှင့် ကြာအင်းဆိပ်ကြီးမြို့တွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘုရားသုံးဆူမြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် စီမံလျာထား

ဘုရားသုံးဆူမြို့ကို ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန်အတွက် လက်ရှိတည်ဆောက်နေဆဲဖြစ်သည့် ၆၆ ကေဗွီ ကြာအင်းဆိပ်ကြီး ဓာတ်အားခွဲရုံမှတစ်ဆင့် ကိုဒူကွဲကျေးရွာသို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၉ မိုင်နှင့် ကိုဒူကွဲကျေးရွာတွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်း၊ ၆၆ ကေဗွီ ကိုဒူကွဲ ဓာတ်အားခွဲရုံမှတစ်ဆင့် ဘုရားသုံးဆူမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၂၆ မိုင် တည်ဆောက်ခြင်း၊ ဘုရားသုံးဆူမြို့တွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်စီမံလျာထားကာ ဘဏ္ဍာငွေခွင့်ပြုချက်ရရှိပါက တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကျိုက်ဒုံမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် စီမံချက်ရေးဆွဲထားပြီးဖြစ်

ထို့ပြင် ကျိုက်ဒုံမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လျာထားသည့် ကော့ကရိတ်မြို့နယ် ကိုးတိုင် ၆၆ ကေဗွီ ဓာတ်အားခွဲရုံမှတစ်ဆင့် ကျိုက်ဒုံမြို့သို့ ၆၆ ကေဗွီ ဓာတ်အားလိုင်း နောက်ထပ် ၄၄ မိုင်နှင့် ကျိုက်ဒုံမြို့တွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေတွင် ဆောင်ရွက်ရန် စီမံချက်ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရရှိပါက ဆက်လက်တည်ဆောက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး၏ **ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့သို့ မဟာဓာတ်အားလိုင်း သွယ်တန်းပေးရန် အစီအစဉ်ရှိ/ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်ကျေးရွာအား နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် လှိုင်းဘွဲ့မြို့တွင်ရှိသည့် ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ ဓာတ်အားခွဲရုံကို ထပ်မံတိုးချဲ့တည်ဆောက်ပြီး လှိုင်းဘွဲ့မှတစ်ဆင့် ရှမ်းရွာသစ်သို့ ၃၃ ကေဗွီလိုင်း ၂၇မိုင် တည်ဆောက်၍ ရှမ်းရွာသစ်မြို့တွင် ၃၃/၁၁ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်မှသာ နည်းပညာအရ သင့်တော်မှန်ကန်သည့် ဆောင်ရွက်မှုတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ လုပ်ငန်းများကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် စီစဉ်လျာထားရေးဆွဲပြီး ဘဏ္ဍာငွေခွင့်ပြုချက်ရရှိသည့်အခါတွင် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ စောယှားဖောင်အွာ

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဒေါ်နန်းမိုးမိုးထွေး

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း

လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား

အလားတူ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ **၂၀၃၀ ပြည့်နှစ်တွင် တစ်ပြည်လုံး မီးလင်းရေး ရည်မှန်းချက်နှင့်အညီ ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိနိုင်ရေး နှစ်အလိုက် မည်ကဲ့သို့ စီမံကိန်းရေးဆွဲထားသည်ကို သိရှိလိုခြင်းမေးခွန်း**၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း (Clean Coal) နည်းပညာကို အသုံးပြု၍ ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ အကောင်အထည်ဖော်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း** နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုး၏ **လျှပ်စစ်ဝန်ထမ်းများလုပ်ငန်းခွင် မတော်တဆ ထိခိုက်နစ်နာ အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်ရေးအတွက် ကြိုတင်ကာကွယ်မှုများ၊ အကာအကွယ်ပစ္စည်းများ အသုံးပြုရန်အတွက် အသိပညာပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်း**များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်နွယ်နွယ်အောင်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အခြေခံပညာရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ**ကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က **စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေကြမ်း**ကို အတည်ပြုရန် အဆိုတင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမြင်းဆွေက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြ

ယင်းနောက် **ငါးမွေးမြူရေးဆိုင်ရာ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးအောင်ကိုမင်းက ဤဥပဒေကြမ်းအား ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား ၁၊ ၂၊ ၅တို့နှင့် ညီညွတ်စေရန် သေချာစွာစိစစ်သုံးသပ်ပြီးမှသာ ပြဋ္ဌာန်းသင့်ပါကြောင်း၊ ဥပဒေကြမ်း၏ အခန်း(၃)၊ ပုဒ်မ ၅ တွင် ဝန်ကြီးဌာနသည် အောက်ဖော်ပြပါမြေနှင့် ရေပြင်များကို ဦးစီးဌာနက သီးသန့်စီမံခန့်ခွဲပိုင်ခွင့်ရှိသည့် ငါးမွေးမြူရေးမြေနှင့် ငါးမွေးမြူရေး ရေပြင်များအဖြစ် သတ်မှတ်နိုင်သည်ဟူ၍ ဖော်ပြထားပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ငါးမွေးမြူရေး စီးပွားရေးလုပ်ငန်းကို ဝင်ရောက်လုပ်ကိုင်နိုင်အောင် ပြဋ္ဌာန်းပေးထားသည့်သဘော သက်ရောက်နေပါကြောင်း၊ ဝန်ကြီးဌာနတစ်ခုသည် ပုဂ္ဂလိကနှင့်အပြိုင် ငါးမွေးမြူရေးကို မဆောင်ရွက်သင့်ပါကြောင်း၊ ဝန်ကြီးဌာနသည် ငါးမွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် စီမံခန့်ခွဲရေး၊ ကွပ်ကဲရေးတို့ကို စနစ်တကျဖြစ်အောင်သာ ဆောင်ရွက်သင့်ပါကြောင်း။

ဥပဒေကြမ်း၏ အခန်း(၄)၊ ပုဒ်မ ၈ တွင် ဦးစီးဌာနက လုပ်ပိုင်ခွင့်များကို အရာရှိတစ်ဦးဦးကို လည်းကောင်း၊ ဦးစီးဌာနမှူးများကိုလည်းကောင်း လွှဲအပ်နိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသောတာဝန်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ နေပြည်တော်ကောင်စီနယ်မြေ၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်ဟု ပြင်ဆင်ရန် တင်ပြအပ်ပါကြောင်း၊ ဥပဒေကြမ်း၏ အခန်း(၅)၊ ပုဒ်မ ၁၀ တွင် ဦးစီးဌာနက တစ်ကြိမ်လျှင် နှစ်(၅၀) ထက်မပိုသည့် အငှားဂရန်ချပေးနိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ သို့ပါ၍ ဦးစီးဌာနဆိုသည့် စကားရပ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ ဝန်ကြီးဌာနဆိုသည့် စကားရပ်အစား ဦးစီးဌာနဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးပြင်ဆင်သင့်ပါကြောင်း။

စကားရပ်အသစ် ဖြည့်စွက်သင့်သည်များဆွေးနွေး

ဥပဒေကြမ်း၏ အခန်း(၆)၊ ပုဒ်မ ၁၅ တွင် သက်ဆိုင်ရာ ဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)နှင့် (ခ)တို့တွင် စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးနိုင်သည်ဟု ဖော်ပြထားပါကြောင်း၊ သက်ဆိုင်ရာ ဦးစီးဌာနမှူးဆိုသည့် စကားရပ်အစား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်အစားထိုးရန် တင်ပြအပ်ပါကြောင်း၊ ဥပဒေကြမ်း၏ အခန်း(၈)၊ ပုဒ်မ ၂၂ တွင် စစ်ဆေးရေးမှူးများသည် အောက်ပါတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ ပုဒ်မခွဲ(ခ)နှင့် (ဃ)တို့တွင် ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းခြင်းဟု ဖော်ပြထားပါကြောင်း၊ သို့ပါသောကြောင့် ပြစ်မှုတစ်ခုခုကို ဖောက်ဖျက်ကျူးလွန်သူများအား သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏ အကူအညီရယူ၍ ဖမ်းဆီးခြင်းနှင့် အရေးယူခြင်းဆိုသည့် စကားရပ်အသစ် ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ **ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ) ဦးမောင်စိုးနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) မှ ဒေါ်နော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး**တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၂ရက် မြောက်နေ့ကို ဩဂုတ် ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်၊ ဟန်လင်းနိုင်

စာမျက်နှာ ၇ မှ

ဖောက်ပြန်လာမည်ဖြစ်ပါကြောင်း၊ သစ်တော သစ်ပင်များသည် လူသားများအပါအဝင် သက်ရှိများအား အရိပ်အာဝါသခိုလှုံရာ၊ အစားအစာနှင့် စွမ်းအင်တို့ကို ပေးနေရုံသာမက သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ရေး၊ ထိန်းသိမ်းရေး၊ ရာသီဥတု ညီညွတ်မျှတရေးတို့အတွက်လည်း အဓိက အထောက်အကူပြုလျက်ရှိသည့်အတွက် သစ်ပင်၊ သစ်တောများ စိုက်ပျိုးထိန်းသိမ်းရန်သည် လူသားတိုင်း၏ တာဝန်ဖြစ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ နိုင်ငံသားများအနေဖြင့် နိုင်ငံပိုင်သစ်တောပြုန်းတီးနေမှုကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည့်အတွက် သစ်များတရားမဝင်ခိုးထုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ သစ်တောများအတွင်း ကျူးကျော်ဝင်ရောက်၍ စိုက်ပျိုးမြေတိုးချဲ့ဆောင်ရွက်ခြင်း၊ မြို့ရွာများ တိုးချဲ့ခြင်း၊ ထင်း၊ မီးသွေး၊ လောင်စာများထုတ်ယူခြင်း စသည်တို့ကို လျော့ပါးသွားအောင် စီမံချက်များ စနစ်တကျရေးဆွဲရန်လိုအပ်ပြီး ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းကူညီပါဝင်ဆောင်ရွက်လာစေရန် လိုအပ်ပါကြောင်း။

နိုင်ငံတော်အတွင်း တရားဝင်နှင့် တရားမဝင်သစ်ခုတ်၊ သစ်ထုတ်လုပ်မှုများကြောင့် သစ်တောသစ်ပင်များ လျော့နည်းမှုများကို ပြန်လည်ဖြည့်တင်း စိုက်ပျိုးနိုင်ရေး အထူးအလေးထား ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ တရားမဝင် သစ်ခိုးထုတ်မှုများကိုလည်း ထိရောက်စွာဟန့်တားအရေးယူ ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အရေးကြီးကိစ္စတစ်ရပ်အဖြစ် ခံယူကာ နိုင်ငံတော်၊ တပ်မတော်၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပြည်သူလူထုများ ပူးပေါင်းလက်တွဲပြီး ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများ စနစ်တကျ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညဏ်လင်း၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာ သန်းအောင်စိုး၊ မော်လိုက်မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး ထွန်းထွန်းဝင်းတို့က ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်သည့်အားလျော်စွာ ကြီးမားကျယ်ပြန့်သည့်အတွက် ဖြေရှင်းဆောင်ရွက်ရာတွင် ကာဗွန်ထုတ်လုပ်မှုမြင့်မားစေမည့် လူတစ်ဦးချင်းစီ၏ အမူအကျင့်နှင့် နေထိုင်မှုပုံစံကို ပြောင်းလဲရန် လိုအပ်သကဲ့သို့ ရန်ပုံငွေ အမြောက်အမြားသုံးစွဲရန်နှင့် နည်းပညာများလည်း လိုအပ်လျက်ရှိပြီး အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းမျိုးဖြစ်သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသည့် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာ၊ ပင်မလုပ်ငန်းအစီအစဉ်များနှင့်အညီ ဆက်စပ်ဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၊ ပြည်သူလူထုများက တက်ကြွစွာပူးပေါင်းပါဝင်ပြီး အရှိန်အဟုန်ဖြင့် ဆောင်ရွက်မှသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်ပါသဖြင့် အဆိုကို လွှတ်တော်က အတည်ပြုပေးပါရန် ရှင်းလင်းပြောကြားသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူမရှိသည့်အတွက် အဆိုကို အတည်ပြုကြောင်း ကြေညာပြီး အစည်းအဝေး ၁၁ ရက် မြောက်နေ့ကို ရပ်နားလိုက်သည်။

သတင်း- မော်စီ၊ မွေးကြူဇင်၊ ဓာတ်ပုံ-ထိုက်ထိုက်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံတွင် ကိုယ်ပိုင်နည်းပညာဖြင့် ထုတ်လုပ်လျက်ရှိသော အလတ်စားခရီးသည်တင် လေယာဉ် MC-21 စမ်းသပ်နေမှုကို သွားရောက် လေ့လာကြည့်ရှု

နေပြည်တော် ဩဂုတ် ၁၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး Army General Sergei Kuzhugetovich Shoigu ၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပလျက်ရှိသည့် International Army Games - 2019 ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာခဲ့ကြပြီး ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander V.Fomin၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကိုကိုရှိန်၊ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက မော်စကိုမြို့ Domodedovo အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Zhukovsky International Airport သို့ သွားရောက်လေ့လာရာ Irkut Coporation မှ Deputy General Director ဖြစ်သူ Mr. Vladimir A.Valkov နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး လေဆိပ်ညွှန်ခန်းမဆောင်၌ ရုရှားနိုင်ငံမှ ထုတ်လုပ်လျက်ရှိသော အလတ်စားခရီးသည်တင် လေယာဉ် MC-21 တည်ဆောက်မှုလုပ်ငန်းစဉ်များ၊ စမ်းသပ်ပျံသန်းလျက်ရှိသည့်အခြေအနေများနှင့် စမ်းသပ်ပျံသန်းရာတွင် စစ်ဆေးရမည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များအား မေးမြန်းဆွေးနွေးခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား Test Pilot ဖြစ်သူ Mr. Oleg Mutovin က MC-21 လေယာဉ်မောင်းခန်းအတွင်းရှိ ပျံသန်းရေးစက်ကိရိယာများ၏ ကိုင်တွယ်အသုံးပြုပုံနှင့် အခြားပျံသန်းရေးစမ်းသပ်ကိရိယာများ၊ လေယာဉ်အတွင်းပိုင်း တည်ဆောက်တပ်ဆင်ထားမှုများအား အသေးစိတ်ရှင်းလင်းပြသရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သိရှိလိုသည်များအား မေးမြန်း၍ လေ့လာကြည့်ရှုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားနိုင်ငံတွင် ထုတ်လုပ်လျက်ရှိသော အလတ်စားခရီးသည်တင် လေယာဉ်အတွင်းပိုင်း တည်ဆောက်တပ်ဆင်ထားမှုများအား ကြည့်ရှုလေ့လာစဉ်။

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း အောင်မြင်စွာတင်သွင်းနိုင်ရေး မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (ပထမအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၁၆

မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း အောင်မြင်စွာတင်သွင်းနိုင်ရေးနှင့် ပတ်သက်၍ မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ်သတ်မှတ်

ရှေးဦးစွာ မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ်သတ်မှတ်ပြီးချိန်တွင် နိုင်ငံတော်အကြီးအကဲများက ပုဂံဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များအား ဆက်လက်ထိန်းသိမ်းရန်မှာကြားခဲ့ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဆိုသည်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့တွင်ရှိသည့် ယူနက်စကို (ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့)က ၁၉၇၂ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် သဘောတူဆုံးဖြတ်ချက်အရ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်နှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက် ပေါ်ထွက်လာခြင်းဖြစ်ပါကြောင်း၊ ၁၉၇၈ ခုနှစ်ကစ၍ ၂၀၁၉ ခုနှစ်အထိ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင်ရှိသည့် အမွေအနှစ် စုစုပေါင်း ၁၁၂၁ ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်များကို အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ရာတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်း၊ ကမ္ဘာ့သဘာဝ အမွေအနှစ်စာရင်းနှင့် ယဉ်ကျေးမှုနှင့် သဘာဝရောနေသည့် အမွေအနှစ်ဆိုပြီး ခွဲခြားသတ်မှတ်ထားပါကြောင်း။

ကမ္ဘာ့ အဆင့်မီစံတန်ဖိုးများ

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ် ဧပြီ ၂၉ ရက်တွင် ကမ္ဘာ့အမွေအနှစ်ကော်မတီဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှစ်ခုကို အဆိုပြုအမည်စာရင်း (Tentative List) တင်သွင်းခဲ့ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ရွှေတိဂုံစေတီတော်နှင့် ပရိုင်းမိတ်ဒေသများကိုလည်း အဆိုပြုစာရင်း ဖြည့်စွက်ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက အမျိုးသားသဘာဝအမွေအနှစ် ခုနစ်ခုကို အဆိုပြုအမည်စာရင်းတင်သွင်းခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ပျူရှေးဟောင်းမြို့များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ မြို့ဟောင်းများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်တွင်လည်း ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အနေဖြင့် ပြည်တွင်းတွင် လေးခု၊ ပူးတွဲမှတ်တမ်းအမွေအနှစ်အဖြစ် ဂျာမနီနိုင်ငံ ဟန်နိုဗာမြို့ရှိ Gottfried Wilhelm Leibniz စာကြည့်တိုက်တွင်ရှိသည့် အလောင်းမင်းတရားကြီး၏ ရွှေပေရွက်လွှာတို့ ဖြစ်ပါကြောင်း၊ UNESCO ၏ ၁၉၇၂ ခုနှစ် ကွန်ဗင်းရှင်းအရ ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရေးအတွက် အခြေခံအားဖြင့် ကမ္ဘာ့အဆင့်မီ စံတန်ဖိုးများ (Outstanding Universal Value) ဖြစ်သည့် ခိုင်မာမှု(Integrity)၊ စစ်မှန်မှု (Authenticity) စသည့် အချက်များနှင့် ပြည့်စုံလုံလောက်မှုရှိရမည်ဖြစ်ပါကြောင်း။

မြောက်ဦးဒေသသည် အဆိုပါစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပြီး ကမ္ဘာ့အမွေအနှစ်ဖြစ်ခဲ့သည့် ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသကဲ့သို့ ရှေးဟောင်းဘုရား၊ ပုထိုး၊ စေတီနှင့် အခြားအမျိုးအစား ရှေးဟောင်းအဆောက်အအုံများ တစ်စုတစ်စည်းပေါင်းစည်းတည်ရှိနေခြင်း၊ ရှေးဟောင်းမြို့ပြဖွဲ့စည်းမှုနှင့် ရေအသုံးချမှုဆိုင်ရာ ထူးခြားသည့်လက်ရာများ တည်ရှိနေပါကြောင်း၊ ၂၀၁၆ ခုနှစ်ကတည်းက မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ ပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်စပ်ဌာနဆိုင်ရာများ၊ မိမိတို့ဌာနအရာထမ်း၊ အမှုထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုဆိုလျှင် အဆိုပြုစာတွဲ (မူကြမ်း) (Nomination Dossier Draft)ကို UNESCO သို့ တင်ပြနိုင်သည့်အခြေအနေ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရန် လိုအပ်သည့် အကြံပေးအဖွဲ့၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများ ဖွဲ့စည်းခဲ့ပါကြောင်း၊ အားလုံး၏ ပူးပေါင်းပါဝင် ကြိုးပမ်းမှုများကြောင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခံရမည်ဟု ယုံကြည်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်ခံရလျှင် မိမိတို့အမွေအနှစ်ဒေသသည် အမြင့်ဆုံးကာကွယ်စောင့်ရှောက်မှုနှင့်အတူ ဒေသ၏ ဂုဏ်သိက္ခာတိုးတက်မှု၊ ဒေသစီးပွားရေးဖွံ့ဖြိုးမှုအပါအဝင် အဘက်ဘက်တိုးတက်လာမှုများပါ မလွဲမသွေရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်တင်သွင်းရာတွင် ဒေသခံများ အကျိုးစီးပွား မထိခိုက်ရေးနှင့် ဒေသခံပြည်သူများ လုပ်ကိုင်နိုင်သည့် လုပ်ငန်းများကို စနစ်တကျလုပ်ကိုင်ခွင့်ရရှိရေးကို အလေးအနက်ထားပါကြောင်း၊ မြောက်ဦးဒေသအား ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းခြင်းအားဖြင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ဒြပ်ရှိ၊ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ကျရာအခန်းကဏ္ဍက ပါဝင်

အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအနေဖြင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်သတ်မှတ်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရမည့်အချက်များကို ဆောင်ရွက်ပေးရမည်ဖြစ်သလို ဆက်စပ်အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ဒေသခံပြည်သူများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်အောင် လမ်းဖွင့်ပေးထားပါကြောင်း၊ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီဝင်များအနေဖြင့်လည်း မိမိတို့ကျရာ အခန်းကဏ္ဍကနေ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြပါရန် အထူးမေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ဇုန်နယ်နိမိတ်သတ်မှတ်ရေး

ထို့နောက် မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက မြောက်ဦးဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းရေးအနေဖြင့် ရခိုင်ပြည်နယ် အစိုးရအဖွဲ့တွင် ကျင်းပသည့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ် နယ်မြေစီမံခန့်ခွဲရေး အစည်းအဝေးတွင် ဆုံးဖြတ်ချက် ကိုးချက်ကို ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဇုန်စီမံခန့်ခွဲမှု၊ ဇုန်နယ်နိမိတ်သတ်မှတ်ရေးနှင့် ပတ်သက်၍ အပြီးသတ်ဆွေးနွေးခဲ့ကြပြီး ယခုဆိုလျှင် ကဏ္ဍအလိုက်လုပ်ငန်းများ အားလုံး တိုးတက်လျက်ရှိပါကြောင်း။

မိမိတို့ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်နေဆဲနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အစိုးရအဖွဲ့အနေဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာအနေဖြင့် လည်းကောင်း ဆောင်ရွက်ပေးရမည့် ကိစ္စများအား ယခုကျင်းပသည့် မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအစည်းအဝေးတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီသို့ တင်ပြသည့် အမှာစာ (၈)စောင်ကို ဖတ်ကြားတင်ပြပြီး မြောက်ဦးဒေသ အမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင်များဖြစ်သည့် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ညှိနှိုင်းဆွေးနွေးတင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ ၂၀၁၉ ခုနှစ် စက်တင်ဘာလ၌ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အဆိုပြုစာတွဲ မူကြမ်းတင်သွင်းရန် စီစဉ်လျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် အချောတင်သွင်းနိုင်ရန် သက်ဆိုင်ရာက လျာထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

❍ *ကျောဖုံးမှ*

"တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ" ကို အဖွဲ့ဝင် ၃၉ ဦးဖြင့် ဖွဲ့စည်းပြီး လုပ်ငန်းတာဝန် (၁၃)ရပ် ချမှတ်ပေးခဲ့ပါကြောင်း၊ ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တာဝန်ခံဝန်ကြီးဌာနအဖြစ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်နိုင်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းတာဝန် (၁၃)ရပ်ကို လုပ်ငန်းကဏ္ဍအလိုက် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဝိုင်းဝန်းပူးပေါင်း အကြံပြုဆွေးနွေးပေးကြစေလိုပါကြောင်း၊ မိမိတို့ဦးဆောင်ကော်မတီအနေဖြင့် တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး ထိထိရောက်ရောက်ဖြေရှင်းဆောင်ရွက်နိုင်မည့် မူဝါဒများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ၊ စီမံချက်များနှင့် ရေတို၊ ရေရှည် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

ပူးပေါင်းပါဝင်ပေး

ကဏ္ဍတစ်ခုချင်းစီအပေါ် အခြေခံပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းကော်မတီများ၊ ဆပ်ကော်မတီများနှင့် အထူးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းပြီး ဆောင်ရွက်သွားရမည်ဖြစ်သည့်အပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့်လည်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကော်မတီများကိုဖွဲ့စည်းကာ ချမှတ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက်တားဆီးကာကွယ်ရန်နှင့် တရားမဝင်ကုန်သွယ်မှုများကို တရားဝင်ကုန်သွယ်မှုများအဖြစ်သို့ ပြောင်းလဲရောက်ရှိလာရေး ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင် ပြည်သူများနှင့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုသည် လွန်စွာအရေးကြီးပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု၏အန္တရာယ်များကို ပြည်သူများသိရှိကာ အသိပညာတိုးပွားလာစေရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတွင် လက်တွဲပူးပေါင်းပါဝင်လာစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို အားပေးခြင်းမှ ရှောင်ရှားရေးတို့ကို ဆောင်ရွက်ပေးရမည့်အပြင် တရားဝင်ကုန်သွယ်မှုများကို ဆောင်ရွက်နေကြသော ပုဂ္ဂလိက ကဏ္ဍများအနေဖြင့် မိမိတို့ဝန်းကျင်တွင်ရှိနေသည့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများကို ဖော်ထုတ်ရာ၌ ပူးပေါင်းပါဝင်ပေးကြရန် တိုက်တွန်းကြရမည် ဖြစ်ပါကြောင်း။

ညွှန်းကိန်းလေးခုဖြင့်တိုင်းတာ

တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ The Economist Intelligence Unit မှ ထုတ်ပြန်ခဲ့သည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအခြေအနေ အညွှန်းကိန်းတွင် မြန်မာနိုင်ငံသည် နိုင်ငံပေါင်း ၈၄ နိုင်ငံအနက် ၈၂ နေရာတွင် ရပ်တည်နေပြီး ရမှတ်မှာ ၂၃ မှတ်သာရရှိသည်ကို တွေ့ရပါကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ အညွှန်းကိန်းကို ညွှန်းကိန်းလေးခုဖြင့် တိုင်းတာပါကြောင်း၊ အဆိုပါ ညွှန်းကိန်းလေးခုမှာ အစိုးရ၏ မူဝါဒ၊ ရောင်းလိုအားနှင့် ဝယ်လိုအား၊ ပွင့်လင်းမြင်သာမှုရှိသည့် ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာလုပ်ငန်းစဉ်များ ဖြစ်ပါကြောင်း။

တရားမဝင်ကုန်သွယ်မှုသည် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဓိကအဟန့်အတားဖြစ်စေသော အချက်များထဲမှ အဓိကကျသည့် အချက်တစ်ခုဖြစ်ပါကြောင်း၊ တရားမဝင်ကုန်သွယ်မှုကဏ္ဍ အင်အားကြီးနေသည်နှင့်အမျှ တရားဝင်လုပ်ကိုင်သောလုပ်ငန်းများကို အဟန့်အတားဖြစ်စေပါကြောင်း၊ နှစ်အလိုက် ကုန်သွယ်မှုပမာဏကို ကြည့်ပါက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂၀၉ ဘီလီယံ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၃၇ ဘီလီယံနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လအထိ) အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၂၂၃ ဘီလီယံ အသီးသီး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းတင်ပြစဉ်။

"ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ကိုးခုတို့တွင် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေး အထူးအဖွဲ့များဖွဲ့စည်း၍ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လအထိ ဖမ်းဆီးအရေးယူမှု (၆၆၉) ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၈၂၈ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့"

နယ်စပ်ကုန်သွယ်မှုပမာဏလျော့ကျ

ယခုကဲ့သို့နှစ်အလိုက် ကုန်သွယ်မှုပမာဏများကို လေ့လာကြည့်ပါက ပင်လယ်ရေကြောင်းကုန်သွယ်မှုပမာဏမှာ မြင့်တက်လာသော်လည်း နယ်စပ်ကုန်သွယ်မှုပမာဏအနေဖြင့် လျော့ကျလာသည်ကို တွေ့ရပါကြောင်း၊ နယ်စပ်ကုန်သွယ်မှုပမာဏလျော့ကျခြင်းသည် တရားမဝင်ကုန်သွယ်မှုမြင့်တက်လာခြင်းနှင့် ဆက်စပ်နေသည်ကို တွေ့ရပါကြောင်း၊ ၂၀၁၉ ခုနှစ် ဇွန်လအတွင်း မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၏ နယ်စပ်ကုန်သွယ်မှုစာရင်းဇယားများကို လေ့လာရာတွင် စုစုပေါင်း ကုန်သွယ်မှုစာရင်းမှာ အမေရိကန်ဒေါ်လာသန်း ၁၅၀ ကျော် ကွာဟမှုရှိနေသည်ကို တွေ့ရှိရသည့်အတွက် တရားမဝင်နယ်စပ်ကုန်သွယ်မှုပမာဏ မည်မျှကြီးမားမည်ကို မှန်းဆကြည့်နိုင်ပါကြောင်း၊ ထို့အပြင် တရားမဝင်သစ်ခိုးထုတ်မှုသည် စီးပွားရေးကို ထိခိုက်စေသည့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း ထိခိုက်စေပါကြောင်း၊ ကုန်ပစ္စည်းအတုအပများ အထူးသဖြင့် ဆေးဝါးနှင့် အရက်အတုများသည် စီးပွားရေးကို ထိခိုက်စေရုံသာမက စားသုံးသူများ၏ ဘေးကင်းမှုကိုပါ ထိခိုက်စေနိုင်ပါကြောင်း။

နယ်စပ်ဒေသများမှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရပ်တည်ရန်ခက်ခဲလာသည့်အတွက် နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် ကိုးခုတို့တွင် တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေး အထူးအဖွဲ့များဖွဲ့စည်း၍ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လအထိ ဖမ်းဆီးအရေးယူမှု (၆၆၉)ကြိမ်၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၈၂၈ ဘီလီယံ ဖမ်းဆီးနိုင်ခဲ့ပါကြောင်း၊ ယခုအခါမှာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များက စီးပွားရေးနှင့် သက်ဆိုင်သည့် ဝန်ကြီးများကို အဖွဲ့ဝင်အဖြစ် ဖွဲ့စည်းပြီးဖြစ်သည့်အတွက် ယခင် နယ်စပ်ဒေသနှင့်ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခု၌ ဖွဲ့စည်းထားသော တရားမဝင်ကုန်သွယ်မှုများ တားဆီးထိန်းချုပ်ရေးအထူးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပွင့်ပွင့်လင်းလင်းဆွေးနွေးပေး

ထို့ကြောင့် ယနေ့အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ တရားမဝင်ကုန်သွယ်မှုအခြေအနေ အညွှန်းကိန်းမြင့်တက်လာမှုကို လျှော့ချနိုင်ရေး၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်နိုင်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းတာဝန် (၁၃)ရပ်အပေါ် ပြည်ထောင်စုအဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆွေးနွေးတင်ပြကြစေလိုပါကြောင်း၊ သက်ဆိုင်ရာဌာနအလိုက် ပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဌာနအချင်းချင်းပေါင်းစပ် ညှိနှိုင်းကာ ဟန်ချက်ညီညီ လုပ်ကိုင်ဆောင်ရွက်သွားကြရန်နှင့် ဆောင်ရွက်ရမည့် အစီအမံများ၊ အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးကြရန် ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက တရားမဝင် တင်သွင်း/တင်ပို့မှုများအပေါ် တားဆီးထိန်းချုပ်နိုင်ရေးအတွက် နယ်စပ်အကောက်ခွန် စစ်ဆေးရေးစခန်းများနှင့် အမြဲတမ်းစစ်ဆေးရေးစခန်းများ ဖွင့်လှစ်ထားရှိမှုနှင့် ဖမ်းဆီးအရေးယူဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဖမ်းဆီးရမိကုန်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး ထုခွဲရောင်းချ၍ ရရှိသောငွေပေါ်တွင် ဆုငွေချီးမြှင့်မှုအခြေအနေ၊ နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိရေးနှင့် ရသင့်ရထိုက်သော အခွန်ငွေများ ရရှိရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ တာဝန်ခံ ဝန်ကြီးဌာနဖြစ်သော စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်သည့် ဟန့်တားထိန်းချုပ်ရေးနှင့် ဟန်ချက်ညီဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးအောင်ထူးက တရားမဝင်ကုန်စည်ကူးသန်းရောင်းဝယ်မှုဖြစ်ပေါ်ရသည့် ယေဘုယျအခြေအနေများ၊ ယခင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးအဖွဲ့ (Mobile Team)၏ လုပ်ငန်းတာဝန်များနှင့် လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ နယ်စပ်ဒေသနှင့် ထိစပ်လျက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွဲ့စည်းထားသည့် တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးအထူးအဖွဲ့များ၏ ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီ အဖွဲ့ဝင်၊ အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ ကမ္ဘာလုံးဆိုင်ရာ Illicit Trade Environment Index နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ဦးအေးမောင်စိန်၊ ဦးသန်းနိုင်၊ ဦးဝီကော၊ ဦးစိုးဦး၊ ဒေါ်ရီရီချို၊ ဦးညွန့်ရွှေ၊ ဦးဇော်မင်း၊ ဦးအောင်ကြည်၊ ဦးဝဏ္ဏကျော်၊ ဦးမြင့်သောင်း၊ ဦးစိုးညွန့်လွင်နှင့် ဦးဌေးဝင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ကိုယ်စား ကယားပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးညီညီမင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးကိုယ်စား ရခိုင်ပြည်နယ် အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေ၊ အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသည့် ဦးကျော်ထင်၊ ဒေါက်တာရဲတင့်ထွန်း၊ ဦးမင်းမင်း၊ ဒေါက်တာခင်ဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် (၁၃)ရပ်အပေါ် သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

မွန်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က အလှူငွေပေးအပ်လှူဒါန်း

မော်လမြိုင် ဩဂုတ် ၁၆

မွန်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သော မြို့နယ်များရှိ ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က အလှူငွေများကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မွန်ပြည်နယ် လွှတ်တော်ရုံးသို့ လာရောက်ပေးအပ် လှူဒါန်းသည်။

အလှူငွေ ပေးအပ်လှူဒါန်းပွဲတွင် မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပဲခူးတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က မွန်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေ လာရောက်လှူဒါန်းရခြင်း၏ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များက မွန်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့အလှူငွေကျပ်သိန်း ၁၁၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိတို့က လက်ခံရယူခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ရပ်ကွက်နေပြည်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းများ ဖြစ်ပွားမှုမရှိစေရေး မှုခင်းပညာပေးဟောပြောစဉ်။

ရဲပြန်ကြား

ပြင်ဦးလွင်နှင့် နောင်ချိုတွင် ဖြစ်ပွားသည့် ဖြစ်စဉ်သည် အကြမ်းဖက်လုပ်ရပ်ဖြစ်ပြီး နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို များစွာထိခိုက်

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သတင်းစာရှင်းလင်းခန်းမ၌ သတင်းမီဒီယာများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ဩဂုတ် ၁၅ ရက်က ဖြစ်သွားတဲ့ဖြစ်စဉ်နဲ့ ပတ်သက်လို့တော့ တပ်မတော်က သတင်းထုတ်ပြန်ထားတယ်။ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းနဲ့ တပ်မတော်က သတင်းနဲ့ပေါင်းစပ်ပြီး သတင်းထုတ်ပြန်ထားတာရှိပါတယ်။

ထိထိရောက်ရောက် ဆောင်ရွက်နိုင်

"နောက်တစ်ချက်က စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဒေါက်တာ မင်းရဲပိုင်ဟိန်းကို ခန့်အပ်တဲ့ အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားပါတယ်။ အထူးသဖြင့် စက်မှုဝန်ကြီးဌာနကို စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပူးတွဲကိုင်တဲ့အတွက် ကျန်ရှိနေတဲ့ ဝန်ကြီးဌာနလုပ်ငန်းတွေကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ဖို့အတွက် ဒုတိယဝန်ကြီးအဖြစ် ဒေါက်တာ မင်းရဲပိုင်ဟိန်းကို ခန့်အပ်ခဲ့ခြင်းဖြစ်ပါတယ်။ ဒါတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

"လောလောဆယ် မှာတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အနေနဲ့ မန္တလေးတိုင်းဒေသကြီး ခရီးစဉ်သွားရောက်ပါတယ်။ အဓိကအားဖြင့်တော့ ကင်းထောက်လူငယ်တွေနဲ့ အောက်မြန်မာပြည်မှာ တွေ့ပြီးပါပြီ။ အထက်မြန်မာပြည်မှာ တစ်ကြိမ် တွေ့ဆုံဖို့ရှိပါတယ်။ နောက်တစ်ချက်ကတော့ မန္တလေးမှာရှိတဲ့ အဆို၊ အက၊ အတီး၊ ပန်းချီသင်တန်းကျောင်းကို သွားရောက်တာရှိပါမယ်။ ဒီနေ့ညမှာတော့ အထက်မြန်မာပြည်မှာရှိတဲ့ မြန်မာနိုင်ငံ စာရေးဆရာတွေနဲ့ တွေ့ဆုံပွဲရှိပါမယ်"ဟု ပြောကြားသည်။

ထို့နောက် သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ဖြေကြားသည်။

နိုင်ငံတော်အစိုးရ၏ အာဘော်မဟုတ်

News Watch ဂျာနယ်မှ သတင်းထောက် ဦးမောင်မောင်ထွန်း၏ ဩဂုတ်လ ၁၂ ရက်ည MRTV သတင်းနှင့် ၁၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၏ ဆောင်ရွက်ချက်သတင်းတွင် အဓိကအားဖြင့် အိုးထိန်းစခန်းတွင် နေရပ်စွန့်ခွာသွားသော တိုင်းရင်းသားများအတွက်ဆိုသော စကားရပ် ဖော်ပြချက်နှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ယင်းနေ့က သတင်းစာ သုံးစောင်နှင့် မြန်မာ့ရုပ်မြင်သံကြားတွင် မှားယွင်းသွားသည့် ဖော်ပြချက်ဖြစ်ပါကြောင်း၊ ထိုသို့ဖော်ပြခဲ့မှုနှင့် ပတ်သက်၍ နံပါတ်တစ်အနေဖြင့် ပြောကြားလိုသည်မှာ အဆိုပါအသုံးအနှုန်း၊ ဝေါဟာရသည် နိုင်ငံတော်အစိုးရ၏ မူ၊ နိုင်ငံတော်အစိုးရ၏အာဘော် လုံးဝ မဟုတ်ပါကြောင်း၊ မိမိတို့အနေဖြင့် ရှင်းလင်းအောင် ထပ်ပြောရပါက နိုင်ငံတော်အစိုးရ၏ မူ၊ နိုင်ငံတော်အစိုးရ၏ အာဘော် လုံးဝ မဟုတ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒပြောင်းလဲခြင်း တစ်စုံတစ်ရာမရှိပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ယင်းကိစ္စကို မိမိတို့ စိစစ်ပါကြောင်း၊ အဓိက ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများကို ခေါ်ယူမေးမြန်းစိစစ်ပါကြောင်း။

စုံစမ်းစစ်ဆေးမှုများလုပ်နေ

ထိုသို့ စိစစ်ရာတွင် သတင်းကို စတင်ရေးသားသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် တာဝန်ရှိသကဲ့သို့ ထိုသတင်းကို တည်းဖြတ်ပြီး သတင်းစာနှင့် ရုပ်သံတွင် ဖော်ပြခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာနတွင်လည်း တာဝန်ရှိပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် မှားယွင်းဖော်ပြမိကြောင်း ဩဂုတ် ၁၅ ရက်တွင် ကြေညာထားပြီးဖြစ်ပါကြောင်း၊ တတိယအချက်အနေဖြင့် အဆိုပါဝန်ကြီးဌာနနှစ်ခုအနေဖြင့် စကားလုံးမှားယွင်းဖော်ပြသည့်အတွက်၊ အထင်အမြင်လွဲမှားဖွယ်ရာများ ဖြစ်ပေါ်စေခဲ့သည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများကို စစ်ဆေးအရေးယူမှုများ လုပ်ခိုင်းထားပါကြောင်း၊ လက်ရှိအချိန်တွင် စုံစမ်းစစ်ဆေးမှုများလုပ်နေပါကြောင်း၊ ဌာနဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

အကြမ်းဖက်လုပ်ရပ်ဖြစ်

အလားတူ ရေဝတီသတင်းဌာနမှ မေးမြန်းသည့် ပြင်ဦးလွင်နှင့် နောင်ချိုတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ကြောင့် လတ်တလော မိုင်းလားနှင့် တွေ့ဆုံမှုဖြစ်နိုင်ခြေ ရှိ၊ မရှိ၊ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ထိခိုက်နိုင်မှု ရှိ၊ မရှိနှင့် တပ်မတော်မှ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဆောင်ရွက်သွားမည့် အခြေအနေကို အစိုးရထံ အကြောင်းကြားဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က မြောက်ပိုင်းလေးဖွဲ့နှင့် Bilateral Ceasefire Agreement ရေးထိုးနိုင်ရေးအတွက် NRPC ဘက်မှ အဆိုပြုချက်များ ပေးထားပြီးဖြစ်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမည့် နေရာများ ညှိနှိုင်းလျက်ရှိပါကြောင်း၊ တစ်ဖက်မှလည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ထိထိရောက်ရောက် ဆွေးနွေးနိုင်ရန် စစ်တိုင်းကြီး ငါးတိုင်းတွင် အပစ်ရပ်ထားသည်မှာ ယခုလကုန်ဆိုလျှင် ရစ်လရှိပြီဖြစ်ကာ သုံးကြိမ်တိုင်ပြီဖြစ်ပါကြောင်း၊ ပြင်ဦးလွင်နှင့် နောင်ချိုတွင် ဖြစ်ပွားသည့် ဖြစ်စဉ်သည် အကြမ်းဖက်လုပ်ရပ်ဖြစ်ပါကြောင်း၊ အပြစ်မဲ့ပြည်သူများကို တိုက်ခိုက်ခြင်းနှင့် မူးယစ်ဆေးဝါး စစ်ဆေးသည့် ပစ္စည်းကိရိယာများကို ဖျက်ဆီးခြင်းသည် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ခြင်းဖြစ်ပါကြောင်း၊ အဆိုပါဖြစ်စဉ်သည် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို များစွာ ထိခိုက်စေပါကြောင်း၊ သို့သော် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများအတွက် အမြဲပင် လမ်းဖွင့်ထားပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နိုင်ရန် အမှန်တကယ်လိုလားသည့် ဆန္ဒနှင့် ငြိမ်းချမ်းရေးလိုလားသည့် နိုင်ငံရေးဆန္ဒရှိရန် လိုအပ်ပါကြောင်း၊ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အနှောင့်အယှက်ဖြစ်စေမည့်ကိစ္စရပ်များကို မလုပ်ဆောင်သင့်ဟု ထင်မြင်ပါကြောင်း။

ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိ

မြောက်ပိုင်းလေးဖွဲ့ အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် ငြိမ်းချမ်းရေးတံခါးကို ဖွင့်လှစ်ထားပါကြောင်း၊ လက်နက်ကိုင်ခြင်းဖြင့် နိုင်ငံရေးအဖြေမရနိုင်ပါကြောင်း၊ နိုင်ငံရေးအဖြေကို နိုင်ငံရေးဆွေးနွေးပွဲများတွင် ငြိမ်းငြိမ်းချမ်းချမ်း ဆွေးနွေးနိုင်ရန် လိုအပ်ပါကြောင်း၊ ဆွေးနွေးနိုင်ရန်အတွက်လည်း ညှိနှိုင်းမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်သမ္မတကြီး၏ ဦးစားပေးမူဝါဒဖြစ်သည့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအတွက် ပြင်ဦးလွင် တိုးဂိတ်တွင်ချထားသည့် မူးယစ်ဆေးဝါးစစ်ဆေးသည့် X-Ray စက်ကို ဝယ်ယူတပ်ဆင်ထားခြင်းဖြစ်ပါကြောင်း၊ ထိုသို့တပ်ဆင်ခြင်းမှာ မေ ၅ ရက်က တပ်ဆင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ တပ်ဆင်ခဲ့သည့်အတွက် ဘိန်းဖြူ ၄၄ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၅ သန်း သိမ်းဆည်းနိုင်ခဲ့ပါကြောင်း၊ ထိုသို့ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအတွက် အထောက်အကူပြုသည့် စက်ကိရိယာကို ဖျက်ဆီးသည့် ရည်ရွယ်ချက်ကို စဉ်းစားကြည့်လျှင် သိရှိနိုင်ပါကြောင်း။

နောင်ချိုမြို့ရှိ မူးယစ်ရဲတပ်ဖွဲ့စခန်းကို ဝင်ရောက် တိုက်ခိုက်ခဲ့ပါကြောင်း၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအတွက် ထိထိရောက်ရောက်လုပ်ဆောင်ခြင်းကို ထိခိုက်စေသည့် သဘောဖြစ်ပါကြောင်း၊ ဂုတ်တွင်းတံတား ထိခိုက်ပျက်စီးသွားသည့်အတွက် နယ်စပ်ကုန်သွယ်ရေးအတွက် ဆက်သွယ်သွားလာနေသည့် ကားများ ပိတ်ဆို့မှုဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိုသို့ တံတားပျက်စီးခဲ့သည့်အတွက် ကုန်သွယ်မှု ခေတ္တရပ်တန့်သွားပြီး နိုင်ငံတော်အစိုးရအနေဖြင့် အမြန်ဆုံးသွားလာနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ ငါးရက်အတွင်း နှစ်လမ်းသွား ဘေလီတံတားဖြင့် ကားကြီးများ ဖြတ်သန်းသွားနိုင်အောင် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

ပြင်ဦးလွင်နှင့် နောင်ချိုတွင် ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကြောင့် တပ်မတော်ဘက်မှ အရာရှိ စစ်သည် ကိုးဦး ကျဆုံးခဲ့ပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် သုံးဦး ကျဆုံးခဲ့ပြီး နှစ်ဦး ဒဏ်ရာရရှိပါကြောင်း၊ အပြစ်မဲ့ပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ၁၀ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် ရဲတပ်ဖွဲ့မှ လက်နက်ခဲယမ်း တန်ဖိုးမပါဘဲ ပျက်စီးဆုံးရှုံးမှု သိန်းပေါင်း ၂၀၀၀ ကျော် ဖြစ်ပေါ်ခဲ့ပါကြောင်း။

အားနည်းချက်များ ပြန်လည်သုံးသပ်

နိုင်ငံတော် လုံခြုံရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့အစည်းများက အစဉ်အမြဲ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ စီမံဆောင်ရွက်ရာတွင် ရာနှုန်းပြည့် အာမခံနိုင်သည့် လုံခြုံရေးမျိုးကို နိုင်ငံတိုင်း နိုင်ငံတိုင်းအနေဖြင့် အာမခံပေးရန် ခက်ခဲသော်လည်း ယခုဖြစ်စဉ်အပေါ် အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ နောက်တစ်ကြိမ် ထပ်မံ မဖြစ်ပွားစေရန် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ ရေဝတီသတင်းဌာနမှ မေးမြန်းသည့် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေး စတင်နိုင်မည့် အခြေအနေအပေါ် ညွှန်ကြားရေးမှူးချုပ်က နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး စတင်ရန် ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၃ ရက်ကတည်းက အဆင်သင့်ဖြစ်ပြီး ဖြစ်ပါကြောင်း၊ သို့သော်လည်း အကြောင်းကြောင်းကြောင့် မလာရောက်နိုင်သေးပါကြောင်း၊

စာမျက်နှာ ၁၂ သို့

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများအား ရှင်းလင်းပြောကြားစဉ်။

၂၀၁၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့၌ ပြင်ဦးလွင်မြို့နှင့် နောင်ချိုမြို့နယ်များတွင် AA၊ TNLA၊ MNDAA လက်နက်ကိုင်အဖွဲ့များ ဝင်ရောက်နှောင့်ယှက်ပစ်ခတ်ပြီး အကြမ်းဖက်လုပ်ရပ်ကျူးလွန်ခဲ့သည့်နေရာများ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မန္တလေးမြို့ရှိ ရုပ်သံဗျူရိုနှင့် ကိုယ်ပွားသတင်းစာတိုက်တို့ကို ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနခွဲ (မန္တလေးဗျူရို) ၌ ဝန်ထမ်းများနှင့်တွေ့ဆုံစဉ်။ သတင်းစဉ်

မန္တလေး ဩဂုတ် ၁၆

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနခွဲ (မန္တလေးဗျူရို)နှင့် ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) တို့ကို ကြည့်ရှုစစ်ဆေးသည်။

ရုပ်သံဗျူရိုများ ဖြန့်ခွဲထားရှိ

မန္တလေးဗျူရိုတွင် ပြည်ထောင်စုဝန်ကြီးအား အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ရန်ကုန်နှင့် မန္တလေး သတင်းဌာနများအပြင် တိုင်းရင်းသားလူမျိုးများရုပ်သံနှင့် အသံလွှင့်ဗျူရိုရုံးများ ဖြန့်ခွဲထားရှိပြီး တာဝန်ထမ်းဆောင်မှု အခြေအနေများကို ဦးစွာရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မန္တလေးဗျူရို တာဝန်ခံအရာရှိ ဦးစောနိုင်ထွန်းက ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ခွဲဝေလုပ်ဆောင်မှု၊ စက်ပစ္စည်းများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နည်းပညာပြောင်းလဲတိုးတက်မှုနှင့်အညီ ဝန်ထမ်းများအနေဖြင့် လိုက်ပါပြောင်းလဲဆောင်ရွက်နိုင်ရန် သတင်းရယူပေးပို့မှုများ လျင်မြန် တိုးတက်မှုရှိအောင် ဆောင်ရွက်ရန် မှာကြားပြီး ဝန်ထမ်းများ၏ သတင်းပို့တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးဗျူရို၌ မီနီစတူဒီယို ဆောက်လုပ်နေမှုနှင့် ရုပ်သံ Uplink တင်ပို့မှု စက်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ထမ်းရေးရာတင်ပြ

ဆက်လက်၍ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ ရောက်ရှိစစ်ဆေးရာ တာဝန်ခံအရာရှိ စာတည်းမှူး ဦးသန်းဦးက ဝန်ထမ်းဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ခွဲဝေလုပ်ဆောင်မှု၊ သတင်းရယူပေးပို့မှုနှင့် မန္တလေးစာမျက်နှာ ဖွဲ့စည်းဆောင်ရွက်မှု၊ သတင်းစာပုံနှိပ်လုပ်ငန်းနှင့် ဖြန့်ချိရေးဆောင်ရွက်မှု၊ ကြော်ငြာလက်ခံဆောင်ရွက်မှုနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မန္တလေးစာမျက်နှာကို လိုဂို၊ ဒီဇိုင်းမှစ၍ စာမူနှင့် ကာတွန်းများအပါအဝင် အသွင်အပြင် ပြောင်းလဲထုတ်ဝေရန်၊ ဝန်ထမ်းများ အလုပ်တာဝန် ခွဲဝေချထားမှု စနစ်တကျဖြစ်စေရန်နှင့် တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်မှာကြားပြီး အဆောက်အဦ ပြင်/ထိန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ **သတင်းစဉ်**

စာမျက်နှာ ၁၁ မှ

ဩဂုတ် ၉ ရက်က ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်သူနှင့် ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးတို့ တွေ့ဆုံဆွေးနွေးခဲ့ပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ မြန်မာနိုင်ငံဘက်သို့ ပေးပို့ထားသည့် စာရင်းရှိပါကြောင်း၊ ထိုစာရင်းအပေါ်တွင် မြန်မာနိုင်ငံဘက်တွင် အမှန်တကယ်နေထိုင်ဖူးသူများ ဟုတ်၊ မဟုတ်နှင့် အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သူများ ဟုတ်၊ မဟုတ် စိစစ်ထားပါကြောင်း၊ စိစစ်ပြီး ပြန်လည်လက်ခံမည့်စာရင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ဒုတိယအသုတ်အဖြစ် ပေးပို့ထားသည့် နေရပ်စွန့်ခွာသူ ဦးရေ ၂၂၄၃၂ ဦးထဲမှ ပြန်လည်လက်ခံရေးအတွက် အသင့်ဖြစ်သည့် ဦးရေ ၃၄၅၀ ကို အသုတ် ခုနစ်သုတ် ခွဲကာ ပြန်လည်လက်ခံသွားမည်ဖြစ်သည်ဟု အဆိုပြုထားပါကြောင်း၊ ပြန်လည်လက်ခံမည့်သူများကို ပြန်လည်နေရာချထားရာတွင် အားလုံးစုစည်းနေထိုင်နိုင်ရန် အဆိုပြုပါကြောင်း၊ ထို ၃၄၅၀ မဟုတ်သူများကို လွှဲပြောင်းပေးရန် အဆိုပြုလာခဲ့ပါက လက်ခံရရှိသည့်အချိန်မှ စတင်ကာ စိစစ်မှုများ ဆောင်ရွက်ပြီး နှစ်ပတ်အတွင်း ပြန်လည်လက်ခံသွားမည်ဟု ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးနှင့် ဆွေးနွေးထားပါကြောင်း။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဘာသာရေးအရ ရုံးပိတ်ရက်ရှည်ဖြစ်နေသည့်အတွက် ရုံးပြန်ဖွင့်လှစ်သည့် လာမည့်အပတ်တွင် မြန်မာနိုင်ငံဘက်သို့ အမြန်ဆုံးအကြောင်း ပြန်ကြားပေးရန်လည်း ဆွေးနွေးထားပါကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်အရ လက်ခံသွားမည်ဖြစ်ကာ မြန်မာနိုင်ငံမှ အဆိုပြုထားသည့် ၃၄၅၀ ကို ဩဂုတ် ၂၂ ရက်တွင် စတင်လက်ခံရန် ညှိနှိုင်းထားပါကြောင်း ပြောကြားသည်။

သတင်းစဉ်

၁၅-၈-၂၀၁၉ ရက်နေ့တွင် AA ၊ TNLA ၊ MNDAA လက်နက်ကိုင်အဖွဲ့များ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်း

စဉ်	ဖြစ်ပွားသည့်နေရာ	တပ်ဖွဲ့ဝင်		ပါဆုံးပစ္စည်းများ			ပျက်စီးဆုံးရှုံးမှုစာရင်း		မှတ်ချက်
		ကျဆုံး	ဒဏ်ရာရ	အမျိုးအစား	အရေအတွက်	တန်ဖိုး	အမျိုးအစား	တန်ဖိုး	
၁	ပြင်ဦးလွင်မြို့နယ် Mobile X-ray ရိုက်စက်ယာဉ်	-	-	-	-	-	အဆောက်အဦ ခေါင်မိုးပျက်ဆီး	၅ သိန်း	
၂	နောင်ချိုမြို့နယ် မူးယစ်တပ်ဖွဲ့စုရုံး	-	-	လက်နက်ငယ်	၃ လက်	-	ရုံးအဆောက်အဦ/ လုံခြုံရေးဂိတ်တဲ	၃၀၀ သိန်း	
				ကျည်	၃၀၀ တောင့်	-	ရုံးသုံးပရိဘောဂ	၂၀ သိန်း	
				ကျည်အိမ်	၆ ခု	-	လက်ကိုင်ဖုန်း ၆ လုံး + ဆက်စပ်ပစ္စည်းများ	၃၈ သိန်း	
				Handheld X-Ray မူးယစ်ဆေးဝါး ရှာဖွေရေးကိရိယာ	၁ ခု	၈၇၀ သိန်း	မော်တော်ယာဉ် ၃ စီး	၅၆၀ သိန်း	
				Density Meter သိပ်သည်းဆ တိုင်းတာရေးကိရိယာ	၁ လုံး	၉၀ သိန်း	-	-	
				Rigaku ဓာတုဗေဒစမ်းသပ် ရှာဖွေရေးကိရိယာ	၁ ခု	၇၀၀ သိန်း	-	-	
				လက်ကိုင်စကားပြောစက်	၄ လုံး	၈ သိန်း	-	-	
၃	နောင်ချိုမြို့နယ် ဂုတ်တွင်းရဲကင်းစခန်း	၃	၂	လက်နက်ငယ်	၁၄ လက်	-	ရဲကင်းစခန်း အဆောက်အဦ/ ဘန်ကာ	၁၉၀ သိန်း	
				ကျည်	၁၀၁၂ တောင့်	-	ရုံးသုံးပရိဘောဂ	၂၀ သိန်း	
				ကျည်အိမ်	၂၆ ခု	-	လက်ကိုင်ဖုန်း ၆ လုံး + ဆက်စပ်ပစ္စည်းများ	၂၀ သိန်း	
				လွယ်ကြိုး	၁၀ ချောင်း				
	စုစုပေါင်း	၃	၂	-	-	၁၆၆၈ သိန်း	-	၁၁၅၃ သိန်း	၂၈၂၁ သိန်း

မှတ်ချက်။ ရဲတပ်ဖွဲ့ဝင် ၃ ဦးကျဆုံး၊ ၂ ဦး ဒဏ်ရာရရှိ၍ လက်နက်ငယ် ၁၇ လက်၊ ကျည် ၁၃၁၂ တောင့်၊ ကျည်အိမ် ၃၂ ခု၊ လက်ကိုင်စကားပြော စက် ၄ လုံး၊ Handheld X-Ray မူးယစ်ဆေးဝါးရှာဖွေရေးကိရိယာ ၁ ခု၊ Density Meter သိပ်သည်းဆတိုင်းတာရေးကိရိယာ ၁ ခု၊ Rigaku ဓာတုဗေဒစမ်းသပ်ရှာဖွေရေးကိရိယာ ၁ ခု တို့ ရန်သူနောက်ပါဆုံးခဲ့ပြီး အဆောက်အဦနှင့်အခြားဆုံးရှုံးမှုတန်ဖိုး ၂၈၂၁ သိန်း ဆုံးရှုံးခဲ့ပါသည်။

နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ယနေ့တွင် **ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိုးသည်းထန်မှုကြောင့် မြေပြိုလမ်းပိတ်ခဲ့သော မိုးမောက်-လွယ်ဂျယ်လမ်း မော်တော်ယာဉ်များ ပြန်လည်သွားလာနိုင်

လွယ်ဂျယ် ဩဂုတ် ၁၆

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာမှုကြောင့် မိုးမောက်-လွယ်ဂျယ်လမ်းပိုင်းတွင် ယမန်နေ့က မြေပြိုမှုများဖြစ်ပွားခဲ့ပြီး ယနေ့မွန်းလွဲ ၃ နာရီတွင် လမ်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်သဖြင့် မော်တော်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

အဆိုပါ မြေပြိုမှုဖြစ်စဉ်ကြောင့် မိုးမောက်- လွယ်ဂျယ် လမ်းပိုင်းတွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြေပြိုမှုဖြစ်ပွားရာ နေရာများဖြစ်သည့် လွယ်ဂျယ်ဘက်ခြမ်းရှိ ၆၄-၆၅ကီလိုမီတာကြား မြေပြိုမှု နှစ်နေရာ၊ ၆၃-၆၄ ကီလိုမီတာကြားတွင် သုံးနေရာနှင့် ၆၂-၆၃ ကီလိုမီတာကြားတွင် တစ်နေရာ စုစုပေါင်း ခြောက်နေရာတို့၌ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ မိုးမောက်မြို့နယ် အုပ်ချုပ်ရေးမှူး၊ လွယ်ဂျယ်မြို့ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက လူအား၊ စက်ယန္တရားအားဖြင့် ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်ခဲ့သည်။

အလားတူ မိုးမောက်ဘက်ခြမ်းရှင်း မြေပြိုမှုဖြစ်ပွားသည့် ၄၉ -၅၀ ကီလိုမီတာကြားနှင့် ၄၂-၄၃ ကီလိုမီတာကြားတို့တွင်လည်း လမ်းဦးဌာနက ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ယနေ့တွင် မော်တော်ယာဉ်များ ပုံမှန်ဖြတ်သန်း သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မျိုးမြင့်စိုး (ပြန်/ဆက်)

တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ ရေလှောင်တမံ ၂၀ တွင် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ဆောက်ထိန်းသိမ်းထားသည့် ရေလှောင်တမံများအနက် အချို့သောရေလှောင်တမံများတွင် မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျစီးထွက်လျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်မှတ်ထက်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံ ၂၀ ရှိသည်။ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသော ရေလှောင်တမံများမှာ လှိုင်းဘွဲ့မြို့နယ်ရှိ ရေဘုတ်ရေလှောင်တမံတွင် ၁ ဒသမ ၅၅ ပေ၊ ဖလမ်းမြို့နယ်ရှိ လိုင်ဗားရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေ၊ ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံတွင် ၁ ဒသမ ၆၀ ပေ၊ အုတ်တွင်းမြို့နယ်ရှိ ရေသိုးရေလှောင်တမံတွင် ၀ ဒသမ ၉၀ ပေနှင့် မင်းရဲရေလှောင်တမံတွင် ၀ ဒသမ ၄၀ ပေ၊ ဖြူးမြို့နယ်ရှိ ငမြေရေလှောင်တမံတွင် ၀ ဒသမ ၅၀ ပေနှင့် ဖြူးချောင်းရေလှောင်တမံတွင် ၁ ဒသမ ၈၀ ပေ၊ ပဲခူးမြို့ရှိ ရွှေပြည်(၃)ရေလှောင်တမံတွင် ၀ ဒသမ ၈၀ ပေ၊ ဂန့်ဂေါမြို့နယ်ရှိ မြစ်သာရေလှောင်တမံတွင် ၁ ဒသမ ၀၀ ပေ၊ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံတွင် ၅ ဒသမ ၇၀ ပေ၊ ငဖဲမြို့နယ်ရှိ မန်းချောင်းရေလှောင်တမံတွင် ၁ ဒသမ ၄၀ ပေ၊ ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝ ရေလှောင်တမံတွင် ၆ ဒသမ ၃၀ပေ၊ သထုံမြို့နယ်ရှိ ဝါးပါးရေလှောင်တမံတွင် ၀ ဒသမ ၂၅ပေ၊ မော်လမြိုင်မြို့နယ်ရှိ ရွှေနတ်တောင် ရေလှောင်တမံတွင် ၀ ဒသမ ၇၀ပေ၊ မုဒုံမြို့နယ်ရှိ အဇင်းရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ၊ ကျောက်တော် မြို့နယ်ရှိ ပြိုင်းချောင်းရေလှောင်တမံတွင် ၁ ဒသမ ၃၀ ပေနှင့် ရှောက်ချောင်း ရေလှောင်တမံတွင် ၀ ဒသမ ၄၀ပေ၊ မြေပုံမြို့နယ်ရှိ တမန်းဒူးရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ၊ အင်္ဂပူမြို့နယ်ရှိ နန်ကာသူရေလှောင်တမံတွင် ၀ ဒသမ ၁၀ ပေ နှင့် ကညင်ရေလှောင်တမံတွင် ၂ ဒသမ ၃၀ ပေ ရေများကျော်ကျလျက်ရှိသည်။ **သတင်းစဉ်**

ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များမှ အလှူငွေများ လာရောက်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၆

မြန်မာနိုင်ငံအတွင်း ရေဘေးဒဏ်ခံရသည့် ဒေသများအတွက် ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိသည်။

ထိုကဲ့သို့ လာရောက်လှူဒါန်းကြရာ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများနှင့် မိတ်ဆွေများက လှူဒါန်းငွေကျပ် ၇၇၁၅၀၀၊ ရတနာပုံတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများကိုယ်စား ရတနာပုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂ (ရတကသ)က လှူဒါန်းငွေကျပ် ၄၆၉၃၀၀၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၇၂) ကျောင်းဆင်းအရာရှိများက လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀၊ ဦးညွန့်တင် ညွှန်ကြားရေးမှူး (ငြိမ်း)+ဒေါ်နန်းရွှေမြင့်မိသားစုက လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀၊ မြန်မာနိုင်ငံ ရိုးရာသနပ်ဖက်လိပ်လုပ်ငန်းရှင်များအသင်းက လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀၀တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် အလှူရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံလက်ဝှေ့ပြိုင်ပွဲ၌ လှည်းကူးမြို့နယ် တံခွန်စိုက်ဖလားဆွတ်ခူး

ရန်ကုန် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား အမျိုးသမီး လက်ဝှေ့ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ လက်ဝှေ့လေ့ကျင့်ရေးစခန်း၌ ကျင်းပရာ တံခွန်စိုက်ဆုဖလားကို လှည်းကူးမြို့နယ်အသင်းက ဆွတ်ခူးရရှိသွားသည်။ ဗိုလ်လုပွဲပြိုင်ပွဲ၌ အမျိုးသားအလွတ်တန်းပြိုင်ပွဲများ၊ အသက် ၂၅ နှစ်အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲအပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့် ခရိုင်၊ မြို့နယ်မှ တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး လက်ဝှေ့ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဝင်းကျော်တို့က ကီလိုတန်းလိုက် ပထမ၊ ဒုတိယရရှိသူများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အကောင်းဆုံးအမျိုးသား အမျိုးသမီးဆုရရှိကြသူများနှင့် ရွှေလေးခု၊ ငွေတစ်ခုဖြင့် တံခွန်စိုက်ဆုရရှိသွားသော လှည်းကူးမြို့နယ်အသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲမှ ဆုရရှိကြသည့် အားကစားသမားများအား တိုင်းဒေသကြီး ကိုယ်စားပြုရွေးချယ်ပြီး အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူ လက်ဝှေ့ရုံ၌ ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်အထိ ကျင်းပခဲ့ပြီး မြို့နယ် ၂၄ မြို့နယ်မှ အားကစားသမား ၉၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အာကာစိုး

✤ *ကျောဖုံးမှ*

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ဦးဝင်းသူမိုးသည် ပွဲထွက်လူစာရင်းတွင် အမာခံကစားသမားများ အစုံအလင်အသုံးပြုခဲ့ပြီး ခင်မာလာထွန်း၊ ခင်မိုးဝေ၊ ဝေဝေအောင်၊ ရီရီဦး၊ ဝင်းသိင်္ဂီထွန်းတို့ဖြင့် လူစုံခဲ့သည်။ မြန်မာအသင်း ပွဲအစ ၃ မိနစ်မှာပင် အဖွင့်ဂိုးရခဲ့ပြီး ရီရီဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး တိုက်စစ်ကစားပုံ လိုအပ်ချက်များ ရှိနေသောကြောင့် သုံးဂိုးသာထပ်မံသွင်းယူနိုင်ခဲ့ကာ ပထမပိုင်းအပြီးတွင် လေးဂိုးပြတ် အနိုင်ရနေသည်။ မြန်မာအသင်းအတွက် အနိုင်ဂိုးများကို ၁၆ မိနစ်တွင် ခိုင်သဇင်၊ ၂၇ မိနစ်တွင် ရီရီဦးနှင့် ၄၅+၃ မိနစ်တွင် ခင်မိုးဝေတို့က သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်း ကစားပုံပျက်သွားသောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး မိနစ် ၆၀ ကျော်မှ အနိုင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်းအတွက် နောက်ထပ်အနိုင်ဂိုးများကို ၆၅ မိနစ်တွင် ဝင်းသိင်္ဂီထွန်း၊ ၇၅ မိနစ်တွင် ခင်မာလာထွန်းနှင့် ၈၉ မိနစ်တွင် ရီရီဦးတို့က သွင်းယူခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ဩဂုတ် ၁၈ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားတို့နှင့် အုပ်စု(ခ)တွင် ကျရောက်နေသည်။

ညီမြတ်သော်တာ

ချန်ပီယံလမ်းကြောင်းပေါ်မှ အသင်းများ ပွဲကျပ်ကစားရမည့် MNL ပွဲစဉ်(၂၁)

ရန်ကုန် ဩဂုတ် ၁၆

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၁)ကို ယခုတစ်ပတ် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ချန်ပီယံလမ်းကြောင်းပေါ်တွင်ရှိနေသည့် အသင်းသုံးသင်းစလုံး ပွဲကျပ်များ ကစားရမည်ဖြစ်သည်။ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်းသည် အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း ရန်ကုန်နှင့် ရေဝတီအသင်းမှာမူ အဝေးကွင်းပွဲများ ကစားရမည်ဖြစ်သည်။

ပွဲစဉ် (၂၁) အဖြစ် ဩဂုတ် ၁၇ ရက်တွင် သုဝဏ္ဏကွင်း၌ ဒဂုံအသင်းနှင့် စစ်ကိုင်းအသင်း၊ မော်လမြိုင်ကွင်း၌ Southern အသင်းနှင့် ရန်ကုန်အသင်း၊ ဩဂုတ် ၁၈ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မကွေးအသင်း၊ သုဝဏ္ဏကွင်း၌ Chinland အသင်းနှင့် ရခိုင်အသင်း၊ ပဲခူး Grand Royal ကွင်း၌ ဟံသာဝတီအသင်းနှင့် ရေဝတီအသင်း၊ ဩဂုတ် ၂၀ ရက်တွင် မန္တလာသီရိကွင်း၌ ရတနာပုံအသင်းနှင့် ဇွဲကပင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ်(၂၀)အပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၀ ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၃၉ မှတ်၊ ရေဝတီအသင်းက ၃၈ မှတ်၊ ဟံသာဝတီအသင်းက ၃၂ မှတ်၊ ရခိုင်အသင်းက ရမှတ် ၃၀၊ ရတနာပုံအသင်းက ၂၉ မှတ်၊ စစ်ကိုင်းအသင်းက ၂၇ မှတ်၊ မကွေးအသင်းက ၂၄ မှတ်၊ Southern အသင်းက ၁၉ မှတ်၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ Chinland အသင်းက ၁၆ မှတ်၊ ဒဂုံအသင်းက ၁၄ မှတ် ရရှိထားသည်။ လက်ရှိအနေအထားအရ ချန်ပီယံဆုအတွက် သုံးသင်း၏ ပြိုင်ဆိုင်မှုအပြင် ပြီးခဲ့သည့် ပွဲစဉ် (၂၀) တွင် Chinland အသင်း၏ နိုင်ပွဲကြောင့် တန်းဆင်းဇုန်နေရာလုပွဲမှာ ပြန်လည်ပြင်းထန်လာပြီး အသင်းလေးသင်း ပြိုင်ဆိုင်ရမည့် အနေအထားဖြစ်လာသည်။

ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်း အနေဖြင့် ဒုတိယအကျော့တွင် ရလဒ်ကောင်းနေသည့် မကွေးနှင့် တွေ့ဆုံနေသောကြောင့် ပုံမှန်ထက် အားကုန်ထုတ်ကစားရမည်ဖြစ်သလို ရန်ကုန်နှင့် ရေဝတီအသင်းတို့မှာလည်း အဝေးကွင်း၌ ခက်ခက်ခဲခဲ ကစားရဖွယ်ရှိနေသည်။

ယခုတစ်ပတ်တွင် ခြေချော်သည့် အသင်းမှာ ချန်ပီယံဆုအတွက် အဆုံးသတ်လုနီးပါး ဖြစ်သွားနိုင်သောကြောင့် အမှားခံ၍ မရသည့်အနေအထား ဖြစ်နေသည်။ သုံးသင်းစလုံး အနိုင်ရပါက နောက်ဆုံးပွဲမှ အဖြေပေါ်မည်ဖြစ်ပြီး MNL ပြိုင်ပွဲသမိုင်းတစ်လျှောက် အသင်းသုံးသင်း၏ ပြိုင်ဆိုင်မှုကို တွေ့မြင်ရမည်ဖြစ်သည်။

တန်းဆင်းဇုန်အတွက်မူ ဇယားအောက်ဆုံးရောက်နေသည့် ဒဂုံအသင်းအတွက် နောက်ဆုံးမျှော်လင့်ချက်ဖြစ်နေပြီး အမှတ်ရယူနိုင်မှ ဆက်လက်မျှော်လင့်နိုင်မည့် အနေအထားဖြစ်နေသည်။ ဒဂုံအသင်းအနေဖြင့် စစ်ကိုင်းအသင်းကို ရှုံးနိမ့်ခဲ့ပါက နောက်ဆုံးပွဲရလဒ်ကို စောင့်ကြည့်စရာမလိုဘဲ တန်းဆင်းရတော့မည်ဖြစ်ရာ မဖြစ်မနေ အမှတ်ရရန် ကြိုးပမ်းရမည်ဖြစ်သည်။ ထို့ပြင် တန်းဆင်းဇုန်မှ ရုန်းကန်မည့် Southern၊ ဇွဲကပင်နှင့် Chinland အသင်းတို့၏ ရုန်းကန်မှုများကို စောင့်ကြည့်ရမည်ဖြစ်ပြီး နိုင်ပွဲရသည့်အသင်းက အခြေအနေ ကောင်းသွားနိုင်ပေသည်။

ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲသာလိုတော့ပြီး ယခုတစ်ပတ်ကျင်းပမည့် ပွဲစဉ်များက ချန်ပီယံဆုနှင့် တန်းဆင်းဇုန်အတွက် အဖြေတစ်ခု ထုတ်ပေးနိုင်မလားဆိုတာ စောင့်ကြည့်ရမည်ဖြစ်သည်။

ညီမြတ်သော်တာ

နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

မန်စီးတီးအသင်း၏ ကမ်းလှမ်းချက်ကို ပယ်ချခဲ့သည့် မက်ဂွိုင်းယား

အင်္ဂလန်ဗဟိုခံစစ်ကစားသမား မက်ဂွိုင်းယား (၂၆နှစ်) သည် မန်ယူအသင်းကို ပြောင်းရွှေ့နိုင်ရန်အတွက် တစ်ပတ် ပေါင် နှစ်သိန်းခုနစ်သောင်း ရှစ်ထောင်ဖြင့် မြို့ခံပြိုင်ဘက် မန်စီးတီးအသင်း၏ ကမ်းလှမ်းချက်ကို ပယ်ချခဲ့ကြောင်း ဒေးလီးစတားတွင် ဖော်ပြထားသည်။

ပေါ့ဂ်ဘာ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်ဆန္ဒရှိ

ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ် ပေါ့ဂ်ဘာ (၂၆နှစ်) သည် မန်ယူအသင်းမှ ထွက်ခွာပြီး ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်ရန် ဆန္ဒရှိနေသေးကြောင်း မာကာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဲရစ်ဆင်နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည့် ဆိုးလ်ရှား

မန်ယူနည်းပြ ဆိုးလ်ရှားသည် မန်ယူအသင်းသို့ ပြောင်းရွှေ့ရေးနှင့်ပတ်သက်ပြီး တော့တင်ဟမ်အသင်းမှ ဒိန်းမတ်ကွင်းလယ်ကစားသမား အဲရစ်ဆင်နှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း အဆိုပါ အသက် ၂၇ နှစ်အရွယ် ကစားသမားကိုယ်တိုင်က စပိန်သို့သာ ပြောင်းရွှေ့ချင်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

အီတလီသို့ ဆန်းချက်ဇ် ပြောင်းရွှေ့ဖွယ်ရှိ

မန်ယူအသင်းမှ ချီလီတိုက်စစ်ကစားသမား ဆန်းချက်ဇ် (၃၀နှစ်) သည် အီတလီသို့ ပြောင်းရွှေ့ဖွယ်ရှိနေပြီး အဆိုပါကစားသမားကို ဂျူဗင်တပ်စ်၊ နာပိုလီ၊ အေစီမီလန်နှင့် အင်တာမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဒိုင်ဘာလာကို ဂျူဗင်တပ်စ် ရောင်းထုတ်လို

ဂျူဗင်တပ်စ်အသင်းသည် အာဂျင်တီးနားတိုက်စစ်ကစားသမား ပါဘလို ဒိုင်ဘာလာ (၂၅နှစ်) ကို ဥရောပအပြောင်းအရွှေ့ဈေးကွက် မပိတ်သိမ်းမီ ရောင်းထုတ်လိုကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိနေသည့် ရိုဂျို

အပြောင်းအရွှေ့ကာလတွင် အဲဗာတန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားခြင်းခံခဲ့ရသော အာဂျင်တီးနားဗဟိုခံစစ်ကစားသမား မားကို့စ် ရိုဂျို (၂၉နှစ်) သည် ဥရောပအပြောင်းအရွှေ့ဈေးကွက်မပိတ်သိမ်းမီ မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

လိုဇာနိုကို ခေါ်ယူရန် နာပိုလီအသင်း သဘောတူညီမှုရရှိ

နာပိုလီအသင်းသည် နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းမှ မက္ကဆီကိုတောင်ပံကစားသမား လိုဇာနိုကို ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း နယ်သာလန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

အောင်ဇော်

လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာအသင်း အာရှအင်အားကြီး တောင်ကိုရီးယားကို ရှုံးနိမ့်

ရန်ကုန် ဩဂုတ် ၁၆

လေးနိုင်ငံ ယူ-၁၆ ဖိတ်ခေါ်ပြိုင်ပွဲ အုပ်စုဒုတိယနေ့ကို ယနေ့ညနေပိုင်းက မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ဆက်လက်ကျင်းပရာ တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်း နှစ်ပွဲဆက်နိုင်ပြီး အိမ်ရှင်မြန်မာအသင်း ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အာရှအင်အားကြီး တောင်ကိုရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် ပထမနေ့ထက် ကစားပုံပိုကောင်းလာသော်လည်း ပြိုင်ဘက်အသင်းမှာ အာရှအင်အားကြီးအသင်းဖြစ်သောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲ ပြုလုပ်ခဲ့သော်လည်း ခြေစွမ်းမှာ ပထမပွဲထက် ပိုမိုကောင်းမွန်ခဲ့သည်။ တောင်ကိုရီးယားအသင်းမှာလည်း အာရှအင်အားကြီး အသင်းတစ်သင်း ပီသစွာ ခြေစွမ်းပြကစားနိုင်ခဲ့ရာ ပွဲအစ ငါးမိနစ်မှာပင် ကင်ကွမ်ဟွမ်က အဖွင့်ဂိုးသွင်းယူခဲ့သည်။ ဂိုးပေးလိုက်ရသော်လည်း မြန်မာအသင်း ကစားပုံပျက်မသွားသလို ပထမပွဲထက် ကစားပုံရော စိတ်ပိုင်းဆိုင်ရာပါ တည်ငြိမ်လာပြီး တောင်ကိုရီးယားဘက်သို့ ထိုးဖောက်နိုင်ခဲ့သည်။ ၃၃ မိနစ်တွင် မြန်မာအသင်း ချေပဂိုးပြန်ရခဲ့ကာ ရန်နိုင်ထွန်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းပြီးခါနီးတွင် ကင်ကွမ်ဟွမ်က ဒုတိယဂိုး ထပ်သွင်းခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တောင်ကိုရီးယားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင်လည်း မြန်မာအသင်းသည် ချေပဂိုးရရန် ကြိုးပမ်းခဲ့ပြီး တောင်ကိုရီး ယားကလည်း ဂိုးထပ်ရရန် အားထည့် ကစားခဲ့သည်။ ပွဲပြီးခါနီးတွင် တောင်ကိုရီးယားအသင်း တတိယဂိုးရခဲ့ပြီး ချန်ဟာမင်က သွင်းယူခဲ့သည်။

ပထမပွဲတွင် အင်ဒိုနီးရှားအသင်းက မွန်တီနီဂရိုးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် တောင်ကိုရီးယားနှင့် အင်ဒိုနီးရှားအသင်းက ခြောက်မှတ်စီရကာ ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေပြီး မြန်မာနှင့် မွန်တီနီဂရိုးအသင်းမှာမူ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ နောက်ဆုံးနေ့ကို ဩဂုတ် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် တောင်ကိုရီးယားနှင့် အင်ဒိုနီးရှား၊ ညနေ ၆ နာရီတွင် မြန်မာနှင့် မွန်တီနီဂရိုးအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ညီမြတ်သော်တာ

အမေရိကန် အမျိုးသမီး ဒီမိုကရက်တစ် အမတ်နှစ်ဦးကို ပြည်ဝင်ခွင့် အစ္စရေးက တားဆီး

ဝါရှင်တန် ဩဂုတ် ၁၆

အမေရိကန်လွှတ်တော် အမျိုးသမီး အမတ်နှစ်ဦးသည် အစ္စရေးသို့ လာရောက်ရန်ရှိရာ ၎င်းတို့နှစ်ဦးအား ပြည်ဝင်ခွင့်မပေးရန် အစ္စရေးအစိုးရကို အမေရိကန်သမ္မတထရမ့်က တောင်းဆိုခဲ့ပြီးနောက် အစ္စရေးအစိုးရသည် ၎င်းတို့နှစ်ဦးကို ပြည်ဝင်ခွင့် မပေးခဲ့ပေ။

အစ္စရေးနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဇစ်ပီဟော့တိုဗလီက ဩဂုတ် ၁၅ ရက်တွင် ဒီမိုကရက်တစ် လွှတ်တော်အမတ်နှစ်ဦးဖြစ်သည့် ရာရှီဒါ တလစ်ဘ်နှင့် အီဟန် အိုမာတို့ကို အစ္စရေးနိုင်ငံသို့ ဝင်ရောက်ခွင့်မပြုကြောင်း အတည်ပြုခဲ့သည်။

အစ္စရေးနိုင်ငံက ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းတွင် အခြေချနေထိုင်မှုများအပေါ် ပြုမူမှုများနှင့်ပတ်သက်ပြီး စစ်ဆေးရန် အဆိုပါ အမျိုးသမီးနှစ်ဦးက လာရောက်ရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။ ယခုလိုတားမြစ်လိုက်ခြင်းသည် အစ္စရေးနိုင်ငံက ပထမဆုံးအကြိမ် မဟာမိတ်နိုင်ငံမှ လူများကို ပြည်ဝင်ခွင့် တားမြစ်လိုက်ခြင်းပင်ဖြစ်သည်။

အကူအညီပေးရေး လုပ်သားများကလည်း အတိတ်ကာလတုန်းက အစ္စရေးနိုင်ငံသည် ယခုလို ပြည်ဝင်ခွင့်ပိတ်ပင်မှုများ ပြုလုပ်ခဲ့ဖူးကြောင်း စောဒကတက် ပြောဆိုခဲ့ကြသည်။

ယခုလို ဆုံးဖြတ်ချက်ကိုကြည့်လျှင် အမေရိကန်သမ္မတထရမ့်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု တို့ကြားနက်ရှိုင်းသည့် ဆက်ဆံရေးကို တွေ့မြင်နိုင်သည်ဟု လေ့လာသူများက ပြောသည်။ အဆိုပါ အမျိုးသမီးအမတ်နှစ်ဦးမှာ ထရမ့်အပေါ် ဝေဖန်ပြောဆိုခဲ့မှုများရှိရာ ထရမ့်က အစ္စရေးဝန်ကြီးချုပ်ထံ ၎င်းတို့နှစ်ဦးအား ပြည်ဝင်ခွင့်မပေးရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။

အစ္စရေးနိုင်ငံ၏ အပြုအမူမှာ လက်ခံနိုင်ဖွယ်ရာ မရှိဟု ပါလက်စတိုင်းလွတ်မြောက်ရေးအဖွဲ့မှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ပါလက်စတိုင်းဒေသသို့ လာရောက်ကြည့်ရှုလိုသော အမျိုးသမီးအမတ်နှစ်ဦးကို အစ္စရေးက ယခုလိုလုပ်ပိုင်ခွင့်မရှိဟု ပြောဆိုခဲ့သည်။ ကျန်သည့် ကမ္ဘာ့အစိတ်အပိုင်းနှင့် ပါလက်စတိုင်းတို့ ဆက်သွယ်မှုကို အစ္စရေးက ဖြတ်တောက်လိုက်ခြင်းဖြစ်သည်ဟု ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့က ပြောသည်။

အင်န်အိတ်ချ်ကေ

အမျိုးသမီးလွှတ်တော်အမတ် နှစ်ဦးဖြစ်သူ အီဟန်အိုမာနှင့် ရာရှီဒါတလစ်ဘ်တို့ကို လွန်ခဲ့သည့်လအတွင်းက ဝါရှင်တန်၌ တွေ့ရစဉ်။

မြောက်ကိုရီးယားက ဒုံးကျည်နှစ်စင်း စမ်းသပ်ပစ်လွှတ်

ပြုံယမ်း ဩဂုတ် ၁၆

မြောက်ကိုရီးယားသည် အမျိုးအမည်ခွဲခြားမသိရသေးသော ဒုံးကျည်နှစ်စင်းကို ပင်လယ်အတွင်းသို့ ဩဂုတ် ၁၆ ရက်က ပစ်လွှတ်ခဲ့သည်ဟု သိရသည်။

ထို့နောက် တောင်ကိုရီးယားနှင့် ငြိမ်းချမ်းရေးဆွေးနွေးစရာမရှိဟုလည်း မြောက်ကိုရီးယားက ငြင်းဆိုခဲ့သည်။ မကြာသေးမီ သီတင်းပတ်များအတွင်း မြောက်ကိုရီးယားက ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများမှာ ခြောက်ကြိမ်မြောက်ရှိသွားပြီဖြစ်သည်။ တောင်ကိုရီးယားနှင့် အမေရိကန်တို့ ပူးပေါင်းလုပ်ဆောင်သည့် စစ်ရေးလေ့ကျင့်မှုကို ဆန့်ကျင်ခြင်းလည်း ဖြစ်သည်။

မြောက်ကိုရီးယား ဒုံးကျည်ပစ်လွှတ်စဉ်။

မြောက်ကိုရီးယား အရှေ့ပိုင်းပြည်နယ် ဂန်ဝန်မှ ဩဂုတ် ၁၆ ရက် နံနက် ၈နာရီ ၁မိနစ်နှင့် ၈နာရီ ၁၆ မိနစ်တို့တွင် ဒုံးကျည်နှစ်စင်း ပစ်လွှတ်ခဲ့သည်ဟု တောင်ကိုရီးယားစစ်ဦးစီးချုပ်ရုံးက ပြောသည်။

အဆိုပါ ဒုံးကျည်များသည် ကီလိုမီတာ ၂၃၀ခန့် အထိ ရောက်ရှိကြောင်းလည်း ဆက်လက်ပြောကြားခဲ့သည်။ တောင်ကိုရီးယား သမ္မတရုံးမှ အမျိုးသားလုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးကိုခေါ်ယူခဲ့သည်။ ဒုံးကျည်ပစ်ခတ်စမ်းသပ်မှုများ ရပ်တန့်ရန် မြောက်ကိုရီးယားကို တောင်ကိုရီးယားက တောင်းဆိုခဲ့သည်။

အေအက်ဖ်ပီ

သိမ်းဆည်းထားသည့် အီရန်ရေနံတင်သင်္ဘောကို ဂျီဘရော်လ်တာက ပြန်လွှတ်ပေး

တီဟီရန် ဩဂုတ် ၁၆

ဂျီဘရော်လ်တာမှ အာဏာပိုင်များသည် လွန်ခဲ့သည့်လအတွင်း ဗြိတိန်ပိုင်နယ်မြေတွင် သိမ်းဆည်းမိခဲ့သော အီရန်ရေနံတင်သင်္ဘောကို ပြန်လွှတ်ပေးလိုက်ပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ အီရန်ရေနံတင်သင်္ဘောသည် အီးယူ၏ ပိတ်ဆို့မှုကို ချိုးဖောက်ကာ ဆီးရီးယားသို့ ရေနံတင်ပို့သည်ဟု သံသယရှိသည့်အတွက် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

အာဏာပိုင်များသည် အီရန် ရေနံတင်သင်္ဘောကို ပြန်လွှတ်လိုက်ကြောင်း ဩဂုတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်တွင် သင်္ဘောသည် ဥရောပသမဂ္ဂက ပိတ်ဆို့မှုပြုထားသော နိုင်ငံများဆီသို့ ခုတ်မောင်းခြင်းမပြုပါဟု အီရန်ဘက်မှ အာမခံခဲ့သည်ဟု ပါရှိသည်။ ထို့ကြောင့်အဆိုပါသင်္ဘောကို ဆက်လက်ထိန်းသိမ်းထားရန် အကြောင်းမရှိတော့ပေ။ အမေရိကန်ဘက်ကမူ အဆိုပါ သင်္ဘောကို ပြန်လွှတ်မပေးဘဲ ဆက်လက်ထိန်းသိမ်းသွားရန် နောက်ဆုံးအချိန်ထိ တောင်းဆိုခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗက်ဇာအစ်က အမေရိကန်၏အားထုတ်မှုသည် ပင်လယ်ပြင်တွင် အီရန်ပိုင်ဆိုင်သည့် အရာများကို ခိုးယူရန် ကြိုးပမ်းခြင်းသာဖြစ်သည်ဟု ပြောကြားခဲ့သည်။ အမေရိကန်ဘက်မှ ကြိုးပမ်းအားထုတ်မှုသည် တရားဥပဒေကို အလေးမထားခြင်းသာဖြစ်သည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အီရန်မှ ရေနံတင်သင်္ဘောကို သိမ်းယူပြီး နှစ်ပတ်အကြာတွင် အီရန်ဘက်မှလည်း ဗြိတိန်အလံ တပ်ဆင်ထားသည့် သင်္ဘောကို ထိန်းသိမ်းခဲ့သည်။ အမေရိကန်သည် ဟော်မုဇ်ရေလက်ကြားတွင် အီရန်၏ ရန်လိုမှုကို တုံ့ပြန်နိုင်ရေး ရေတပ်မဟာမိတ်များ ပူးပေါင်းလိုသည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ

ဆီးရီးယားတွင် လုံခြုံစိတ်ချရသည့်ဇုန်တည်ထောင်ရေး အမေရိကန် နှောင့်နှေးနေမှုကို သည်းမခံနိုင်ဟု တူရကီပြော

အန်ကာရာ ဩဂုတ် ၁၆

ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် လုံခြုံစိတ်ချရသည့်ဇုန် တည်ထောင်ရေးအတွက် အမေရိကန်ဘက်မှ နှောင့်နှေးနေမှုများကို တူရကီဘက်မှ သည်းခံလိမ့်မည်မဟုတ်ဟု တူရကီနိုင်ငံခြားရေးဝန်ကြီးက ဩဂုတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်ဘက်မှ ဦးစွာရိုးသားရန်လိုအပ်ပြီး ပရိယာယ်ကြွယ်ဝစွာဖြင့် အမေရိကန်ဘက်က နှောင့်နှေးမှုများကို တူရကီဘက်မှ သည်းခံသွားမည် မဟုတ်ကြောင်းကိုလည်း သဘောပေါက်သင့်ကြောင်း ဆီရာလီယွန်နိုင်ငံခြားရေးဝန်ကြီး နာဘီလာတူနစ်နှင့် တွေ့ဆုံစဉ် တူရကီနိုင်ငံခြားရေးဝန်ကြီး မာဗလက်ကော့ဆိုဂလူက ပြောသည်။

ဩဂုတ် ၇ ရက်တွင် အမေရိကန်နှင့် တူရကီတို့သည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင် လုံခြုံစိတ်ချရသည့်ဇုန် တည်ထောင်ရန် သဘောတူခဲ့သည်။ တူရကီကာကွယ်ရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ တူရကီနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပူးတွဲစစ်ဆင်ရေးစင်တာကို တူရကီတွင်စတင်မည်ဟု သဘောတူထားပြီး အဆိုပါ နေရာမှ ဆီးရီးယားနိုင်ငံမြောက်ပိုင်း လုံခြုံရေးဇုန်ကို စီမံခန့်ခွဲမှုများ ပြုလုပ်သွားမည်ဟု သဘောတူခဲ့ကြကြောင်း သိရသည်။

မည်သည့်အချိန်တွင် အဆိုပါ လုံခြုံစိတ်ချရေးဇုန် တည်ထောင်မည့်နည်းနှင့် မည်သို့မည်ပုံ တည်ထောင်မည်ဆိုသည်ကို မရှင်းလင်းသေးပေ။

တူရကီနိုင်ငံခြားရေးဝန်ကြီးနှင့် ဆီရာလီယွန် နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံကြစဉ်။

ဆင်ဟွာ

ကက်ရှ်မီးယားအရေး နိုင်ငံတကာမှ စိတ်ဝင်စားလာရန် ပါကစ္စတန်တိုက်တွန်း

အစ္စလာမ်မာဘတ် ဩဂုတ် ၁၆

အိန္ဒိယက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ဝင်စားခြင်းမရှိပါက အဆိုပါဒေသတွင် အကြမ်းဖက်မှုများ ပိုများလာနိုင်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းက ဩဂုတ် ၁၅ ရက်တွင် ပြောကြားခဲ့သည်။

ဩဂုတ် ၅ ရက်တွင် အိန္ဒိယအစိုးရက ထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရုပ်သိမ်းလိုက်မှုနှင့်ပတ်သက်ပြီး နောက်ဆက်တွဲအခြေအနေများကို စိုးရိမ်မိကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန် ခန်းက ၎င်း၏ တွစ်တာအကောင့်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အိန္ဒိယဘက်မှ ကက်ရှ်မီးယားဒေသအပေါ် ပြုမူဆောင်ရွက်မှုကြောင့် ပါကစ္စတန်သည် အိန္ဒိယနှင့် ဆက်ဆံရေးကို လျှော့ချခဲ့သည်။

ထို့နောက်ကုန်သွယ်ရေး အဆက်အဆံများအား ရပ်ဆိုင်းခဲ့ပြီး ရထားပြေးဆွဲမှုကိုလည်းရပ်ဆိုင်းခဲ့သည်။ အိန္ဒိယဘက်မှ ထိန်းချုပ်ထားသော ကက်ရှ်မီးယားတွင် သတ်မှတ်အချိန်အတွင်း အပြင်မထွက်ရအမိန့်ကို ၁၂ ရက်ကြာထားရှိခဲ့ပြီး တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည့်အတွက် အဆိုပါဒေသတွင် အကြီးအကျယ်တပ်ဖွဲ့ချထားခြင်းပင်ဖြစ်သည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ပြီးခဲ့သည့်ဩဂုတ် ၁၄ ရက်ကလည်း ပါကစ္စတန်ဝန်ကြီးချုပ် အင်မရန်ခန်းသည် ပါကစ္စတန်ဘက်မှ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသသို့ သွားရောက်ခဲ့သည်။ အိန္ဒိယဘက်မှ ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားရှိလူများ၏ အခွင့်အရေးများအတွက် ကုလသမဂ္ဂနှင့် အပြည်ပြည်ဆိုင်ရာတရားရုံးတို့တွင် တောင်းဆိုသွားမည်ဟု ပါကစ္စတန်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

နိုင်ငံတကာ သတင်းတိုထွာ

အာဖဂန်တပ်ဖွဲ့မှ စစ်သွေးကြွ ၆၀ခန့်ကို သုတ်သင်ရှင်းလင်းနိုင်ဟုပြော

ကဘူးလ် ဩဂုတ် ၁၆

အာဖဂန်နစ္စတန် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့်လအတွင်း Ghor ပြည်နယ်ရှိ ကျေးရွာပေါင်း ၁၀၀ခန့်ကို တာလီဘန်များ လက်ထဲမှ ပြန်လည်သိမ်းယူနိုင်ပြီဖြစ်ပြီး စစ်သွေးကြွ ၆၀ ခန့်ကိုလည်း ရှင်းလင်းနိုင်ခဲ့ပြီဖြစ်ကြောင်း ပြည်နယ်ဒုတိယရဲချုပ် ဝါဟီဒူလာနစ်ဇမီက ဩဂုတ်လ ၁၆ ရက်ကပြောကြားခဲ့သည်။

လွန်ခဲ့သည့် တစ်လတာအတွင်း တာလီဘန်များ သိမ်းပိုက်ထားရာ နေရာများကို ချေမှုန်းနိုင်ခဲ့ကြောင်း၊ ကျေးရွာ ၁၀၀ကျော်ကို ပြန်လည်သိမ်းယူနိုင်ကြောင်း ၎င်းကဆင်ဟွာသို့ပြောသည်။

သို့သော် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် မည်မျှဆုံးရှုံးသွားသည်ကိုမူ ထုတ်ဖော်မပြောခဲ့ပေ။ တာလီဘန်မှ ပြောရေးဆိုခွင့်ရှိသူ ဇာဘူလာ မာဂျာဟစ်ကို မေးမြန်းရာတွင် Ghor ပြည်နယ်၌ တိုက်ပွဲများဖြစ်ပွားသည်မှာ အမှန်ပင်ဖြစ်ကြောင်း အတည်ပြုခဲ့ပြီး နစ်ဇီမီပြောကြားသည်မှာ အမှန်ဟုတ်မဟုတ်ကိုမူ အတည်ပြုခဲ့ခြင်းမရှိပေ။

လွန်ခဲ့သည့် လအနည်းငယ်အတွင်း Ghor ပြည်နယ်တွင် တာလီဘန် တိုက်ခိုက်ရေးသမားများ မြေပြင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဇာဘူလာက အတည်ပြုပြောကြားခဲ့သည်။ **ဆင်ဟွာ**

အပူပိုင်းမုန်တိုင်း ခရိုဆာ ဂျပန်နိုင်ငံမြောက်ပိုင်းသို့ ချဉ်းကပ်လာ

တိုကျို ဩဂုတ် ၁၆

အပူပိုင်းမုန်တိုင်း ခရိုဆာသည် ဂျပန်နိုင်ငံမြောက်ပိုင်းသို့ ရွေ့လျားလာပြီဖြစ်သည့်အတွက် ဂျပန်နိုင်ငံမြောက်ပိုင်းတွင် မိုးစတင် ရွာသွန်းနေပြီဖြစ်သည်။ မိုးသည်းထန်စွာရွာသွန်းလာပြီး မြစ်များတွင်လည်း ရေများပြည့်လျှံလာသည်။

ဂီဖူမြို့တွင် နာဂါရာမြစ်အတွင်း ခရီးသွားလှေတစ်စင်းမှာ ပျက်စီးသွားခဲ့ရသည်။ ယခုအချိန်သည် ဂျပန်နိုင်ငံတွင် နွေရာသီအားလပ်ရက် ကာလဖြစ်ပြီး မုန်တိုင်းကြောင့် သယ်ယူပို့ဆောင်ရေးစနစ်များ အနှောင့်အယှက်ဖြစ်လျက်ရှိသည်။

ခရီးသည်တစ်ဦးကမူ လေများတိုက်ခတ်နေသည့်အတွက် လေယာဉ်ဆင်းသက်နိုင်ပါ့မလားဟု စိုးရိမ်ခဲ့ရကြောင်း၊ အိမ်ကို လုံခြုံစိတ်ချစွာ ပြန်ရောက်ခဲ့သည့်အတွက် ဝမ်းသာမိကြောင်း ပြောပြခဲ့သည်။

အဆိုပါမုန်တိုင်းသည် ဩဂုတ် ၁၇ ရက်အစောပိုင်းတွင် ဖိအားနည်းရပ်ဝန်းအဖြစ် ပြောင်းလဲသွားနိုင်ကြောင်း မိုးလေဝသဌာနက ခန့်မှန်းထားသည်။ ယခုအချိန်အထိ မုန်တိုင်းကြောင့် လူနှစ်ဦးသေဆုံးပြီး ၄၉ ဦး ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ**

အိုင်အက်စ် မိဘတွေက ပေါက်ဖွားလာတဲ့ ကလေးတွေအတွက် မသေချာတဲ့ အိမ်ပြန်လမ်း

•••• ခြူးစန္ဒီနွေး ••••

လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်း မိဘလုပ်သူတွေဟာ အိုင်အက်စ်အဖွဲ့နဲ့ ပူးပေါင်းဖို့အတွက် ဘယ်လ်ဂျီယံနဲ့ ပြင်သစ်နိုင်ငံတို့ကို စွန့်ခွာခဲ့ပြီးတဲ့နောက်မှာတော့ ကလေး ၁၈ ယောက်ဟာ ဆီးရီးယားမှာရှိတဲ့ ဒုက္ခသည်စခန်းကို ရောက်သွားပါတော့တယ်။

ဒုက္ခသည်စခန်းမှာ သောင်တင်

မကြာသေးခင်ကတော့ အဲဒီကလေးတွေဟာ ဘယ်လ်ဂျီယံနဲ့ ပြင်သစ်တို့မှာ ဘဝသစ်ပြန်စဖို့ အခွင့်အရေးရခဲ့ပါတယ်။ အစွန်းရောက်တွေရဲ့သားသမီးတွေကို လက်ခံပေးဖို့ မလိုလားကြတဲ့ ဥရောပနိုင်ငံတွေကြားမှာတော့ ဒီသတင်းစကားဟာ အထူးအာရုံစူးစိုက်မှု ရလျက်ရှိပါတယ်။ ဥရောပကနေ အိုင်အက်စ်တို့နဲ့ ပူးပေါင်းဖို့ ထွက်သွားကြတဲ့ လူတွေရဲ့ သားသမီး ၁၃၀၀ ကျော်ဟာ အခုအခါမှာတော့ ဆီးရီးယားက ဒုက္ခသည်စခန်းမှာ သောင်တင်လျက်ရှိပါတယ်။ အချို့သော ဥရောပနိုင်ငံတွေက အစိုးရတွေဟာ ဒီကလေးတွေကို ပြန်လည်လက်ခံပေးဖို့ သဘောထားပျော့ပျောင်းလာပေမယ့် ဘယ်အချိန်ကျမှ ပြန်လက်ခံမယ်ဆိုတာကိုတော့ မသိရသေးပါဘူး။

မိဘမဲ့တွေကိုသာ ပြန်လည်ခေါ်ယူ

လပေါင်းများစွာကြာအောင် စေ့စပ်ညှိနှိုင်းမှု၊ စိစစ်မှုတွေ ပြုလုပ်ပြီးတဲ့နောက်မှာတော့ ကလေး ၁၈ ယောက်ကို ပြန်လည်ခေါ်ယူခဲ့ပါတယ်။ ဒါဟာ ဥရောပနိုင်ငံတွေမှာ ဒီလိုမျိုးကလေးတွေကို ပြန်ပြီး လက်ခံပေးဖို့ ဆန့်ကျင်မှုတွေ ဘယ်လောက်တောင်ရှိနေသေးသလဲဆိုတာကို ပြသလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်းကတော့ ပြင်သစ်နဲ့ ဘယ်လ်ဂျီယံတို့ဟာ အစွန်းရောက်မိဘတွေ လုံးဝသေသွားပြီလို့ သက်သေပြနိုင်တဲ့ ကလေးတွေ၊ အထူးသဖြင့် မိဘမဲ့တွေကိုသာပြန်ပြီး လက်ခံပေးခဲ့ပါတယ်။ ဖခင်လုပ်သူက ကလေးကို အိုင်အက်စ် နယ်မြေအတွင်း ခေါ်သွားခဲ့ပြီး ဥရောပတိုင်းပြည်တွေမှာ မိခင်ရင်းဖြစ်သူ ကျန်ရစ်ခဲ့တဲ့ဖြစ်ရပ်မျိုးအတွက်ဆိုရင်တော့ ခေါ်ဆောင်သွားတဲ့ ဖခင်သေသွားတာသေချာပြီဆိုရင် ကလေးကို ပြန်ခေါ်ပေးပါတယ်။

ပြန်လာချင်ပြီ

အစောပိုင်းနေ့ရက်တွေတုန်းက ဘယ်လ်ဂျီယံဆေးအဖွဲ့ဟာ ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်း အယ်လ်ဟိုဒုက္ခသည်စခန်းမှာ ဆေးခန်းဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီစခန်းမှာ အိုင်အက်စ်အဖွဲ့ရဲ့ နောက်လိုက်ဟောင်းတွေ၊ သူတို့ရဲ့ မိသားစုဝင်တွေ အများဆုံးနေထိုင်ကြပါတယ်။ ဘယ်လ်ဂျီယံဆေးအဖွဲ့ကတော့ အဲဒီစခန်းမှာ ဆေးကုသမှုတွေ ပြုလုပ်ပေးပြီး ဘယ်လ်ဂျီယံနိုင်ငံသားကလေးတွေအတွက် စိတ်ပိုင်းဆိုင်ရာစစ်ဆေးအကဲဖြတ်မှုတွေ ပြုလုပ်ပေးခဲ့ပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံသားကလေးတွေကတော့ ဘယ်လ်ဂျီယံနိုင်ငံကို ပြန်လာချင်ပြီလို့ ဆေးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟိုင်ဒီဒီပေါလ်က ပြောပါတယ်။

အရွယ်ရောက်ပြီးသူတွေ လက်မခံ

ဒါပေမယ့် မစ္စဒီပေါလ်အတွက်ကတော့ ကလေးတွေကို မျှော်လင့်ချက်အနည်းငယ်သာ ပေးနိုင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီကလေးတွေဟာ မိဘမဲ့တွေမဟုတ်ကြပါဘူး။ အနည်းဆုံး မိခင် သို့မဟုတ် ဖခင် တစ်ဦးစီ အသက်ရှင်ကျန်နေကြပါသေးတယ်။ နောက်ပြီးတော့ ဥရောပနိုင်ငံတွေဟာ အရွယ်ရောက်လာပြီဖြစ်တဲ့ ကလေးတွေကိုလည်း လက်မခံပါဘူး။ အဲဒီဒုက္ခသည်စခန်းကို ဦးစီးနေတဲ့ ကာ့ဒ်အာဏာပိုင်တွေကတော့ မိသားစုတွေ ကွဲပြားသွားမှာကိုလည်း မလိုလားဘူး၊ နိုင်ငံမဲ့ဖြစ်နေတဲ့ မိဘတွေကိုလည်း ဆက်လက်မထားလိုဘူးလို့ ပြောခဲ့ပါတယ်။

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အယ်လ်ဟို ဒုက္ခသည်စခန်းကို တွေ့ရစဉ်။

ပြန်လက်မခံရဲ

ဒီပြဿနာဟာ ဥရောပနိုင်ငံတွေမှာ နိုင်ငံရေးအရ တွေ့နေရပါတယ်။ ဥရောပနိုင်ငံတွေဟာ အိုင်အက်စ်အဖွဲ့က အသက်ရှင်ကျန်ရစ်သူတွေရဲ့ ကလေးတွေကိုတောင်မှ လက်မခံရဲပါဘူး။ အန္တရာယ်အဖြစ် မြင်ဆဲပဲ။ သူတို့ရဲ့အသွင်အပြင်တွေ ဘယ်လောက်ပဲ ပြောင်းလဲသွားပါစေ ခြိမ်းခြောက်မှုတစ်ခုအဖြစ် မြင်နေကြဆဲပါ။ ဘယ်လ်ဂျီယံမှာရှိတဲ့ ရွှေ့ပြောင်းနေထိုင်သူနဲ့ ဒုက္ခသည်များဆိုင်ရာဝန်ကြီးဟောင်း သီယိုဖရန်ကန်ကတော့ လတ်တလော ပြန်လည်လက်ခံရေးအစီအစဉ်တွေကို ရှုတ်ချလျက်ရှိပါတယ်။ နောက်ပြီး အိုင်အက်စ်ကလေးအုပ်စု ပြန်လည်အစပြုလာနိုင်တယ်လို့ သတိပေးပြောဆိုခဲ့ပါတယ်။ ဘာလို့လဲဆိုတော့ သူတို့မိဘတွေဟာ ဒီနိုင်ငံသားတွေမဟုတ်တော့ပါဘူးလို့ ၎င်းကဆက်ပြောခဲ့ပါတယ်။

ဒုက္ခသည်စခန်းမှာ ပြည့်လာ

ဆီးရီးယားနဲ့ အီရတ်တို့ရဲ့အချို့ဒေသတွေကို အိုင်အက်စ်တွေ သိမ်းပိုက်ထားစဉ် ကမ္ဘာ့နေရာအနှံ့အပြားမှာရှိတဲ့ လူပေါင်း ၄၁၀၀၀ ခန့်ဟာ မူရင်းတိုင်းပြည်တွေကနေ စွန့်ခွာပြီး အိုင်အက်စ်အုပ်စုနဲ့ ပေါင်းစည်းခဲ့ပါတယ်။ အဲဒီထဲက သုံးပုံတစ်ပုံကတော့ ဥရောပနိုင်ငံတွေဆီကပါ။ တချို့တိုက်ခိုက်ရေးသမားတွေဟာ သူတို့နဲ့အတူ ကလေးတွေကိုပါ ခေါ်ဆောင်ခဲ့ပြီး တချို့ကျပြန်တော့လည်း ဒီရောက်မှ ကလေးရကြပါတယ်။ အဲဒီလူတွေထဲက ထောင်ပေါင်းများစွာဟာ အသတ်ခံရပြီး အသက်ရှင်ကျန်ရစ်သူတွေဟာလည်း မူရင်းတိုင်းပြည်ကို ပြန်ရင် အကြမ်းဖက်မှုနဲ့ တရားစွဲဆိုခံရမှာပါ။ လွန်ခဲ့တဲ့နှစ်အတွင်းမှာ အိုင်အက်စ်တို့ရဲ့ နောက်ဆုံးပုန်းခိုရာနယ်မြေကျရှုံးသွားပြီးတဲ့နောက်မှာတော့ ဒုက္ခသည်စခန်းတွေမှာ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ အိုင်အက်စ်အကြွင်းအကျန်တွေနဲ့ ပြည့်နှက်နေခဲ့ပါတယ်။ အယ်လ်ဟိုဒုက္ခသည်စခန်းကိုသွားရင်း လမ်းမှာသေဆုံးသွားတဲ့ ကလေးကတော့ ၂၉ ယောက်ခန့်ရှိပါတယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတင်းထုတ်ပြန်ပါတယ်။

သစ္စာစောင့်သိဆဲ

အကြမ်းဖက်မှု၊ ရောဂါထူပြောမှုနဲ့ မျှော်လင့်ချက်ပျက်သုဉ်းမှုတို့ဟာ ဒုက္ခသည်စခန်းမှာ ဖြစ်ပေါ်နေကြပါပဲ။ အစားအစာ၊ရေ၊ ဆေးဝါးအစရှိတာတွေ အကုန်ရှားပါးပါတယ်။ ဘယ်လ်ဂျီယံဆေးအဖွဲ့က စိတ်ပိုင်းဆိုင်ရာပညာရှင် ဂါရစ်လူ့စ်ကတော့ ဒီစခန်းမှာရှိတဲ့ အမျိုးသမီးတွေဟာ အိုင်အက်စ်တွေအပေါ် သစ္စာစောင့်သိဆဲပဲဖြစ်ပြီး ယုံကြည်မှုကို စွန့်လွှတ်လိုက်တဲ့သူဆိုရင် ကျောက်တုံးတွေနဲ့ ပစ်ပေါက်တုန်းပဲလို့ ပြောပြပါတယ်။ အဲဒီစခန်းမှာ ကလေး ၇၀၀၀ နဲ့ အမျိုးသမီး ၃၀၀၀ ခန့် နေထိုင်ကြပါတယ်။ သူတို့ထဲက အများစုကတော့ မူလနိုင်ငံတွေဆီ ပြန်ချင်ကြပါတယ်။ ရုရှား၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်နဲ့ ဘယ်လ်ဂျီယံနိုင်ငံတွေကတော့ အများစုရဲ့ မူလနိုင်ငံတွေပါပဲ။ ကာဇက်စတန်နဲ့ကိုဆိုဗိုတို့ကတော့ သူတို့ဆီက လူတွေကို အရွယ်ရောက်ပြီးသားဖြစ်နေရင်တောင် လက်ခံပေးပါတယ်။ တူရကီနဲ့ ရုရှားတို့ကတော့ အရေအတွက်အနည်းငယ်ကို ပြန်လက်ခံပေးပြီး အများစုကတော့ မိဘမဲ့တွေကို ပြန်လက်ခံခဲ့ပါတယ်။

ကလေးတွေကိုသာ လက်ခံမယ်

ဒါပေမယ့်အချို့နိုင်ငံတွေကတော့ လက်ခံနိုင်ဖို့ သဘောထား တင်းမာလှပါတယ်။ ဗြိတိန်နိုင်ငံမှာတော့ သူ့ဆီကိုပြန်လာဖို့ တောင်းဆိုတဲ့လူကို နိုင်ငံသားဖြစ်ခွင့်ကနေ ရုပ်သိမ်းခဲ့ပါတယ်။ ဥရောပနိုင်ငံအများစုကတော့ ပြန်လည်လက်ခံပေးရေးကို အစပိုင်းမှာ ငြင်းဆိုခဲ့ပြီး နောက်ပိုင်းမှာတော့ ကလေးတွေကို လက်ခံပေးမယ်။ ဒါပေမယ့် ဖြည်းဖြည်းချင်းပဲ လုပ်ဆောင်သွားမယ်လို့ ပြောခဲ့ကြပါတယ်။ ဘယ်လ်ဂျီယံနိုင်ငံကတော့ သူတို့နိုင်ငံသား ဖြစ်နေတဲ့ ၁၀ နှစ်အောက် ကလေးငယ်တွေကို အဆင့်ဆင့်စစ်ဆေးပြီး ပြန်လည်လက်ခံသွားမယ်လို့ ပြောပါတယ်။ မိဘတွေလုပ်ခဲ့တဲ့ အပြစ်အတွက် ကလေးတွေက အပြစ်ခံစရာမလိုပါဘူးလို့ ဘယ်လ်ဂျီယံ တရားရေးဝန်ကြီး ခိုရန်ဂရင်းက ပြောပါတယ်။ ဒါပေမယ့် အရွယ်ရောက်ပြီးသား လူတွေကိုတော့ အစိုးရက ပြန်လည်လက်ခံသွားမှာ မဟုတ်ပါဘူး။ ၂၀၁၂ ခုနှစ်ကစပြီး ဘယ်လ်ဂျီယံနိုင်ငံဟာ ဆီးရီးယားမှာ ရောက်နေတဲ့ ဘယ်လ်ဂျီယံနိုင်ငံသား ကလေး ၂၅ ယောက်ကို ပြန်လာဖို့ ခွင့်ပြုခဲ့ပါတယ်။ သို့ပေမယ့်လည်း ဘယ်လ်ဂျီယံ ကလေး ၁၆၂ ဦး အိုင်အက်စ်တို့ရဲ့ နယ်မြေမှာကျန်ရှိဆဲပါပဲ။ ပြင်သစ်နိုင်ငံကလည်း ပြင်သစ်နိုင်ငံသား ကလေးတွေကို ဖြည်းဖြည်းချင်း ပြန်လက်ခံသွားမယ်လို့ ပြောပါတယ်။

အတားအဆီးရှိနေဆဲ

ဂျာမနီနိုင်ငံကတော့ ဆီးရီးယားမှာ ရောက်နေတဲ့ ကလေး ၃၀၀ အနက်က ၁၅ ယောက်ကို ပြန်လက်ခံပြီးပါပြီ။ ဒါပေမယ့် ဂျာမနီရော ပြင်သစ်ပါ အရွယ်ရောက်ပြီးသား လူဆိုရင် လက်မခံပါဘူး။ ဒါတောင်မှပဲ ပြင်သစ်နိုင်ငံက လူဦးရေ သုံးပုံနှစ်ပုံခန့်ဟာ ကလေးတွေကို ပြန်လက်ခံတာကို မကြိုက်ကြဘူးလို့ ဖေဖော်ဝါရီလအတွင်းက ကောက်ယူထားတဲ့ စစ်တမ်းတွေအရ သိရပါတယ်။ စခန်းမှာရောက်နေကြတဲ့ ဥရောပနိုင်ငံသား ကလေးအချို့ဟာ နေရပ်ကိုပြန်လိုကြပေမယ့် သူတို့အတွက် ကြီးမားတဲ့ အတားအဆီးတွေက ရှိနေဦးမှာ အမှန်ပါပဲ။

ကိုးကား - နယူးယောက်တိုင်းမ်

> **“ပြီးခဲ့တဲ့ ဇွန်လအတွင်းကတော့ ပြင်သစ်နဲ့ ဘယ်လ်ဂျီယံတို့ဟာ အစွန်းရောက်မိဘတွေ လုံးဝ သေသွားပြီလို့ သက်သေပြနိုင်တဲ့ ကလေးတွေ၊ အထူးသဖြင့် မိဘမဲ့တွေကိုသာပြန်ပြီး လက်ခံပေးခဲ့ပါတယ်။ ဖခင်လုပ်သူက ကလေးကို အိုင်အက်စ် နယ်မြေအတွင်း ခေါ်သွားခဲ့ပြီး ဥရောပတိုင်းပြည်တွေမှာ မိခင်ရင်းဖြစ်သူ ကျန်ရစ်ခဲ့တဲ့ဖြစ်ရပ်မျိုးအတွက် ဆိုရင်တော့ ခေါ်ဆောင်သွားတဲ့ ဖခင်သေသွားတာသေချာပြီဆိုရင် ကလေးကို ပြန်ခေါ် ပေးပါတယ်”**

မကွေးမြို့၌ မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာပေးမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မကွေး ဩဂုတ် ၁၆

မြန်မာလုပ်သားထု ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာပေးမြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က မကွေးမြို့နန်းထိုက်သူဟိုတယ်ခန်းမ၌ ကျင်းပသည်။

မကွေးတိုင်းဒေသကြီး အလုပ်သမားရေးရာဝန်ကြီး ဦးမြင့်ဆွေက မိမိတို့ မကွေးတိုင်းဒေသကြီးအတွင်းမှာရှိသည့် လုပ်သားထု၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုမည်ဖြစ်သောကြောင့် မိမိတို့အစိုးရအဖွဲ့အနေဖြင့် အထူးအလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း လုပ်ကိုင်နေကြသည့် SME လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် အအောင်မြင်ဆုံးအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းများ အစဉ်အောင်မြင်တိုးတက်စေရန် လုပ်ငန်းကဏ္ဍအသီးသီးတွင် လုပ်ကိုင်နေကြသည့် လုပ်သားများ၏ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးသည်အဓိကကျသည့် အချက်ပင်ဖြစ်ကြောင်း၊ ယနေ့ခေတ်တွင် အသက်မွေးဝမ်းကျောင်း ပညာရေးစနစ်သည် တစ်ခေတ်ဆန်းလာပြီး နိုင်ငံတိုင်းအနေဖြင့် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း အသက်မွေးဝမ်းကျောင်းပညာရေးဖွံ့ဖြိုးရန် ကြိုးစားနေကြသည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးအတွင်းတွင်ရှိသည့် လုပ်သားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရန်၊ ကျွမ်းကျင်မှုများကို စစ်ဆေးအကဲဖြတ်ပြီး အသိအမှတ်ပြုပေးနိုင်ရန်၊ လိုအပ်သည်များကို ဝိုင်းဝန်းကာ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

NSSA အတွင်းရေးမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကောင်အထည်ဖော် ဆောင်ရွက်နေသော တိုင်းဒေသကြီးအဆင့် ကျွမ်းကျင်မှုလုပ်ငန်းစဉ်ကို နိုင်ငံအဆင့်(အမျိုးသားအဆင့်) ချိတ်ဆက်နိုင်မည့်လမ်းကြောင်း ရှင်းပြနိုင်ရန်အတွက် Communication Platform တစ်ခုကို တိုင်းဒေသကြီးမှာရှိသည့် သက်မွေးကဏ္ဍဆိုင်ရာ Stakeholder များ သိရှိနိုင်ရန်ဖြစ်ကြောင်း၊ အလုပ်အကိုင်ကျွမ်းကျင်မှုလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးအဆင့်မှ အမျိုးသားအဆင့် ချိတ်ဆက်နိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) ကို သိရှိရန်လိုကြောင်း၊ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်း မူဘောင်အရ ကျွမ်းကျင်မှုအဆင့်-၁ မှ အဆင့်-၄ အတွင်း အမျိုးသားအဆင့် ကျွမ်းကျင်မှု အသိအမှတ်ပြုလုပ်ငန်းစဉ်ကို အရည်အသွေးအာမခံချက်ရှိရေး ဆောင်ရွက်နေသော အမျိုးသားအဆင့်အဖွဲ့ဖြစ်ကြောင်း ပြောကြားသည်။

NSSA အနေဖြင့် မြန်မာလုပ်သားများအတွက် အလုပ်အကိုင်ဆိုင်ရာ အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များ စနစ်တကျရှိစေရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာချိန် အမျိုးသားအဆင့် ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ကိုင်ဆောင်ထားနိုင်ရေး၊ အာဆီယံအသိုက်အဝန်းအတွင်း ကျွမ်းကျင်လုပ်သား လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာခြင်း လုပ်ငန်းစဉ်ကို ကြံ့ကြံ့ခံနိုင်ရေးတို့ကို ဆောင်ရွက်နေကြောင်း၊ NSSA လုပ်ငန်းစတင်ခဲ့သည့် ၂၀၁၄ ခုနှစ်က ကျွမ်းကျင်မှုအလိုက် စစ်ဆေးအကဲဖြတ်ပေးခဲ့ရာ ၂၀၁၉ ခုနှစ် ဇူလိုင်လအထိ မြန်မာနိုင်ငံတစ်ဝန်း အလုပ်အကိုင် ၂၃ မျိုးမှ ဖြေဆိုသူ အမျိုးသား၊ အမျိုးသမီး ၁၄၂၃၀ ရှိပြီး အမျိုးသားအဆင့် ကျွမ်းကျင်မှုအဆင့် (၁) အမျိုးသား ၈၂၇၀ ၊ အမျိုးသမီး ၃၄၅၉ နှင့် အဆင့် (၂)ကို အမျိုးသား ၈၆၃ ဦး၊ အမျိုးသမီး ၆၉ ဦး ၊ အမျိုးသားအဆင့် (၁)နှင့် (၂)အတွက် အမျိုးသား ၉၁၃၃ ဦး၊ အမျိုးသမီး ၃၅၂၈ ဦးတို့ကို အရည်အချင်းပြည့်မီကြောင်း၊ စစ်ဆေးအကဲဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

သန်းနိုင်ဦး(ငဖဲ)

မြန်မာလုပ်သားထု ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

မုံရွာတက္ကသိုလ်ကျောင်းဝင်းအတွင်းရှိ သိပ္ပံသုတေသနအဆောင် အကြီးစားပြင်ဆင်မှုရရှိရေး စစ်ဆေး

မုံရွာ ဩဂုတ် ၁၆

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းသည် မုံရွာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသူရစိုးနှင့် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မုံရွာတက္ကသိုလ် ကျောင်းဝင်းအတွင်းရှိ သိပ္ပံသုတေသနအဆောင် အကြီးစား ပြင်ဆင်မှုရရှိရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးက ယခု သိပ္ပံသုတေသနအဆောင်သည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် က Capital Development Limited က တာဝန်ယူ၍ နိုင်ငံတော်မှ ငွေကျပ်သန်း ၆၂၀ အကုန်ကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအဆောင်ကို ရေဝပ်သောနေရာတွင် ဆောက်ထားခဲ့သည့်အတွက် အဆောင်တစ်ခုလုံး၏ အပေါ်ထပ်၊ အောက်ထပ်အခန်းတိုင်းတွင် နံရံများအက်ကွဲခြင်း၊ အောက်ထပ်မြေသားများကျွံကျခြင်း၊ ကွန်ကရစ်တိုင်များ အက်ကွဲခြင်းတို့ကို တွေ့ရှိရကြောင်းနှင့် ယနေ့အချိန်အထိ ယင်းအဆောင်တွင် မုံရွာတက္ကသိုလ် ဌာနခွဲခြောက်ခုမှ ဆရာ ဆရာမများက ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိခိုက်မှုများ ရှိလာနိုင်သော်လည်း ဘေးအန္တရာယ်ကင်းရှင်းစွာ၊ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုအား တွေ့မြင်နေရ၍ အကြီးစားပြင်ဆင်မှုများရရှိရေးအတွက် တာဝန်ရှိသူများနှင့် တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ အဆောက်အအုံနှင့် ပတ်သက်၍ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် သက်ဆိုင်ရာတာဝန်ရှိသူများ ပါဝင်သော အရည်အသွေး စစ်ဆေးရေးအဖွဲ့ဖွဲ့ကာ ဆက်လက်ပြီး စစ်ဆေး၍ ပြန်လည်တင်ပြကြရန် တိုက်တွန်း ပြောကြားသည်။

ထို့နောက် အဆိုပါကျောင်းဆောင်အား အကြီးစားပြင်ဆင်မှုများရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းအတွက်လိုအပ်သည့် တင်ပြမှုများကိုလည်း တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး အလားတူအဖြစ်မျိုးများ မဖြစ်ပေါ်ရေးအတွက် ကျန်ရှိနေသေးသည့် ကျောင်းဆောင်များကိုလည်း အန္တရာယ်မဖြစ်အောင် ဆက်လက်စစ်ဆေးမှုများ ပြုလုပ်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ထွန်းကိုကို(ယင်းမာပင်)

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေ ပေးအပ်စဉ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား ထားဝယ်မြို့၌ကျင်းပ

ထားဝယ် ဩဂုတ် ၁၆

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား (၂၀၁၈-၂၀၁၉)ဘဏ္ဍာနှစ်အတွက် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ ထားဝယ်မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်က လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အသိအမှတ်ပြု ထောက်ပံ့လျက်ရှိသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား (၂၀၁၇-၂၀၁၈)ဘဏ္ဍာနှစ်မှစ၍ ထောက်ပံ့ကြေးတိုးမြှင့်ထောက်ပံ့ခဲ့ရာ ဆန်ဖိုးတစ်ဦးလျှင်ငွေကျပ် ၅၄၀၀၀ ၊ စားစရိတ် ငွေကျပ် ၇၃၀၀၀နှင့် ဝတ်စရိတ်ငွေကျပ် ၂၀၀၀၀ဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုထောက်ပံ့ပေးမှုအဖြစ် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာ နှစ် တစ်နှစ်စာ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုထားသောဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ စေတနာ့ညကျောင်းများ၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများမှ တာဝန်ရှိသူများ၊ ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် မိမိတို့တာဝန်ယူထားသော အဖွဲ့အစည်းများ၏ အကျိုးရှိစေမည့် ရည်မှန်းချက်များနှင့်အညီ ကလေးများ၊ လူငယ်များနှင့် အမျိုးသမီးများ၊ သက်ကြီးဘိုးဘွားများ၏ အကျိုးကို ထာဝစဉ် ရှေးရှုပြုစုပျိုးထောင်ပေးခြင်းအားဖြင့် တိုင်းပြည်အရန်အင်အားစုတွင် တစ်တပ်တစ်အား ပါဝင်လာစေရန်နှင့် ဂေဟာများ ရေရှည်တည်တံ့တိုးတက် အောင်မြင်စေရန် စွမ်းဆောင်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီးနှင့် အဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တစ်နှစ်စာအတွက် တိုင်းဒေသကြီးအတွင်း ရပ်ရွာအခြေပြု ပရဟိတဂေဟာကိုးခု၊ ဘိုးဘွားရိပ်သာသုံးခု၊ စေတနာမူလတန်းညကျောင်း တစ်ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၄၆ ကျောင်းတို့အတွက် ထောက်ပံ့ငွေကျပ် ၁၅၂၇၂၀၀၀၀ ကို ပေးအပ်ရာ သက်ဆိုင်ရာကိုယ်စားလှယ်များက လက်ခံခဲ့သည်။

ခရိုင်(ပြန်/ဆက်)

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ချင်းပြည်နယ် ကျောင်းကျန်းမာရေးသီတင်းပတ်အခမ်းအနား မင်းတပ်မြို့၌ ကျင်းပ

မင်းတပ် ဩဂုတ် ၁၆

၂၀၁၉-၂၀၂၀ ပညာသင်နှစ် ချင်းပြည်နယ် ကျောင်းကျန်းမာရေး ဩဂုတ်လ ဒုတိယပတ် ကျောင်းကျန်းမာရေးသီတင်းပတ် လှုပ်ရှားမှု အခမ်းအနားကို ယမန်နေ့က အထက(၁)ခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်က အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူး (တာဝန်ခံ) ဦးနိန်ဟုန်းအားပေးအပ်ပြီး ပြည်နယ်လူမှုရေးဝန်ကြီးက မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီးက အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကိုလည်းကောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာအောင်ငွေဇံက အထက်တန်းအဆင့်ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်က အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများကို လည်းကောင်း ဆုများပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးနှင့်တာဝန်ရှိသူများက ကျောင်းကျန်းမာရေးသီတင်းပတ်ပြခန်း၊ ရောဂါကာကွယ်စေသော အစားအစာအုပ်စုပြခန်း၊ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်ပြခန်း၊ ခန္ဓာကိုယ်ကြီးထွားစေသော အစာအုပ်စုပြခန်း၊ အင်အားဖြစ်စေသော အစာအုပ်စုပြခန်း၊ ဆုရရှိသော ပန်းချီပိုစတာ ပြခန်းနှင့် စာစီစာကုံးပိုစတာပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။ **ခိုရှိန်း(ပြန်/ဆက်)**

ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်နှင့်တာဝန်ရှိသူများ ကျောင်းကျန်းမာရေးသီတင်းပတ်ပြခန်း၊ ရောဂါကာကွယ်စေသော အစားအစာအုပ်စုပြခန်းကို ကြည့်ရှုစဉ်။

ကင်းထောက်နှလုံးသားပိုင်ရှင်တွေ ကျွန်တော်တို့တိုင်းပြည်မှာ များများမွေးထုတ်ပေးနိုင်လေ နိုင်ငံအနာဂတ်ကို တာဝန်ယူ ပုံဖော်သွန်းလောင်းပေးကြမယ့် ခေါင်းဆောင်ကောင်းတွေ များများပေါ်ထွက်လာနိုင်မယ်

အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်အကြီးအကဲအဖြစ် ကတိခံယူပွဲ၌ ပြောကြားသည့်မိန့်ခွန်းတွင် ပါဝင်သော လွန်ခဲ့သည့် အနှစ် (၆၀) ကျော်က ကင်းထောက်ကြီးတစ်ဦး ရေးသားစပ်ဆိုသည့် ကင်းထောက်ဂုဏ်ပြုတေးသီချင်းစာသားကို 'မြင့်မြတ်နှလုံးသားပိုင်ရှင်များ' အမည်ဖြင့် သံစဉ်ရေးသားစပ်ဆိုပေးသော ကင်းထောက်ကြီး အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ၏ တေးသီချင်းအပေါ် ခံစားရေးဖွဲ့မှုအမြင်နှင့် တေးသီချင်းသီဆိုမှုကို ကြီးကြပ်ဆောင်ရွက်ပေးသော မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့မှ ကင်းထောက်အမျိုးသမီးကြီး ဒေါ်မြင့်ကြည်တို့၏ သဘောထားအမြင်များကို ဖော်ပြအပ်ပါသည်။

အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ
ကင်းထောက်ကြီး

ကင်းထောက်ဆိုတာ အများအကျိုးသယ်ပိုးဆောင်ရွက်ဖို့ အစဉ်အသင့်ရှိနေတဲ့သူတွေ၊ အမျိုးဘာသာမရွေး ဆင်းရဲချမ်းသာမရွေး၊ တန်းတူထားတဲ့စိတ်၊ ချစ်ချစ်ခင်ခင် ရောရောနှောနှော ပေါင်းသင်းနေထိုင်လိုတဲ့ စိတ်ရှိတဲ့သူတွေ စုစည်းထားတဲ့ အဖွဲ့ကြီးလို့ပြောမယ်ဆိုရင် ပြောလို့ရတယ်။ ငယ်ငယ်ကတည်းက ကျောင်းသားဘဝမှာ ကင်းထောက်အဖွဲ့ဝင်ဖြစ်ပြီး (၁၈)နှစ်ပြည့်တော့ ရိုဗာကင်းထောက် ဖြစ်ခဲ့တယ်။ ၁၉၆၄ ခုနှစ်မှာ ကင်းထောက်အဖွဲ့ကြီး ရပ်ဆိုင်းသွားတယ်၊ သိပ်နှမြောဖို့ ကောင်းတယ်။ နှစ်ပေါင်း ၅၀ နီးနီးကြာတော့မှ ၂၀၁၃ ခုနှစ်မှာ ပြန်လည်ပေါ်လာရတယ်။

တိုင်းပြည်အတွက်တန်ဖိုးကြီးတဲ့ မျိုးဆက်သစ်ကင်းထောက်တွေ ထွက်ပေါ်ခွင့်မရဘူးဖြစ်သွားတယ်။ ကင်းထောက်ကျင့်ဝတ် (၁၀)ပါးမှာ "ကင်းထောက်၏ ဂုဏ်သိက္ခာသည် ယုံကြည်စိတ်ချရသည်" ဆိုတာပါတယ်။ ကင်းထောက်သည် ဂုဏ်သိက္ခာကို ဘာနဲ့မှ မလဲဘူး။ အခက်အခဲအပေါင်းကိုလည်း သတ္တိရှိရှိ ရင်ဆိုင်ဖြေရှင်းဖို့ အသင့်ရှိတဲ့သူတွေ၊ သူတစ်ပါးကို အချိန်မရွေး ကူညီမယ့်သူတွေ။ ဒီလိုမြင့်မြတ်တဲ့ စိတ်ဓာတ်ရှိတဲ့သူတွေ တိုင်းပြည်မှာ အများကြီးလိုအပ်ပါတယ်။

အခုဆိုရင် ကင်းထောက်ရဲ့လှုပ်ရှားမှုတွေ တွေ့လာရပြီမို့ ဝမ်းသာကြည်နူးမှုများစွာ ဖြစ်ရပါတယ်။ အချိန်တိုအတွင်းမှာ တက်ကြွလှုပ်ရှားမှုတွေ အားကောင်းခဲ့တာကြောင့် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ကို ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အဖွဲ့ဝင်နိုင်ငံ ၁၆၀ က ကန့်ကွက်မှုမရှိ အတည်ပြုလိုက်ပါပြီ။ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်ကြီးရဲ့ အောင်ပွဲဖြစ်သလို တိုင်းပြည်ရဲ့ ပုံရိပ်ကောင်းတစ်ခုကို ရယူလိုက်နိုင်ခြင်းလည်း ဖြစ်ပါတယ်။ ကင်းထောက်လုပ်ငန်းသည် စစ်သဘောမပါ နိုင်ငံရေးမစွက် လူမှုဝန်ထမ်းသက်သက်များကိုသာ ဆောင်ရွက်ဖို့ ဖြစ်တဲ့အပြင် လူငယ်တွေရဲ့ အကျင့်စာရိတ္တပြုပြင်ခြင်း၊ သစ္စာရှိမှု၊ မျိုးချစ်စိတ်ရှိမှု၊ စွမ်းရည်သတ္တိရှိမှု၊ သူတစ်ပါးအတွက် ကူညီဆောင်ရွက်တတ်မှု စတဲ့ရည်ရွယ်ချက်တွေကြောင့် ကင်းထောက်နှလုံးသားပိုင်ရှင်တွေ ကျွန်တော်တို့တိုင်းပြည်မှာ

ကင်းထောက်ကြီး အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ

များများမွေးထုတ်ပေးနိုင်လေ နိုင်ငံအနာဂတ်ကို တာဝန်ယူ ပုံဖော်သွန်းလောင်းပေးကြမယ့် ခေါင်းဆောင်ကောင်းတွေ များများပေါ်ထွက်လာနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်မိပါတယ်။

ဇူလိုင် ၂၀ ရက်က ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမမှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ ကင်းထောက်အကြီးအကဲအဖြစ် ကတိခံယူခဲ့ပါတယ်။ အဲဒီကတိခံယူပွဲ မိန့်ခွန်းပြောရာမှာ ငယ်စဉ်ကသီဆိုခဲ့ကြတဲ့ 'ကင်းထောက်များတို့ ညီညာစွာ' အစချီတဲ့ သီချင်းစာသားလေးကို မှတ်မှတ်ရရ ရွတ်ပြသွားပါတယ်။ ခေတ်ဟောင်း ကင်းထောက်သီချင်းတစ်ပုဒ်လို့ ဆိုရမှာပါ။ ဒီစာသားကို ကင်းထောက်သီချင်းတစ်ပုဒ်အဖြစ် သံစဉ်မှာ အသံသွင်းဖို့ ကင်းထောက်အဖွဲ့ချုပ်က တာဝန်ပေးခဲ့တာကြောင့် ကျွန်တော်တတ်ကျွမ်းတဲ့ တေးဂီတပညာနဲ့ အဲဒီစာသားလေးကို 'မြင့်မြတ်နှလုံးသားပိုင်ရှင်များ' အမည်နဲ့ ကင်းထောက်ဂုဏ်ပြုတေးတစ်ပုဒ်အဖြစ် ပံ့ပိုးကူညီခြင်းဖြင့် ကင်းထောက်အဖွဲ့ချုပ်ကြီးကို ကျေးဇူးဆပ်တာပါ။

အမျိုးသမီးကင်းထောက်ကြီး ဒေါ်မြင့်ကြည်

ဒေါ်မြင့်ကြည်
အမျိုးသမီးကင်းထောက်ကြီး

ကျွန်မက ပညာရေးဌာန ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း) ဖြစ်ပြီး မြန်မာနိုင်ငံ ကင်းထောက်အမျိုးသမီးအဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ ဒီနေ့ 'မြင့်မြတ်နှလုံးသားပိုင်ရှင်များ' သီချင်းကို အခြေခံပညာကျောင်း ငါးကျောင်းက ကင်းထောက်အမျိုးသမီးငယ် (Blue Bird) ၂၀ နဲ့ ရိုက်ကူးခဲ့ပါတယ်။ ဇူလိုင် ၂၀ ရက်နေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် အကြီးအကဲအဖြစ် ကတိခံယူပွဲ အခမ်းအနားမှာ ဆိုပြသွားတဲ့ ကင်းထောက်သီချင်းပဲ ဖြစ်ပါတယ်။ အမေစုတို့ ငယ်ငယ်တုန်းက ကင်းထောက်အမျိုးသမီးဖြစ်စဉ် ဆိုခဲ့တဲ့သီချင်းလို့ ပြောပါတယ်။

ဒီသီချင်းက သိပ်ကောင်းပါတယ်။ ကင်းထောက်တွေ ကတိ (၃)ပါးကိုတည်ကြောင်း စေတနာအပြည့်အဝနဲ့ သူတစ်ပါးကို ကူညီတယ်။ ကျင့်ဝတ် (၁၀) ပါးကို လိုက်နာကြောင်း စံနူန်းစံထားကိုက်ညီရမှာဖြစ်ကြောင်း အားလုံးပါပါတယ်။ ဒီကင်းထောက်ဂုဏ်ပြုသီချင်းကို သီဆိုရမှာက ကင်းထောက်အမျိုးသမီးတွေပါ။ ဒီကနေ လွှင့်ထုတ်လိုက်ပြီးရင် ကျန်တဲ့ တိုင်းဒေသကြီးတွေမှာရှိတဲ့ ကင်းထောက်အမျိုးသမီးတွေဆီကို ဖြန့်ဝေပေးလိုက်မှာပါ။ ပြည်နယ်/ တိုင်းဒေသကြီးအချို့မှာ ကင်းထောက်အမျိုးသမီးငယ် (Blue Bird) သင်တန်းဖွင့်ထားကာ ငယ်စဉ်ကစတင်ကာ နိုင်ငံအကျိုးပြုမယ့် ကင်းထောက်လေးတွေဖြစ်ဖို့ လေ့ကျင့်သင်ကြားပေးတာ ဖြစ်ပါတယ်။ **သတင်းအဖွဲ့**

"မြင့်မြတ်နှလုံးသားပိုင်ရှင်များ"

ရေး - ကင်းထောက်ကြီးတစ်ဦး
တေးသံစဉ် - အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ
တေးဂီတ - ဂီတမှူး စန္ဒရားမောင်လှအေးနှင့်အဖွဲ့
ဆို -မြန်မာကင်းထောက် အမျိုးသမီးငယ်လေးများ

✽ (ကင်းထောက်များတို့ ညီညာစွာ
ကတိသုံးပါးထားလို့သာ
ပြုဖွယ်ကိစ္စများတို့မှာ
သမာဓိ တည်ကြည်စွာ)၂
လူတိုင်းချစ်- ချစ်ကြည်စွာ
ယဉ်ကျေးသိမ့်မွေ့စေတနာ
တိုင်းပြည်အကျိုးထမ်းဆောင်မှာ
ကင်းထောက် တို့ဝန်တာ
ဘာသာရေးမှာ လေးစားတာ
စေတနာထားကာ အများကို ကူညီမှာ .....
✽ ကျင့်ဝတ်ဆယ်ပါး လေးစားလိုက်နာ
တို့ကင်းထောက်တွေပါ-
ကင်းထောက်စံနူန်း စံထားတွေ ပြည့်ဝစေဖို့ရာ
ကျင့်ဝတ်ဆယ်ပါး လေးစားလိုက်နာ
တို့ကင်းထောက်တွေပါ
အားသစ်တွေလောင်း စုပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်မှာ
နေရာမရွေး ကူညီပေးမည်
ကတိတည်ပါသည် .....
မြင့်မြတ်နှလုံးသားပိုင်ရှင်များ
စေတနာထားကာ အများကို ကူညီမှာ .....

ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၈-၂၀၁၉

ရွှေ

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၃၂၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၅၉၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၂၃၂၀၀၀
မန္တလေး	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၁၁၅၉၅၀၀

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

စက်သုံးဆီ

စက်သုံးဆီ	လက်လီဈေး(ရန်ကုန်)	လက်လီဈေး(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၈၅၀/၈၉၀ ကျပ်	၉၀၅/၉၁၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၈၆၀/၉၀၀ ကျပ်	၉၂၀/၉၃၀ ကျပ်
အောက်တိန်း ၉၂	၇၅၀/၇၉၅ ကျပ်	၈၂၅/၈၄၀ ကျပ်
အောက်တိန်း ၉၅	၈၄၀/၈၈၅ ကျပ်	၉၃၅/၉၄၅ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၁၅၂၁ · ၂
ဥရောပ	တစ်ယူရို	ကျပ် ၁၆၈၆ · ၁
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၁၀၉၆ · ၂
ဗြိတိန်	တစ်ပေါင်စတာလင်	ကျပ် ၁၈၄၈ · ၀
ဂျပန်	၁၀၀ ယန်း	ကျပ် ၁၄၃၀ · ၈
ဩစတြေးလျ	တစ်ဒေါ်လာ	ကျပ် ၁၀၃၂ · ၁
တရုတ်	တစ်ယွမ်	ကျပ် ၂၁၆ · ၀၇
အိန္ဒိယ	တစ်ရူပီး	ကျပ် ၂၁ · ၃၇၁
ကိုရီးယား	၁၀၀ ဝမ်	ကျပ် ၁၂၅ · ၆၇
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၆၃ · ၇၉
ထိုင်း	တစ်ဘတ်	ကျပ် ၄၉ · ၂၃၈

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

စတော့အိတ်ချိန်း ဈေးကွက် (၉-၈-၂၀၁၉)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၂၀၀၀	၁၂၀၀၀	၅၆၂၄	၆၇၄၄၈၅၀၀
MTSH	၄၂၀၀	၃၉၅၀	၃၆၉၂၂	၁၅၇၆၂၇၄၀၀
MCB	၈၄၀၀	၈၄၀၀	၂	၁၆၈၀၀
FPB	၂၆၀၀၀	၂၆၀၀၀	၄၇၅	၁၂၃၈၀၅၀၀
TMH	၃၀၅၀	၃၁၀၀	၁၅၁၆	၄၆၂၈၉၀၀

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	စိုးစိုးနိုင်
သတင်းထောက်ချုပ်	-	မြင့်ဆွေ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

မွန်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် အနုပညာရှင်များ၏ ရန်ပုံငွေဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲ သုဝဏ္ဏကွင်း၌ ကျင်းပမည်

မွန်ပြည်နယ်မှ ရေဘေးသင့်ပြည်သူများအတွက် ရန်ပုံငွေရရှိစေရန် အနုပညာရှင်များစွာပါဝင်သည့် ရန်ပုံငွေ ဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကြီးကို Myanmar Media 7 ၏ ဦးစီး စီစဉ်မှုဖြင့် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းကြီး၌ ဩဂုတ် ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဘောလုံးပွဲတွင် ပါဝင်ကစားကြမည့် အနုပညာရှင်များမှာ စိုင်းစိုင်းခမ်းလှိုင်၊ ပြေတီဦး၊ မင်းမော်ကွန်း၊ Rဇာနည်၊ ထွန်းထွန်း၊ သူထူးစံ၊ ရဲလေး၊ ယုန်လေး၊ နန္ဒစိုင်း၊ ဟက်ကက်၊ ဖြိုးလေး(Snare)၊ နေဝင်း (Snare)၊ ဒေါင်း၊ ထူးအယ်လင်း၊ ကျော်ထွဋ်ဆွေ၊ လွှမ်းပိုင်၊ G Fatt၊ X Box၊ နေမင်း၊ ဟန်ဇာမိုးဝင်း၊ မိုးယံဇွန်၊ နေဒွေး၊ ညီနန္ဒ၊ ကျော်ကျော်၊ ဝင်းထွန်းထွန်း၊ နိုင်းဝမ်း၊ သားသား၊ ဒီဖြိုး၊ စူးရှ၊ ဥက္ကာ၊ အောင်လေး၊ ဝေလျှံ၊ Morris (Project K)၊ ရဲနောင်(Myanmar Idol)၊ ဆန်းတိုးနိုင်၊ ချာလီနှင့် Ice Cold တို့ဖြစ်သည်။

ဂီတဖျော်ဖြေပွဲတွင် ဖျော်ဖြေသီဆိုကြမည့် အနုပညာရှင်များမှာ ဟဲလေး၊ မိုးမိုး၊ ဖြိုးပြည့်စုံ၊ ထက်ယံ၊ ဝေကြီး၊ အုပ်စိုးခန့်၊ နီနီခင်ဇော်၊ အိုင်းရင်းဇင်မာမြင့်၊ မိစန္ဒီ၊ နွေးနွေးချစ်ဖွယ်၊ လိမ္မော်သီး၊ Jewel၊ ဝိုင်းလေး၊ ကေကေမိုး၊ မေမဒီနှင့် BPML အဖွဲ့တို့ဖြစ်သည်။

ထို့အပြင် ဘောလုံးပွဲနေ့တွင် အနုပညာရှင်များဖြစ်သော သားညီ၊ ရဲရင့်အောင်၊ အိန္ဒြာကျော်ဇင်၊ သင်ဇာဝင့်ကျော်၊ ဝါဆိုမိုးဦး၊ စံရတီမိုးမြင့်၊ ယုသန္တာတင်၊ နေခြည်ဦး၊ ခင်ဝင့်ဝါ၊ ရွှေသမီး၊ နန်းခင်ဇေယျာ၊ ရတနာဗိုလ်၊ သျှားထွဋ်အိန္ဒြာ၊ ငြိမ်းဖြူ၊ နှင်းပွင့်ကေရီ၊ ပိုးကြာဖြူခင်၊ မေတိုးခိုင်၊ နော်ဖောအယ်ထာ၊ ကူးကူးဇင်အောင်၊ သဲနန္ဒာစိုး၊ ဝေလာရီ၊ နှင်းသွေးယုအောင်၊ သီရိကျော်၊ ထွဋ်မြတ်ရွှေရည်၊ သဥ္ဇာနှင့် ဝမ်ဝမ်းတို့က အလှူခံကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေဘေးကယ်ဆယ်ရေးရန်ပုံငွေ ဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကို လာရောက်ကြည့်ရှုရင်း အလှူငွေများ ပါဝင်လှူဒါန်းလိုသော ပရိသတ် အလှူရှင်များအနေဖြင့် လက်မှတ်များကို အထူးတန်း ကျပ် ၃၀၀၀ နှင့် ရိုးရိုးတန်း ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း၊ အဆိုပါ ရန်ပုံငွေပွဲကို Sky Net မှလည်း တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ အနယ်နယ် အရပ်ရပ်မှ ပရိသတ်များအနေဖြင့် အလှူငွေများ လှူဒါန်းလိုလျှင်လည်း ရေဘေးရန်ပုံငွေအတွက် ဖွင့်လှစ်ထားသော ကမ္ဘောဇဘဏ်အကောင့် (၀၂၇၁၂၂၀၀၄၁၉၅၃)သို့ ထည့်ဝင်လှူဒါန်းနိုင်သလို ဖုန်းနံပါတ် ၀၉၈၉၄၅၂၂၁၉၃ နှင့် ၀၉၈၉၄၅၂၂၁၈၄ သို့လည်း နံနက် ၉ နာရီမှ ညနေ ၆ နာရီအတွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **ကိုလင်း**

အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး သံတမန်အဖြစ် အဆိုတော် အိမ့်ချစ်ကို ခန့်အပ်

အောင်မြင်သော လူငယ်အမျိုးသမီးအဆိုတော်တစ်ဦးဖြစ်ပြီး မိခင်ဖြစ်သူနှင့်အတူ ဘဝကို ရင်ဆိုင်ဖြတ်သန်းနေသူ အဆိုတော် အိမ့်ချစ်အား အမျိုးသမီးငယ်နှင့် ကလေးသူငယ်များ အခွင့်အရေးအတွက် အဓိက လှုပ်ရှားနေသည့် အဖွဲ့အစည်းတစ်ခုဖြစ်သော Plan International က အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေး သံတမန်အဖြစ် ခန့်အပ်ခြင်းကို ဩဂုတ် ၁၃ ရက်က ရန်ကုန် နည်းပညာတက္ကသိုလ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်တို့ တက်ရောက်ခဲ့ကြကာ သံတမန်အဖြစ် တေးသံရှင် အိမ့်ချစ်ကို ခန့်အပ်ပြီးနောက်တွင် အိမ့်ချစ်က သရုပ်ဆောင် ခင်ဝင့်ဝါနှင့် Plan International မှ မိန်းမပျိုများနှင့်အတူ 'အလှဆုံး မိန်းမပျို' သီချင်းကို တင်ဆက်ခဲ့သည်။

"ကျွန်မတို့ Plan International က မြန်မာနိုင်ငံမှာ အခြေစိုက်ပြီး လှုပ်ရှားနေတာ ခုနစ်နှစ်ရှိပါပြီ၊ အမျိုးသမီးနဲ့ ကလေးသူငယ်များဆိုင်ရာ အခွင့်အရေးတွေအတွက် အဓိက လုပ်ဆောင်နေတာပါ၊ အိမ့်ချစ်က ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်ပြီး ကိုယ့်အခွင့်အရေးတွေကို မိမိရရ ရယူနိုင်ခဲ့တဲ့ မိန်းကလေးဖြစ်တဲ့အတွက် ကျွန်မ အင်မတန်လေးစားပါတယ်၊ သူနဲ့အတူ ပူးပေါင်းလှုပ်ရှားခွင့်ရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်၊ GGE ၉၉ ရက်တာ လှုပ်ရှားမှုကတော့ ပြည်သူလူထုတွေ စိတ်ဝင်စားဖို့ အနုပညာရှင်တွေရဲ့ ကူညီမှုအားပေးမှုနဲ့ စလုပ်တာဖြစ်ပါတယ်၊ နောက်ပိုင်းမှာ ဒီလှုပ်ရှားမှုကရတဲ့ ရလဒ်တွေကို စီမံကိန်း ၁၅ ရပ်ထဲမှာထည့်ပြီး အကောင်အထည်ဖော် လှုပ်ရှားသွားမှာပါ"ဟု Plan International ၏ ဒါရိုက်တာဖြစ်သူ မလင်းလင်းအောင်က ပြောသည်။

အိမ့်ချစ်အနေဖြင့် Plan International က ၉၉ ရက်ကြာ လုပ်ဆောင်သွားမည့် မိန်းကလေးများ တန်းတူညီမျှ အခွင့်အရေးရရှိရေး လှုပ်ရှားမှုဖြစ်သော Girls Get Equal(GGE)လှုပ်ရှားမှုတွင်လည်း ပါဝင်သွားမည်ဖြစ်ကာ အဆိုပါ GGE လှုပ်ရှားမှုတွင် မိန်းကလေးများ၏ စွမ်းဆောင်နိုင်မှုကို ဂုဏ်ပြုခြင်း၊ GGE Ambassador ခန့်အပ်ခြင်း၊ GGE သီချင်းနှင့် မိတ်ဆက်ပေးခြင်း၊ မိန်းကလေးများ၏ စွမ်းဆောင်နိုင်စွမ်း၊ လွတ်လပ်လုံခြုံခြင်းနှင့် ကိုယ်စားပြုခွင့်များကို ထင်ဟပ်ပြသနိုင်သော ဓာတ်ပုံပြိုင်ပွဲကျင်းပခြင်းတို့ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

'အိပ်မက်တွေမိုးထားတဲ့အိမ်' ဇာတ်လမ်းတွဲကို Media 7 နှင့် Sky Net ပူးပေါင်းရိုက်ကူးမည်

ဇာတ်လမ်း Uyamachan နှင့် ဇာတ်ညွှန်း မိုးစက်ဝိုင်တို့ ရေးသားပြီး ဒါရိုက်တာ ပွင့်သီဂီဇော်(အာရုဏ်ဦး) ရိုက်ကူး၍ သရုပ်ဆောင်များအဖြစ် မိုရီဆာကီဝင်း၊ အောင်လေး၊ ချမ်းမင်းရဲထွဋ်၊ အုပ်စိုးခန့်၊ ညီနန္ဒ၊ နေခြည်ဦး၊ မျိုးစန္ဒီကျော်၊ ရွှေရင်အေး၊ သဲနန္ဒာစိုး၊ မေနွယ်ထွန်း၊ ဝမ်ဝမ်း၊ ကေညီနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ကြမည့် 'အိပ်မက်တွေမိုးထားတဲ့အိမ်' ဇာတ်လမ်းတွဲကို Media 7 နှင့် Sky Net တို့ ပူးပေါင်း၍ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

အိပ်မက်တွေမိုးထားတဲ့အိမ် ဇာတ်လမ်းတွဲတွင် ပါဝင်မည့် သရုပ်ဆောင်များ

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် နေခြည် ဆိုသည့် မိန်းကလေးတစ်ဦးအနေဖြင့် အမွေဆိုင်အိမ်ကြီးထဲတွင် များစွာသော မိသားစုဝင်များနှင့်အတူ နေထိုင်ရင်း ကြုံတွေ့ရသော မိသားစုပြဿနာများနှင့် အချစ်ရေး ပြဿနာများကို ဖြေရှင်းရပုံကို အခြေခံရိုက်ကူးမည့် ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် နေခြည်ဦးက "နေခြည်ကတော့ စိတ်လှုပ်ရှားနေပါပြီ၊ ကိုယ့်ဘဝရဲ့ပထမဆုံး ရုပ်သံဇာတ်လမ်းတွဲမှာ သရုပ်ဆောင်ရတာဖြစ်သလို တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ပြသနေတဲ့ MNTV Channel မှာ ပြသမှာဆိုတော့ ကိုယ်သရုပ်ဆောင်တာကို တစ်နိုင်ငံလုံးက ကြည့်ကြမှာဆိုပြီး စိတ်လှုပ်ရှားနေရပါတယ်၊ ရိုက်ကူးရေးပိုင်းအနေနဲ့ နေခြည်တို့အားလုံး လူငယ်တွေချည်းပဲ စုစည်းပြီး ရိုက်ထားတဲ့ ဇာတ်လမ်းလည်းဖြစ်ပါတယ်၊ လူငယ်တွေ အပြင်မှာဖြစ်နေတတ်တဲ့ အကြောင်းလေးကို ရိုက်ထားတာမို့ တကယ်ကို လူငယ်တွေအတွက် ပညာရမယ့် ဇာတ်လမ်းလေးပါပဲ"ဟု ပြောသည်။

အဆိုပါ ဇာတ်လမ်းတွဲကို အောက်တိုဘာလထဲတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ၂၀၂၀ ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြသနိုင်ရန် စီစဉ်ထားကြောင်း၊ ဇာတ်လမ်းကို အပိုင်း ၅၀ ခွဲ၍ ထုတ်လွှင့်သွားမည်ဖြစ်ပြီး တစ်ပိုင်းလျှင် မိနစ် ၃၀ ကြာမြင့်မည်ဖြစ်ကြောင်း၊ အပတ်စဉ် တနင်္လာနေ့နှင့် သောကြာနေ့ ည ၈ နာရီ အချိန်တွင် ထုတ်လွှင့်ပြသမည် ဖြစ်ကြောင်း သိရသည်။ **ကိုလင်း**

အလီဘာဘာနှင့် ခိုးသားငါးယောက်ဇာတ်ကား ရုံတင်ရက်တစ်ပတ်အတွင်း ပွဲချိန်များလျှော့ချခံရ

တန်းစီရုံတင်စနစ်အတိုင်း လေးနှစ်ခန့်ကြာမြင့်အောင် စောင့်ဆိုင်းခဲ့ပြီး ဩဂုတ် ၁၅ ရက်က ရုံတင်ခွင့်ရခဲ့သော ပြုံးရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် အလီဘာဘာနဲ့ ခိုးသားငါးယောက် ရုပ်ရှင်ဇာတ်ကားသည် ပုံမှန်ပြသခွင့်ဖြစ်သော တစ်ပတ်ပြသခွင့်ကို အပြည့်မရဘဲ ပထမပတ်အတွင်းမှာပင် ပွဲချိန်အချို့ လျှော့ချခံရကြောင်း သိရသည်။

ပြုံးရုပ်ရှင်ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက "ဒီလထဲမှာ ထူးခြားဖြစ်စဉ်ဆိုပြီး အစည်းအရုံး ဥက္ကဋ္ဌ(ဦးဇင်ဝိုင်း)က ပြောလာတယ်၊ ကျွန်တော်တို့ အလီဘာဘာနဲ့ ခိုးသားငါးယောက် ဇာတ်ကားရယ်၊ လွမ်းဒဏ္ဍာရီ ဇာတ်ကားရယ်က မင်္ဂလာအုပ်စုကနေ ရုံတင်ပြသရမှာပေါ့နော်၊ JC ရုပ်ရှင်ရုံအုပ်စုကတော့ 'ကြီးမြတ်သောမြန်မာ' ဇာတ်ကားကြီးကို ပြရတာပေါ့နော်၊ အဲဒါကို မန္တလေး မြို့မရုပ်ရှင်ရုံမှာပြဖို့ ကျွန်တော်တို့က သုံးချိန်ရတယ်၊ ပထမပတ်အတွင်းမှာပဲ တစ်ချိန်ဖြုတ်ခံရတယ်၊ ဝင်းလိုက်နဲ့ ဒိုင်းမွန်းမှာလည်း အဲလိုပဲ၊ ပြသချိန်တွေ ဖြုတ်ပစ်တာတွေရှိတယ်၊ တကယ်ကို ခံစားရတယ်၊ အစ်ကိုတို့ကားတွေက နာမည်ကြီးသရုပ်ဆောင်တွေ မပါဘူး၊ ရုပ်ရှင်အစည်းအရုံးမှာ ရိုက်ကူးခွင့် စတင်ကတည်းက မင်းသား မင်းသမီး ဘယ်သူပါလဲ၊ အသစ်တွေဆိုရင် အဲဒီကတည်းက ခင်ဗျားတို့ မရိုက်နဲ့ဆိုပြီး တစ်ခါတည်း ဖျက်ချလိုက်ပေါ့၊ အခုတော့ 'ကြီးမြတ်သောမြန်မာ'ဇာတ်ကားက JC အုပ်စုက ရွေးတာပါ၊ ဒါကို မင်္ဂလာအုပ်စုမှာ လာပြတယ်၊ ဒါကို ထူးခြားဖြစ်စဉ်ဆိုပြီး ကျွန်တော်တို့ကားတွေရဲ့ ပြသချိန်တွေကို ဖြုတ်လို့ရလားလို့ မေးချင်တာပါ၊ တစ်ပတ်တစ်ကားပဲ ရုံတင်ရတဲ့စနစ်က အစ်ကို့ အလှည့်ကျမှ ထူးခြားဖြစ်စဉ်ဆိုပြီး သုံးကားပြိုင်တိုက်တာ စဉ်းစားမရဘူး၊ ရှေ့မှာလည်း 'နိုင်ငံကြီးသား'ကရှိနေတော့ တစ်ပတ်တည်းကို လေးကားပြိုင်တင်သလို ဖြစ်နေတယ်" ဟု ပြောသည်။

ပြုံးရုပ်ရှင်ထုတ်လုပ်ရေးအနေဖြင့် ဒါရိုက်တာ သည်ခေတ်နေ ရိုက်ကူးထားသော 'လူလိမ္မာနိုင်ငံမှာ ဆရာကျတဲ့လူ'ဇာတ်ကားကိုလည်း သရုပ်ဆောင် မြင့်မြတ်၊ ယုန်လေး၊ ညီနန္ဒ၊ ကြက်ဖ၊ ဂျိုကာ၊ နန်းမြတ်ဖြိုးသင်း၊ ခိုင်မြတ်သဇင်တို့နှင့်အတူ ရိုက်ကူးထားပြီးဖြစ်ကာ ရုံတင်ရက်ကို စောင့်ဆိုင်းနေရဆဲဖြစ်ကြောင်း သိရသည်။

ကိုလင်း

မစ်မြန်မာ အင်တာနေရှင်နယ်ပြိုင်ပွဲတွင် အလှမယ် ခင်ဥမ္မာမြင့် သရဖူဆုရရှိ

Miss Myanmar International 2019 ပြိုင်ပွဲ၏ Grand Final ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက် ညပိုင်းက ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ အလှမယ်သရဖူ Winner ဆုကို ခါးနံပါတ်(၅) အလှမယ် ခင်ဥမ္မာမြင့်က ရရှိသွားခဲ့သည်။

Miss Myanmar International 2019 ပြိုင်ပွဲ၏ Grand Final ပြိုင်ပွဲတွင် အလှမယ် ၂၀ က ရေကူးဝတ်စုံများ၊ ညနေခင်းဝတ်စုံများဖြင့် အဆင့်ဆင့် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲတွင် 1^{st} Runner Up ဆုကို ခါးနံပါတ်(၁၅) မျိုးသီရိကိုနှင့် 2^{nd} Runner Up ဆုကို ခါးနံပါတ်(၂၀) ယမုံ တို့က ရရှိခဲ့ကာ အခြား Title ဆုများဖြစ်သည့် Miss Congeniality ဆုကို ခါးနံပါတ်(၅) ခင်ဥမ္မာမြင့်ကလည်းကောင်း၊ Miss Photogenic ဆုကို ခါးနံပါတ်(၇) အိမ့်မှူးကေသွယ်ကလည်းကောင်း၊ Miss Popular ဆုကို ခါးနံပါတ်(၂၀) ယမုံ ကလည်းကောင်း ရရှိခဲ့သည်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်ထွန်းက Miss Myanmar International ပြိုင်ပွဲသည် မြန်မာနိုင်ငံကို ကိုယ်စားပြုသည့် အမျိုးသမီး လူရည်ချွန်များကို မွေးထုတ်ပေးသည့်ပွဲ ဖြစ်သကဲ့သို့ မြန်မာ့ခရီးသွားလုပ်ငန်းကိုလည်း တစ်ထောင့်တစ်နေရာမှ အားဖြည့်ပေးသည့်အတွက် ယခုလို စဉ်ဆက်မပြတ် ကျင်းပနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပွဲတွင် Winner ဆုရရှိသူ အလှမယ်အား ကျပ်သိန်း ၁၀၀၊ 1^{st} Runner Up ဆု ရရှိသူအား ကျပ်သိန်း ၆၀ နှင့် 2^{nd} Runner Up ဆုရရှိသူအား ကျပ်သိန်း ၄၀ တို့ အပါအဝင် ဆုများကို ချီးမြှင့်ခဲ့သည်။ Winner ဆုရရှိသူ အလှမယ်သည် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ်အဖြစ် ဂျပန်တွင် ကျင်းပမည့် Miss International 2019 ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်လည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ Miss Myanmar International ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ နှစ်စဉ် ကျင်းပခဲ့ရာ ယခုကျင်းပသော ပြိုင်ပွဲသည် မြန်မာနိုင်ငံ၌ ရှစ်ကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ကိုလင်း

နိုင်ငံတကာအနုပညာသတင်းပဒေသာ

ဂျက်စတင်ဘီဘာနဲ့ ဟေလီဘော့ဒ်ဝင်းတို့ ငှားရမ်းနေထိုင်ခဲ့တဲ့နေအိမ်ကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းဖြင့် ရောင်းချလျက်ရှိ

အဆိုတော်ဂျက်စတင်ဘီဘာနဲ့ စူပါမော်ဒယ် ဟေလီဘော့ဒ်ဝင်းတို့ ယာယီနေထိုင်ခဲ့တဲ့ လော့စ်အိန်ဂျလိစ်မြို့က နေအိမ်ကြီးကို အခုအခါမှာ အရောင်းဈေးကွက်ထဲမှာ တင်ထားကြောင်း သိရပါတယ်။ အဲဒီအိမ်ကြီးကို ဂျက်စတင်နဲ့ ဟေလီတို့ဟာ ၂၀၁၈ ခုနှစ်မှာ ငှားရမ်းခဲ့တာဖြစ်ပါတယ်။ သူတို့ စတင်စေ့စပ်စဉ်က နေခဲ့တဲ့အိမ်ဖြစ်ပြီး အိမ်ထောင်ဦးဘဝမှာလည်း အဲဒီအိမ်မှာပဲ ဖြတ်သန်းခဲ့တာပါ။ အခုအခါမှာတော့ အဲဒီအိမ်ကြီးကို အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်းနဲ့ House.com ဆိုတဲ့ အိမ်ရာရောင်းချရေး ဝက်ဆိုက်မှာ ရောင်းချနေတာကို တွေ့ရပါတယ်။

အဲဒီအိမ်ကြီးမှာ အိပ်ခန်း ငါးခန်း၊ ရေချိုးခန်း ခုနစ်ခန်း၊ ကျယ်ဝန်းလှတဲ့ မီးဖိုချောင်ခန်း၊ အားကစားခန်းမ၊ ကားခြောက်စီးထားနိုင်တဲ့ ဂိုဒေါင်နဲ့ ကိုယ်ပိုင်စတူရီယိုပါဝင်ပြီး အိပ်ခန်းတိုင်းဟာလည်း ခမ်းနားလှပါတယ်။ အကျယ်အဝန်းကတော့ ၆၅၀၀ စတုရန်းပေ ကျယ်ဝန်းပါတယ်။ ဒီအိမ်ကြီးကို ဝယ်ယူသွားမယ့် ပိုင်ရှင်သစ်ကတော့ ဂျက်စတင်ဘီဘာရဲ့အခန်းဟာ ဘာအခန်းဖြစ်လိမ့်မလဲဆိုပြီး စဉ်းစားတဲ့ ကစားပွဲတောင် လုပ်လို့ရပါတယ်။ အဲဒီအိမ်မှာ ဂျက်စတင်နဲ့ ဟေးလီတို့က အကြာကြီးမနေခဲ့ပါဘူး။ ဒါပေမယ့်လည်း တစ်လကို ငှားရမ်းခ ဒေါ်လာ ၈ သောင်းပေးပြီး ငှားရမ်းခဲ့တာပါ။

ကော့စ်မိုပိုလီတန် ဒေါ့ကွန်း

ဂျက်စတင်ဘီဘာနှင့် ဟေးလီတို့ နေထိုင်ခဲ့ဖူးသည့် နေအိမ်။

ဝိတ်ချဖို့ အပြောခံရဖူးတယ်လို့ အန်းဟက်သာဝေးပြော

ဟောလိဝုဒ်ရဲ့ စူပါမင်းသမီးတစ်လက်ဖြစ်တဲ့ အန်းဟက်သာဝေးဟာ လက်ရှိမှာတော့ မယုံကြည်နိုင်လောက်တဲ့ အောင်မြင်မှုအလှတရားတွေကို ပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့်လည်း တစ်ချိန်တုန်းကတော့ အန်းဟက်သာဝေးတစ်ယောက် သူ့ရဲ့ကိုယ်ခန္ဓာနဲ့ ပတ်သက်ပြီး အပြောခံရတာမျိုးတွေ ရှိခဲ့ဖူးတယ်လို့ ပြောပြခဲ့ပါတယ်။

အလူရာမဂ္ဂဇင်းရဲ့ စက်တင်ဘာလအတွက် အထူးထုတ်မှာတော့ အန်းဟက်သာဝေးက မျက်နှာဖုံးရှင်အဖြစ် ပါဝင်ထားပါတယ်။ အဲဒီမဂ္ဂဇင်းမှာ ဖြေကြားရာမှာတော့ တစ်ချိန်တုန်းက သူ့ကို ခန္ဓာကိုယ်အလေးချိန်လျှော့ချဖို့ အပြောခံရဖူးတယ်လို့ ပြောပြခဲ့ပါတယ်။ ၁၉၉၉ ခုနှစ်က Get Real ဆိုတဲ့ ဇာတ်လမ်းတွဲမှာ ပါဝင်ဖို့ အရွေးခံရစဉ်က ဒီထက်ပိုပြီး ဝမလာစေနဲ့လို့ အပြောခံရဖူးတယ်လို့ သူက ဆက်ပြောပါတယ်။ အဓိပ္ပာယ်ကတော့ သူ့ကို ဝိတ်ချပါလို့ သွယ်ဝိုက်သောနည်းနဲ့ အပြောခံလိုက်ရတာပါလို့ အန်းဟက်သာဝေးက ဆက်ပြောပါတယ်။

မကြာသေးခင်ကတော့ The Last Thing He Wanted ဇာတ်ကားအတွက် ပေါင် ၂၀ လောက် တိုးအောင်လုပ်ခဲ့ရပါတယ်။ ကိုယ်အလေးချိန်တိုးအောင်လုပ်ရတာကိုတော့ အန်းဟက်သာဝေးက ပျော်ပျော်ရွှင်ရွှင်ပဲ လုပ်ဆောင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်ကတော့ အန်းဟက်သာဝေးဟာ ခန္ဓာကိုယ်ဝလာတာ၊ ပိန်လာတာကို ဝေဖန်တဲ့သူတွေကို သူ့ရဲ့ အင်စတာဂရမ်အကောင့်ကနေ ပိတ်ထားခဲ့ပြီး သူ့ရဲ့ ခန္ဓာကိုယ်အလေးချိန်ဟာ သူနဲ့ပဲ သက်ဆိုင်တယ်လို့ တရားဝင်ပြောကြားခဲ့ပါတယ်။ **ဟယ်လို**

ရုပ်ရှင်မင်းသမီး အန်းဟက်သာဝေး။

မြန်မာစကားသမိုင်းအတွက် (၄)

မောင်ခင်မင် (ဓနုဖြူ)

"တစ်ခုမေးပါရစေ ဆရာ"

"ဟင်၊ ဘာပါလိမ့်"

"ပုဂံခေတ်မှာ ယပင့်၊ ရရစ်၊ လဆွဲတွဲတဲ့ ဗျည်းတွဲသံတွေအကြောင်း ဆရာရှင်းပြလို့ နားလည်သွားပါပြီ ဆရာ။ ဝဆွဲနဲ့ ဟထိုးပါတဲ့ အသံတွေကလည်း ဗျည်းတွဲသံတွေပဲမဟုတ်လား ဆရာ"

"အခု အဲဒီအသံတွေအကြောင်း ပြောမလို့ပါ။ ဝဆွဲသံကတော့ အရင်းခံဗျည်းနောက်က ဝဗျည်းတွဲတဲ့အသံပေါ့။ စာနဲ့ရေးတော့ ဝကို အောက်ကဆွဲရတာမို့ ဝဆွဲလို့ ခေါ်တာလေ။ ဝဆွဲရေးထုံးအရကြည့်ရင် ဝတွဲတဲ့ ဗျည်းတွဲသံကတော့ အပြောင်းအလဲမရှိသလောက်ပါပဲ။ ပုဂံခေတ်မှာသုံးတဲ့ ဝဆွဲဗျည်းတွေကို အခုအထိ ဆက်သုံးနေတုန်းပါပဲ"

"ဟုတ်ကဲ့ပါ"

"အဲ... ဟထိုးကတော့ ပြောစရာရှိတယ်။ ရေးထုံးအရ ဟထိုးကို အရင်းခံဗျည်းအောက်က ဟဗျည်းထိုးထားတာမို့ ဟထိုးလို့ခေါ်တာပေါ့။ မှ၊ နှ၊ ညှ၊ ငှ၊ လှ၊ ဝှ ဆိုတဲ့ ဗျည်းတွေပါတာပေါ့။ သဒ္ဒဗေဒပညာရှင်တွေကတော့ ဒီဗျည်းသံတွေကို ဗျည်းသံနှစ်သံတွဲတာလို့ မယူဆဘူး။ အရင်းခံဗျည်းနဲ့ တစ်ပေါင်းတည်းရှိနေတဲ့ အသံလို့ သတ်မှတ်တယ်။ ဒါကြောင့် အဲဒီ မှ၊ နှ၊ ညှ၊ ငှ၊ လှ၊ ဝှဆိုတဲ့ ဗျည်းတွေကို ယပင့်၊ ရရစ်၊ လဆွဲ၊ ဝဆွဲဗျည်းတွေကို ဗျည်းနှစ်ခုတွဲတဲ့ ဗျည်းတွဲတွေလို့ မသတ်မှတ်ဘဲ လုံးချင်းဗျည်းတွေလို့ သတ်မှတ်တယ်ကွဲ့"

"သြော်၊ ဟုတ်ကဲ့ပါ"

"အရင်းခံဗျည်းရဲ့ရှေ့မှာ လေတင်းသံ၊ ဟ-သံပေါ့။ သံတင်းလို့လည်း ခေါ်တယ်။ အဲဒီသံတင်းပါတဲ့အတွက် ရှေ့လေတင်းသံ preaspirated လို့ ခေါ်တယ်။ တချို့ကလည်း မ၊ န၊ ည၊ င၊ လ၊ ဝ ဆိုတဲ့ သံပြင်းတွေကို အဲဒီလေတင်းသံတွေက အသံရှိန်လျှော့ပစ်လိုက်တဲ့အတွက် သံပြင်းလျှော့ devoiced လို့လည်း ခေါ်တယ်။ အသံကို ဖော်ပြမယ်ဆိုရင်တော့ 'ဟသံ' ပေါ့ကွယ်"

"ဒီလိုဆိုရင် အဲဒီလေတင်းသံ၊ ဟသံကို မြန်မာစာအရေးအသားတီထွင်တော့ ဟထိုးနဲ့ ပြတယ်လို့ ဆိုရမှာပေါ့နော်"

"ဟုတ်တယ်။ က၊ စ၊ တ၊ ပ ဆိုတဲ့ အရင်းခံဗျည်းတွေရဲ့ နောက်မှာ ဟသံ၊ လေတင်းသံလိုက်တော့ ခ၊ ဆ၊ ထ၊ ဖ ဆိုတဲ့ လေတင်းဗျည်းတွေဖြစ်တာပေါ့။ အဲဒီလိုပဲ မ၊ န၊ ညှ၊ င၊ လ၊ ဝ ဆိုတဲ့ အရင်းခံဗျည်းတွေရဲ့ ရှေ့က အသံလိုက်တော့ ရှေ့လေတင်းဗျည်း သံပြင်းလျှော့ဗျည်းတွေ ဖြစ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ကဲ... အခုဆက်ပြီး တက်ကျသံတွေအကြောင်း စူးစမ်းကြည့်ရအောင်။ ပုဂံခေတ် စာအရေးအသားစနစ်အရ သိရတာကတော့ ပုဂံခေတ်မှာ တက်ကျသံကို ဖော်ပြတဲ့ သင်္ကေတစနစ် မခိုင်မြဲသေးဘူးလို့ ပညာရှင်တွေက ယူဆကြတယ်"

"ရှင်းပြပါဦး ဆရာ"

"တို့မြန်မာစကားဟာ တက်ကျသံဘာသာစကားဆိုတာ သားတို့ သမီးတို့ သိပါတယ်နော်။ တက်ကျသံပြောင်းရင် စကားလုံးအဓိပ္ပာယ်ပြောင်းတဲ့ စကားပေါ့"

"ဟုတ်ကဲ့ပါ"

"ကျောင်းမှာ ကလေးဘဝ စာစသင်ကတည်းက 'က-ကာ-ကား၊ မိ-မီ- မီး၊ စု- စူ- စူး၊ ပန်-ပန့်-ပန်း' ဆိုပြီး တက်ကျသံ သုံးသံခွဲခြားဆိုခဲ့ရတာလေ။ အဲဒီတက်ကျသံနဲ့ဆိုင်တဲ့ သင်္ကေတတွေက ဘာတွေပါလိမ့်ကွယ်"

"အောက်မြစ်နဲ့ ဝစ္စပေါက်ပါ ဆရာ"

"ဟုတ်ပါပြီ။ ခုခေတ်မှာတော့ အောက်မြစ်နဲ့ ဝစ္စပေါက်ကို စာရေးရင် ပုံမှန်သုံးနေတာပဲ၊ ဘာပြဿနာရှိလို့လဲလို့ မေးစရာပေါ့။ မြန်မာစာအရေးအသား စပေါ်တုန်းက စာတွေကိုကြည့်ရင် အဲဒီသင်္ကေတတွေကို ခုခေတ်မှာလို တစ်ပြေးညီ ပုံမှန်မသုံးသေးတာ တွေ့ရတယ်"

"ဟုတ်ကဲ့ပါ။ သမီးတို့ ကျောက်စာ၊ မင်စာတွေ သင်ရတုန်းက လေ့လာခဲ့ရပါတယ်"

"အဲဒီသင်္ကေတနှစ်မျိုးမှာ အောက်မြစ်ကိုတော့ အစကတည်းက တော်တော်ကလေး ကွဲကွဲပြားပြား သုံးပါတယ်။ အသံကို တိုးပွားအောင်၊ အရှိန်တန့်သွားအောင် တားမြစ်တဲ့သင်္ကေတ၊ 'လူ'၊ 'ပန်' ဆိုတဲ့ သံပြေတွေကို အရှိန်တန့်သွားအောင် 'လူ့၊ ပန့်' လို့ အောက်က အစက်ကလေးထည့်လိုက်တော့ အသံတိုသွားတယ် မဟုတ်လား။ သဒ္ဒဗေဒအရ အနိမ့်သက်သံလို့ ခေါ်တာပေါ့။ အောက်ကနေပြီး တားမြစ်လို့ 'အောက်မြစ် အောက်ကမြစ်' လို့ ခေါ်တယ်လို့ ပညာရှင်တွေ ဖွင့်ဆိုကြတယ်"

"ဟုတ်ကဲ့ပါ"

"ပုဂံခေတ်တုန်းကတော့ အစက်နဲ့မဟုတ်ဘဲ အ- အက္ခရာနဲ့ တားမြစ်တာပေါ့။ 'အို္ဒ၊ နှင်္ဒ' ဆိုတဲ့ စာလုံးမျိုးတွေပေါ့။ အ- နဲ့တားမြစ်တာမို့ 'အ-မြစ်' လို့ ခေါ်တာပေါ့။ နောက်တော့ အဲဒီ 'အ' ကနေပြီး အစက်ကလေးအဖြစ် ပြောင်းသွားတော့ အ- စာလုံးမပေါ်တော့ဘူးလေ။ အဲဒီတော့ အောက်ကနေ တားမြစ်တဲ့အစက်မို့ အောက်မြစ်လို့ ခေါ်တာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"ပုဂံကျောက်စာတွေမှာ အဲဒီ အ- မြစ်ကို ကွဲကွဲပြားပြားတွေ့ရပါတယ်။ အဲဒီ အ-မြစ်၊ နောက်တော့ အောက်မြစ်ဆိုတဲ့ အစက်ကလေးဖြစ်သွားတာပေါ့။ အဲဒီအောက်မြစ်ဟာ 'ကာ၊ နေ၊ အိမ်' ဆိုတဲ့ သံပြေတွေကို အနိမ့်သက်သံလို့ခေါ်တဲ့ အသံဖြစ်သွားအောင် ပြောင်းနိုင်တယ်။ အောက်မြစ်ထည့်ရင် 'ကာ့၊ နေ့၊ အိမ့်' ဆိုပြီး အသံပြောင်းသွားတယ် မဟုတ်လား"

"အဲဒီအသံမျိုးကို အနိမ့်သက်သံလို့ခေါ်တာလေ။ အောက်မြစ်သံလို့လည်း ခေါ်တာပေါ့"

> **"ပြီးတော့ အောက်မြစ်ဟာ 'လူ၊ ပဲ၊ သော' ဆိုတဲ့ အပြင်းသက်သံဆိုတဲ့ အသံမျိုးတွေကိုလည်း အနိမ့်သက်သံဖြစ်အောင် ပြောင်းပေးနိုင်တယ်။ အောက်မြစ်ထည့်လိုက်ရင် 'လူ့၊ ပဲ့၊ သော့' လို့ အသံပြောင်းသွားတယ် မဟုတ်လား။ အသံပြောင်းသလို အဓိပ္ပာယ်လည်း ပြောင်းသွားတယ်လေ။ ဒါကြောင့် အောက်မြစ်ကို အသံပြောင်းပြသင်္ကေတလို့ ခေါ်တယ်။ တက်ကျသံ တစ်ခုကနေ တစ်ခုကို ပြောင်းတဲ့ သင်္ကေတပေါ့။ ပုဂံခေတ် အ-မြစ် ရေးထုံး မှာကတည်းက အဲဒီလက္ခဏာ ရှိတာပါ"**

"ဟုတ်ကဲ့ပါ"

"ပြီးတော့ အောက်မြစ်ဟာ 'လူ၊ ပဲ၊ သော' ဆိုတဲ့ အပြင်းသက်သံဆိုတဲ့ အသံမျိုးတွေကိုလည်း အနိမ့်သက်သံဖြစ်အောင် ပြောင်းပေးနိုင်တယ်။ အောက်မြစ်ထည့်လိုက်ရင် 'လူ့၊ ပဲ့၊ သော့' လို့ အသံပြောင်းသွားတယ် မဟုတ်လား။ အသံပြောင်းသလို အဓိပ္ပာယ်လည်း ပြောင်းသွားတယ်လေ။ ဒါကြောင့် အောက်မြစ်ကို အသံပြောင်းပြသင်္ကေတလို့ ခေါ်တယ်။ တက်ကျသံ တစ်ခုကနေ တစ်ခုကို ပြောင်းတဲ့ သင်္ကေတပေါ့။ ပုဂံခေတ် အ-မြစ် ရေးထုံးမှာကတည်းက အဲဒီလက္ခဏာ ရှိတာပါ"

"ဟုတ်ကဲ့ပါ"

"ကဲ... အစပြန်ကောက်ရအောင်။ ပုဂံခေတ်တုန်းက အ-မြစ်ကို အသတ်ပါတဲ့ စာလုံးအောက်မှာပဲ သုံးတယ်။ ဂုယ္ဒ်၊ နှင္ဒ်၊ မိန္ဒ် ဆိုတာမျိုးတွေပေါ့။ အဲ... အသတ်မပါတဲ့ စာလုံးဆိုရင်တော့ အ-ကို အောက်မှာ မထည့်ဘဲ နောက်ကပဲ 'အ်' ထည့်လေ့ရှိတယ်။ အသတ်ပေါ့"

"သြော်... ဘယ်လိုစာလုံးမျိုးတွေလဲ ဆရာ"

"'ခုအ်၊ နုအ်၊ မှုအ်' ဆိုတာမျိုးတွေပေါ့။ ရှေ့က 'ခု၊ နု၊ မှု' ဆိုတာတွေက အနိမ့်သက်သံတွေပဲလေ။ အဲဒါကို အနိမ့်သက်သံဖြစ်ကြောင်း ထင်ရှားအောင် အ- သတ်ထည့်တာလို့ ယူဆရတာပေါ့"

"ဟုတ်ကဲ့"

"မြန်မာစာအရေးအသား စထွင်တဲ့အခါ မွန်တွေဆီက နည်းယူတယ်လို့ ပညာရှင်တွေ ယူဆကြတယ်။ မွန်စာမှာ နောက်က အ-သတ်တဲ့ ရေးထုံးရှိပြီးသားလေ။ ဒီနေရာမှာ အရေးကြီးတဲ့ အချက်တစ်ချက်က မွန်ဘာသာစကားဟာ မြန်မာလို တက်ကျသံဘာသာစကား မဟုတ်ဘူးကွဲ့"

"သြော်... ဟုတ်ကဲ့ပါ"

"ဒီတော့ မွန်စာမှာသုံးတဲ့ 'အ်' ဟာ တက်ကျသံ သင်္ကေတတော့ မဟုတ်ဘူးလေ။ မြန်မာစာအရေးအသားစနစ်မှာ အ်-ဟာ မွန်ဆီကယူတဲ့ သင်္ကေတလို့ ဆိုနိုင်ပါတယ်။ အနိမ့်သက်သံတွေရဲ့နောက်မှာ ပြလေ့ရှိတာပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ... အသတ်စာလုံးအောက်မှာထည့်တဲ့ အ-မြစ်ကတော့ မွန်စာရေးထုံး မတွေ့ရပါဘူး။ မြန်မာက တက်ကျသံဘာသာစကားဖြစ်လို့ သံပြေကနေ သံနိမ့်သက်သံကို ပြောင်းတဲ့အခါဖြစ်ဖြစ်၊ အမြင့်သက်သံကနေ အနိမ့်သက်သံကို ပြောင်းတဲ့အခါဖြစ်ဖြစ် အဲဒီ အ-မြစ်ကို တက်ကျသံပြောင်းတဲ့ သင်္ကေတအဖြစ် ပုဂံခေတ်ကတည်းက စသုံးတယ်လို့ ဆိုနိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် အဲဒီ အ-မြစ်ကို အနိမ့်သက်သံပြောင်းတဲ့ သင်္ကေတအဖြစ် တစ်ပြေးညီ ပုံမှန်သုံးတဲ့ အခြေအနေတော့ မရောက်သေးဘူးလို့ ဆိုရမှာပေါ့။ ခုခေတ်မှာ အောက်မြစ်သံနဲ့ ကွဲကွဲပြားပြားဆိုရတဲ့ စကားလုံးတွေကို ပုဂံခေတ်တုန်းက အမြစ်မပါဘဲ ရေးတာတွေလည်း ရှိနေသေးတယ်"

"ဟုတ်ကဲ့"

"ဒီတော့ ပုဂံခေတ်တုန်းက အဲဒီစကားလုံးတွေကို အောက်မြစ်သံနဲ့ မပြောသေးတာမို့ အောက်မြစ် မထည့်တာလားလို့ တွေးနိုင်တာပေါ့။ ဒါပေမယ့် အဲဒါ မဖြစ်နိုင်ဘူးလေ"

"ဘာဖြစ်လို့ပါလဲ ဆရာ"

"မြန်မာစကားက တက်ကျသံဘာသာစကားလေ။ တခြားမျိုးတူနွယ်တူ တိဗက်၊ တရုတ်စကားတွေ၊ တိဗက်မြန်မာစကားတွေလည်း တက်ကျသံဘာသာစကားတွေပါ။ စာအရေးအသားမပေါ်ခင် နှစ်ပေါင်းများစွာကတည်းက တက်ကျသံဘာသာစကားအဖြစ် ရပ်တည်ခဲ့တာမို့ တက်ကျသံနဲ့ မပြောသေးတာဆိုတာမျိုး ဘယ်ဖြစ်နိုင်မှာလဲ။ ဖြစ်နိုင်တာက မြန်မာစာမှာ တက်ကျသံသင်္ကေတသုံးဖို့ စမ်းသပ်နေဆဲကာလမို့ ပုံမှန်မဖြစ်သေးတာလို့ ဆိုရမှာပါ။ စမ်းသပ်တီထွင်နေဆဲမို့ အသုံးအနှုန်းမတည်ငြိမ်သေးလို့ အမြစ်ပါလိုက်မပါလိုက်ဖြစ်နေတာလို့ ဆိုရမှာပေါ့။ နောက်တော့ အသုံးတည်ငြိမ်သွားပြီး အ-မြစ်ကလည်း အစက်ကလေးအဖြစ် တစ်သမတ်တည်းသုံးလာတာ ဒီနေ့အထိပဲပေါ့ကွယ်။ ကဲ... အောက်မြစ်သံ အနိမ့်သက်သံလို့ခေါ်တဲ့ တက်ကျသံတစ်မျိုးရဲ့အကြောင်းကို ဆက်စပ်လေ့လာကြည့်တာပေါ့ကွယ်။ မြန်မာစကားသမိုင်းအတွက် ကဏ္ဍတစ်ခုပဲပေါ့"

"ဟုတ်ကဲ့ပါ ဆရာ"

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

ယမန်နေ့မှအဆက်

၈။ ဝန်ကြီးဌာနသည် -

(က) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းကို စစ်ဆေးရန်အတွက် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) ကို သဘောတူစာချုပ် ချုပ်ဆို၍ စည်းကမ်းချက်များ သတ်မှတ်ပြီး တာဝန်ပေးအပ်နိုင်သည်။

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) အနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ဦးစီးဌာနက ပေးချေရမည့် ဝန်ဆောင်ခကို သတ်မှတ်ပေးရမည်။ ယင်းအဖွဲ့၏ သက်တမ်းကာလတို့ကိုလည်း သတ်မှတ်ရမည်။

အခန်း (၄)

ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များ

၉။ ဦးစီးဌာန၏ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) မော်တော်ယာဉ်မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ခ) မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ဂ) ပြည်တွင်းသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်ပမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း၊ ပြည်ပသို့ ဝင်ထွက်သွားလာမည့် သို့မဟုတ် ဖြတ်သန်းသွားလာမည့် ပြည်တွင်းမှတ်ပုံတင် မော်တော်ယာဉ်ကိုသော်လည်းကောင်း နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ သဘောတူစာချုပ်များနှင့်အညီ ဆောင်ရွက်ခြင်း။

(ဃ) ကုန်းလမ်းပို့ဆောင်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ဒေသဆိုင်ရာ သဘောတူညီချက်များအရ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများမှ ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်ကို အသိအမှတ်ပြု မောင်းနှင်ခွင့်ပြုခြင်း။

(င) မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့် စံချိန်စံညွှန်းများကို သတ်မှတ်ဆောင်ရွက်ခြင်း။

(စ) မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း။

(ဆ) ဝန်ကြီးဌာနက သတ်မှတ်ထားသည့် မော်တော်ယာဉ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်သူအဖွဲ့ (Third Party) အနေဖြင့် မော်တော်ယာဉ်စစ်ဆေးခြင်း ပုဂ္ဂလိကလုပ်ငန်းများအပေါ် စစ်ဆေးခြင်း၊ စောင့်ကြည့်လေ့လာခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် အကဲဖြတ်ခြင်းဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဦးစီးဌာနက ပေးချေရမည့် ဝန်ဆောင်ခကို ပေးချေခြင်း။

(ဇ) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်အကူလိုင်စင် လျှောက်ထားမှုကို စစ်ဆေးခြင်း၊ ထုတ်ပေးခြင်း၊ အမျိုးအစားခွဲခြားခြင်း၊ သက်တမ်းတိုးခြင်း၊ မောင်းနှင်ခွင့်နှင့် သုံးစွဲခွင့်ဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ဈ) အပြည်ပြည်ဆိုင်ရာ ယာဉ်မောင်းနှင်ခွင့်လက်မှတ်နှင့် ယာယီယာဉ်မောင်းနှင်ခွင့်လက်မှတ် အသစ်ထုတ်ပေးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ည) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုင်စင်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်းဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် စစ်ဆေးခြင်း။

(ဋ) ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပညာပေးလှုံ့ဆော်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဌ) လမ်းညွှန်း၊ လမ်းအမှတ်အသားနှင့် အချက်ပြများ သတ်မှတ်ခြင်း။

(ဍ) အများပြည်သူဆိုင်ရာ လမ်းများတွင် ယာဉ်သွားလာမှုအန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအန္တရာယ်ကင်းရှင်းရေး စိစစ်အကဲဖြတ်လုပ်ငန်းစဉ် (Road Safety Audit) များ ဆောင်ရွက်ခြင်း။

(ဎ) အများပြည်သူဆိုင်ရာနေရာတွင် ဆောင်ရွက်သည့် တည်ဆောက်မှုလုပ်ငန်းများအပေါ် ကြိုတင်ပြင်ဆင်ဆဲကာလတွင်ဖြစ်စေ၊ ဆောက်လုပ်ဆဲကာလတွင်ဖြစ်စေ၊ အသုံးပြုနေသည့်ကာလတွင်ဖြစ်စေ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်များနှင့် သုံးသပ်ချက်များကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းသို့ ပေးပို့ခြင်း။

(ဏ) ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပွားစေရန်နှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ရာတွင် အဆင့်မြင့်နည်းပညာများ အသုံးပြုနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ခြင်း၊ အကြံဉာဏ်များ ရယူဆောင်ရွက်ခြင်း။

(တ) ယာဉ်မတော်တဆမှုများနှင့် စပ်လျဉ်း၍ လေ့လာသုံးသပ်ခြင်း၊ ယာဉ်မတော်တဆမှုများ လျော့နည်းစေရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ထ) ယာဉ်ကြောင့်ဖြစ်ပေါ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ ပညာပေးလှုံ့ဆော်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဒ) အများပြည်သူသုံးလမ်းပေါ်တွင် သွားလာနေသည့် မော်တော်ယာဉ်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် အမြန်နှုန်း သတ်မှတ်ခြင်း။

(ဓ) မော်တော်ယာဉ်၏ မှတ်ပုံတင်သက်တမ်းကာလ သတ်မှတ်ခြင်းနှင့် မော်တော်ယာဉ် နှစ်လဲသက်တမ်းတိုး မှတ်ပုံတင်ပေးခြင်း။

(န) မော်တော်ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်ရသည့် အကြောင်းအရင်းကို စုံစမ်းစစ်ဆေးခြင်းနှင့် အလားတူ မတော်တဆမှုများ ဖြစ်ပေါ်ခြင်း မရှိစေနိုင်ရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခြင်း၊ သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ အကြံပြုခြင်း။

အခန်း (၅)

မော်တော်ယာဉ်မှတ်ပုံတင်ခြင်း

၁၀။ ဦးစီးဌာနသည် -

(က) ဦးစီးဌာနရှိ အရာရှိများအနက် သင့်လျော်သောအရာရှိများကို ဦးစီးဌာန မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ အရာရှိများအနက် သင့်လျော်သောအရာရှိများကို ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိအဖြစ် ခန့်အပ်တာဝန်ပေးရမည်။

၁၁။ ဦးစီးဌာနသည် -

(က) မော်တော်ယာဉ်ကို ကနဦးမှတ်ပုံတင်ခြင်းမပြုမီ စည်းကမ်းချက်များ သတ်မှတ်၍ ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများနှင့် ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ရန် ဦးစီးဌာန မှတ်ပုံတင်အရာရှိများကို တာဝန်ပေးအပ်ရမည်။ သို့ရာတွင် လိုအပ်ပါက သင့်လျော်သည့် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများကိုလည်း တာဝန်ပေးအပ်နိုင်သည်။

(ခ) ပြည်ပနိုင်ငံများတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ မြန်မာနိုင်ငံအတွင်း ခေတ္တဝင်ရောက်ခြင်းနှင့် ခေတ္တဖြတ်သန်းသွားလာခြင်းအတွက် ယာယီမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန် သင့်လျော်သော မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

(ဂ) စည်းကမ်းချက်များ သတ်မှတ်၍ နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ခြင်းနှင့် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများအား တာဝန်ပေးအပ်နိုင်သည်။

၁၂။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရမည်။

၁၃။ မော်တော်ယာဉ်ပိုင်ရှင်သည် -

(က) မော်တော်ယာဉ်ကို အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရန် ဦးစီးဌာနက သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ထိန်းသိမ်းပြုပြင်ထားရှိရမည်။

(ခ) အောက်ပါအခြေအနေတစ်ရပ်ရပ်နှင့် ငြိစွန်းသော မော်တော်ယာဉ်ကို မှတ်ပုံတင်ခွင့် မရှိစေရ -

(၁) စက်ချို့ယွင်းပျက်စီးနေခြင်း။

(၂) ပုဒ်မခွဲ (က) ပါ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် မညီညွတ်ခြင်း။

(၃) နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့် မညီညွတ်ခြင်း။

(၄) မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ ယခင်က မှတ်ပုံတင်ခဲ့ဖူးကြောင်း ဖော်ပြရန် ပျက်ကွက်ခြင်း။

၁၄။ (က) မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်ကို ယာယီမှတ်ပုံတင်ပေးရန်လည်းကောင်း၊ ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးရန်လည်းကောင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက မော်တော်ယာဉ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ယာယီမှတ်ပုံတင်ပေးပြီး ယာယီမှတ်ပုံတင်သက်သေခံလက်မှတ်နှင့် ယာယီမှတ်ပုံတင်အမှတ်အသား ထုတ်ပေးနိုင်သည်။

၁၅။ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိသည် မော်တော်ယာဉ် ကနဦးမှတ်ပုံတင်ရန် လျှောက်ထားချက်များကို စိစစ်ပြီး သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ရန် ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၆။ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိများသည် နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ရန် သို့မဟုတ် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်းသည့် အခြားလုပ်ငန်းများ ဆောင်ရွက်ရန် လျှောက်ထားချက်များကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး -

(က) ခွင့်ပြုခြင်း၊ ပြန်လည်ပြုပြင်စေရန် ညွှန်ကြားခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်ရန် ဦးစီးဌာနသို့ တင်ပြရမည်။

(ဂ) အောက်ပါအကြောင်းကိစ္စတစ်ရပ်ရပ် ပေါ်ပေါက်ပါက မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်းပြုရန် သဘောထားမှတ်ချက်ဖြင့် ဦးစီးဌာနသို့ တင်ပြရမည် -

(၁) အများပြည်သူကို အန္တရာယ်ဖြစ်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ချို့ယွင်းချက်တစ်ခုခုကို မော်တော်ယာဉ်တွင် စစ်ဆေးတွေ့ရှိခြင်း။

(၂) ကြိုတင်ခွင့်ပြုချက်မရှိဘဲ မော်တော်ယာဉ်၏ အဓိကအစိတ်အပိုင်းကို ပြောင်းလဲပြင်ဆင်ခြင်း။

(၃) အခါအားလျော်စွာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် ကိုက်ညီမှုရှိစေရေး ထပ်မံစိစစ်ရန် ကိစ္စရပ်များ စစ်ဆေးတွေ့ရှိခြင်း။

၁၇။ ဦးစီးဌာနမှတ်ပုံတင် အရာရှိသည် -

(က) ပုဒ်မ ၁၆ (ခ) အရ တင်ပြချက်ကို စိစစ်ပြီး သီးခြားသတ်မှတ်ထားသော စည်းကမ်းချက်များနှင့် အကျုံးဝင်သည့် ကိစ္စရပ်များတွင် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၁၆ (ဂ) အရ တင်ပြချက်ကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိပါက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့် မော်တော်ယာဉ်မှတ်ပုံတင်ခြင်းကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်ဖျက်သိမ်းခြင်း ပြုနိုင်သည်။

၁၈။ ဦးစီးဌာနသည် မော်တော်ယာဉ်ကိုယ်ထည် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် ဝန်တင်အားပေါ်မူတည်၍ မော်တော်ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ရမည်။

၁၉။ မော်တော်ယာဉ်ပိုင်ရှင်သည် စီးပွားရေးလုပ်ငန်းသုံး မော်တော်ယာဉ်ကို အငှားယာဉ်အဖြစ် မှတ်ပုံတင်ရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၀။ မော်တော်ယာဉ်ကို လွှဲပြောင်းပိုင်ဆိုင်သူ သို့မဟုတ် အမွေဆက်ခံခွင့်ရရှိသူ အပါအဝင် တစ်နည်းနည်းဖြင့် မော်တော်ယာဉ်ကို တရားဝင်ပိုင်ဆိုင်ခွင့်ရရှိသူသည်လည်းကောင်း၊ ထိုသူတစ်ဦးဦးမှာ အရွယ်မရောက်သေးသူဖြစ်လျှင် အဆိုပါအရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူသည်လည်းကောင်း သတ်မှတ်သည့်နည်းလမ်းနှင့်အညီ မော်တော်ယာဉ်မှတ်ပုံတင်ထားသူ အမည်ပြောင်းလဲပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၂၁။ မော်တော်ယာဉ် မှတ်ပုံတင်ထားသူသည် နေရပ်လိပ်စာ ပြောင်းလဲသည့် အခါတိုင်း ပြောင်းလဲသည့်နေရပ်လိပ်စာကို မှတ်တမ်းတင်ရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ အကြောင်းကြားရမည်။

၂၂။ (က) ပုဒ်မ ၁၉ သို့မဟုတ် ပုဒ်မ ၂၄ (က) ပါ ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိကသော်လည်းကောင်း၊ ဦးစီးဌာန မှတ်ပုံတင်အရာရှိက ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်ဖြင့်သော်လည်းကောင်း ခွင့်ပြုခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲခြင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မ ၂၀ သို့မဟုတ် ပုဒ်မ ၂၁ ပါ ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်း၍ လွှဲအပ်ထားသည့် ယာဉ်စစ်ဆေးရေးအဖွဲ့၏ တင်ပြချက်အပေါ် သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ မှတ်ပုံတင်အရာရှိက ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် မော်တော်ယာဉ်တွင် ခွင့်ပြု၍မရနိုင်သော အစိတ်အပိုင်းနှင့် အချက်အလက်များ ပြောင်းလဲခြင်း စစ်ဆေးတွေ့ရှိပါက ပြန်လည်ပြင်ဆင်စေခြင်း ပြုနိုင်သည်။

၂၃။ မော်တော်ယာဉ်ပိုင်ရှင်သည် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း မကုန်ဆုံးမီ နှစ်လဲသက်တမ်းတိုးမှတ်ပုံတင်ပေးရန် သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်ဖြစ်ပြီး မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးမှ လျှောက်ထားပါက ဦးစီးဌာနက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

၂၄။ မော်တော်ယာဉ်ပိုင်ရှင်သည် -

(က) မော်တော်ယာဉ်တွင် ပြောင်းလဲပြင်ဆင်ခြင်းများ ဆောင်ရွက်လိုပါက သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ကြိုတင်ခွင့်ပြုချက် လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်အရာရှိ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ပုဒ်မ ၂၆ (ခ)ပါ ကိစ္စရပ်များမှအပ မော်တော်ယာဉ်ကို ပြောင်းလဲပြင်ဆင်ခြင်းများ ပြုလုပ်ပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနက သတ်မှတ်ထားသည့် ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။ ***(ဆက်လက်ဖော်ပြပါမည်)***

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်မှု

မောင်စီးကူး

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များအရ ပွင့်လင်းမြင်သာမှုဆိုင်ရာ တာဝန်ဝတ္တရားများကို အဖွဲ့ဝင်နိုင်ငံများမှ လိုက်ပါဆောင်ရွက်ရာတွင် အခြေခံအားဖြင့် နည်းလမ်း နှစ်သွယ်ဖြင့် ဆောင်ရွက်ပါသည်။ ယင်းတို့မှာ (၁) ပုံမှန်အသိပေးအကြောင်းကြားစာများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံမှ ကျင့်သုံးသည့်စည်းမျဉ်းများ၊ မူဝါဒများ (သို့မဟုတ်) ဥပဒေများကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ အသိပေးအကြောင်းကြားခြင်း (Notification ပြုလုပ်ခြင်း) နှင့် (၂) အဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှုမူဝါဒများကို ပုံမှန်ဆန်းစစ်မှုများပြုလုပ်ခြင်း (Trade Policy Review) တို့ဖြစ်ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်သည် အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုနှင့်ဆက်စပ်မူဝါဒများအပေါ် သတ်မှတ်ထားသည့် အချိန်ကာလအပိုင်းအခြားအလိုက် ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ခြင်းဖြစ်ပြီး ယင်းလုပ်ငန်းစဉ်ကို အဖွဲ့ဝင်နိုင်ငံများမှ မဖြစ်မနေ လိုက်ပါဆောင်ရွက်ရန် တာဝန်ရှိပါသည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက် (Marrakesh Agreement) ၏ Annex-3 တွင် ဖော်ပြထားသည့်အတိုင်း အဖွဲ့ဝင်နိုင်ငံများမှ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များအောက်တွင် ပြုလုပ်ထားသော ကတိကဝတ်များ၊ စည်းမျဉ်းများအပေါ် လိုက်နာဆောင်ရွက်မှုများ တိုးမြှင့်လာနိုင်စေရေးကို အထောက်အပံ့ပေးရန် ရည်ရွယ်ပါသည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်ရေးမူဝါဒများ၊ လက်တွေ့ဆောင်ရွက်နေမှုများတွင် ပိုမိုကောင်းမွန်သော ပွင့်လင်းမြင်သာမှုကို မြှင့်တင်ခြင်းအားဖြင့် နိုင်ငံစုံ ကုန်သွယ်မှုစနစ်ကို ပိုမိုအားကောင်းခိုင်မာလာစေရေးအတွက် အထောက်အကူပြုသွားနိုင်ရန်လည်း ဖြစ်ပါသည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် လိုက်ပါဆောင်ရွက်ရသည့် အဓိကအချက်များ

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် အပိုင်း (၃) ပိုင်း ပါဝင်ပါသည်။ ယင်းတို့မှာ (၁) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးမှ ပြုစုတင်ပြသော အစီရင်ခံစာ (WTO Secretariat Report) (၂) သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏အစိုးရမှ ပြုစုတင်ပြသော အစီရင်ခံစာ (Government Report) နှင့် (၃) အဖွဲ့ဝင်နိုင်ငံများမှ မေးမြန်းသော မေးခွန်းများကို သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံမှ ရှင်းလင်းဖြေကြားခြင်းတို့ ဖြစ်ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အတွင်းရေးမှူးရုံးမှ ပြုစုတင်ပြသော အစီရင်ခံစာအပိုင်းတွင် အတွင်းရေးမှူးအဖွဲ့မှ ကျွမ်းကျင်သူများက သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ ချမှတ်ကျင့်သုံးနေမှုနှင့် ယင်းမူဝါဒများအပေါ် လိုက်ပါဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ လေ့လာတွေ့ရှိချက်များကို စိစစ်တင်ပြထားပါသည်။

သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံ၏ အစိုးရမှ ပြုစုတင်ပြသော အစီရင်ခံစာတွင် ကုန်သွယ်မှုမူဝါဒဆန်းစစ်သည့် ကာလအတွင်း၌ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သဘောတူညီချက်များနှင့်အညီ လိုက်ပါဆောင်ရွက်မှုအခြေအနေများနှင့် ယင်းသို့ ဆောင်ရွက်မှုများကြောင့် ကုန်သွယ်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှုများကို တင်ပြခြင်းတို့ ပါဝင်ပါသည်။

အဖွဲ့ဝင်နိုင်ငံများမှ မေးမြန်းသော မေးခွန်းများကို ဖြေကြားတင်ပြခြင်းတွင် အတွင်းရေးမှူးရုံးအဖွဲ့၏ အစီရင်ခံစာနှင့် အစိုးရ၏ အစီရင်ခံစာပါ အချက်များနှင့် ပတ်သက်၍ မရှင်းလင်းသည့်အချက်များ၊ ပိုမိုသိရှိလိုသည့်အချက်များ၊ ၎င်းတို့၏ ယူဆချက်များနှင့် ထောက်ပြစိစစ်သည့်အချက်များ၊ အခြားသော ဆက်စပ်သဘောထားမှတ်ချက်များနှင့် ပတ်သက်သော မေးခွန်းများအတွက် သတ်မှတ်အချိန်ဇယားအတိုင်း သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံမှ ပြန်လည်ရှင်းလင်းဖြေကြားပေးရခြင်း ဖြစ်ပါသည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်မှ ရရှိသော အကျိုးကျေးဇူးများ

အဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းဖြင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီ

“ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ ရလဒ်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှု ဆောင်ရွက်ချက်များအပြင် ရှေ့ဆက်ဆောင်ရွက်မည့် အလားအလာများ၊ ပြုပြင်ပြောင်းလဲသင့်သည့် အချက်များကို ပိုမိုသိရှိနားလည်စေပါသည်။ ပွင့်လင်းမြင်သာပိုမိုရှိလာသည့်အပြင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများနှင့် အမြင်အာဘော်များကို လေ့လာသိရှိနိုင်သည့်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ မျက်ခြည်မပြတ် အလေးထားစောင့်ကြည့်လေ့လာကြသည်ကို တွေ့ရှိရပါသည်။ ထို့အတူ လေ့လာဆန်းစစ်သည့် နိုင်ငံအတွက်လည်း မိမိနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာ့နိုင်ငံများသို့ ရှင်းလင်းချပြနိုင်သည့်အခွင့်အရေးကို ရရှိစေ”

ချက်များနှင့်အညီ ခိုင်မာသောမူဝါဒများ ချမှတ်နိုင်ရေး အထောက်အကူဖြစ်စေပြီး မိမိနိုင်ငံနှင့်သင့်လျော်သော ကုန်သွယ်မှုဆိုင်ရာ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်ရေးအတွက် ပံ့ပိုးပေးပါသည်။ အဖွဲ့ဝင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုများတွင် လိုအပ်သလို ပိုမိုပါဝင်လာနိုင်ရေးအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ သုံးသပ်ချက် အစီရင်ခံစာများအရ လေ့လာတွေ့ရှိရပါသည်-

(က) အစိုးရဌာနနှင့် အဖွဲ့အစည်းများအချင်းချင်း ဆက်သွယ်ညှိနှိုင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာခြင်း၊

(ခ) အစိုးရဌာနနှင့် အဖွဲ့အစည်းများတွင် ချမှတ်ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများ အချင်းချင်း လိုက်လျောညီထွေ သဟဇာတဖြစ်ရန် လိုအပ်မှုကို ပိုမိုနားလည်သဘောပေါက်လာခြင်း၊

(ဂ) အစိုးရဌာနနှင့် အဖွဲ့အစည်းများတွင် ချမှတ်ကျင့်သုံးလျက်ရှိသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် စည်းမျဉ်းစည်းကမ်းများကို အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းဆိုင်ရာ အဖွဲ့အစည်းများ၏ သဘောတူညီချက်များနှင့်အညီ လိုက်လျောညီထွေမှုရှိရန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိစေခြင်း၊

(ဃ) အဖွဲ့ဝင်နိုင်ငံ၏ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအား နိုင်ငံတကာအသိုင်းအဝိုင်းမှ ပိုမိုနားလည်သဘောပေါက်စေခြင်းနှင့် အတူ ပွင့်လင်းမြင်သာရှိမှုတို့ကို ချပြနိုင်ခြင်းဖြင့် နိုင်ငံတကာ၏ ယုံကြည်မှုကို မြှင့်တင်ပေးနိုင်ခြင်း၊

(င) ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အသိုင်းအဝိုင်းတွင် တက်ကြွစွာပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ တိုးပွားလာခြင်း။

မြန်မာနိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်

မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ စတင်ဖွဲ့စည်းစဉ် ၁၉၉၅ ခုနှစ်မှစ၍ ကနဦးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခဲ့သော်လည်း အခြေအနေအရ မြန်မာနိုင်ငံ၏ ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်ကို ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဆောင်ရွက်နိုင်ခဲ့ကာ သတ်မှတ်အချိန်ဇယားအတိုင်း တစ်နှစ်ကြာ အချိန်ယူဆောင်ရွက်ခဲ့ပါသည်။

ပထမအကြိမ် ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ပေးပို့သည့်ကုန်သွယ်မှုနှင့် သက်ဆိုင်သော ကဏ္ဍကြီးများနှင့် ဆက်စပ်၍ မေးခွန်းစုစုပေါင်း ၂၈၃ ခုနှင့်ပတ်သက်သော အချက်အလက်များကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများသို့ ဆက်လက်ပေးပို့ ဖြေကြားစေခဲ့ပါသည်။ ပြန်လည်ဖြေကြားပေးပို့လာသည့် အချက်အလက်များကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ကုန်သွယ်မှုမူဝါဒဆန်းစစ်သည့်ဌာနသို့ ဆက်လက်ပေးပို့ခဲ့ပါသည်။ ယင်းတို့အပေါ် လေ့လာဆန်းစစ်ကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ ကျွမ်းကျင်သူများက မြန်မာနိုင်ငံသို့ ထပ်မံလာရောက်ပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အပြန်အလှန်ဆွေးနွေးညှိနှိုင်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အတွင်းရေးမှူးရုံး၏ အစီရင်ခံစာ (WTO Secretariat Report) ကို ပြုစုခဲ့ပါသည်။

အလားတူပင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများနှင့် အနီးကပ်ဆွေးနွေးညှိနှိုင်းကာ အစိုးရ၏အစီရင်ခံစာ (Government Report) ကို ပြုစု၍ အထက်အဖွဲ့အစည်း၏ တင်ပြခွင့်ပြုချက်ကို ရယူကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဆက်လက်ပေးပို့ခဲ့ပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများက အဆိုပါအစီရင်ခံစာများကို လေ့လာ၍ ၎င်းတို့ သိရှိလိုသည့် မေးခွန်းစုစုပေါင်း ၁၉၇ ခုကို ထပ်မံမေးမြန်းခဲ့သဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြေကြားကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ရုံးသို့ သတ်မှတ်ရက်အတွင်း အချိန်မီ ပြန်လည်ပေးပို့ခဲ့ရပါသည်။

ယင်းလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာနိုင်ငံ၏ ပထမအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်း အစည်းအဝေးကို ၂၀၁၄ ခုနှစ် မတ်လ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ ကျင်းပပြုလုပ်၍ လုပ်ငန်းစဉ်အား အပြီးသတ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ယင်းကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းမှာ တာဝန်ခံဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများအားလုံး၏ အပြုသဘောဖြင့် အပြည့်အဝပူးပေါင်း ကူညီဆောင်ရွက်ပေးခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း ဖော်ထုတ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံ၏ ဒုတိယအကြိမ်ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်အတွက် စတင်ပြင်ဆင်

ကုန်သွယ်မှုမူဝါဒဆန်းစစ်ခြင်း လုပ်ငန်းစဉ်၏ ရလဒ်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှု ဆောင်ရွက်ချက်များအပြင် ရှေ့ဆက်ဆောင်ရွက်မည့် အလားအလာများ၊ ပြုပြင်ပြောင်းလဲသင့်သည့် အချက်များကို ပိုမိုသိရှိနားလည်စေပါသည်။ ပွင့်လင်းမြင်သာပိုမိုရှိလာသည့်အပြင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ ကုန်သွယ်မှုဆိုင်ရာ မူဝါဒများနှင့် အမြင်အာဘော်များကို လေ့လာသိရှိနိုင်သည့်အတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများမှ မျက်ခြည်မပြတ် အလေးထားစောင့်ကြည့် လေ့လာကြသည်ကို တွေ့ရှိရပါသည်။ ထို့အတူ လေ့လာဆန်းစစ်သည့်နိုင်ငံအတွက်လည်း မိမိနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အစီအမံများနှင့် ကြိုးပမ်းအားထုတ်မှုများကို ကမ္ဘာ့နိုင်ငံများသို့ ရှင်းလင်းချပြနိုင်သည့်အခွင့်အရေးကို ရရှိစေပါသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ နိုင်ငံစုံကုန်သွယ်မှု သဘောတူညီချက်များပါ စည်းမျဉ်းများနှင့် ကတိကဝတ်များကို မိမိတို့နိုင်ငံအနေဖြင့် အကောင်းဆုံးလိုက်ပါဆောင်ရွက်လျက်ရှိကြောင်း သိရှိနိုင်ရန်နှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေရန် ရည်ရွယ်ကာ မြန်မာနိုင်ငံ၏ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးဆောင်ရွက်သွားရန် လျာထားပါသည်။ အဆိုပါ ဒုတိယအကြိမ် ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်နိုင်ရေးနှင့် ဒုတိယအကြိမ်ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းဆိုင်ရာ အပြီးသတ်အစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလအတွင်း၌ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၌ ကျင်းပသွားနိုင်ရေးတို့အတွက် သက်ဆိုင်ရာ အထက်အဖွဲ့အစည်းနှင့်ဌာနများသို့ အချိန်မီတင်ပြဆောင်ရွက်သွားရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် စတင်ပြင်ဆင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ။

မူဆယ်မြို့၌ သရက်သီးနှံ့အရောင်းစင်တာအသစ် ဖွင့်လှစ်နိုင်ရေးဆွေးနွေး

မူဆယ် ဩဂုတ် ၁၆

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ အသိပညာပေးခြင်းနှင့် မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နယ်မြေအတွင်းရှိ နှစ်နိုင်ငံသစ်သီးအရောင်းကွင်းတွင် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ သရက်သီးနှင့်အရောင်းစင်တာ တစ်ခုဖွင့်လှစ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးပွဲ အခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူး၍ ဩဂုတ်လဒုတိယပတ်က မူဆယ် နမ့်ခမ်းနယ်စပ်ကုန်သည်ကြီးများအသင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

စိုက်ပျိုးထုတ်လုပ်သူများ၊ စားသုံးသူများ တရုတ်နိုင်ငံဘက်သို့ ကုန်စည်များ တင်ပို့ရာတွင် ကုန်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ လျင်မြန်ချောမွေ့စေရန်အတွက် ဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများမှ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သီးနှံ့အကြောင်းအရာများကို သိရှိနားလည်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အသိပညာပေးခြင်းနှင့် ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

မူဆယ်မြို့ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်တွင် အရောင်းစင်တာဖွင့်လှစ်ခြင်းအားဖြင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ သီးနှံ့ဈေးကွက်ဝေစု ရရှိလာမည်ဖြစ်ပြီး တရုတ်နိုင်ငံနှင့် နိုင်ငံတကာမှ တောင်းဆိုလာနိုင်သော စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ သီးနှံ့ထုတ်လုပ်ခြင်းများကို ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးသက်ဇင်မောင်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မူဆယ်ခရိုင် ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဒေါက်တာဝဏ္ဏထွန်းတို့က စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများအကြောင်း အသိပညာပေးဆွေးနွေးခြင်းနှင့် သရက်သီးနှံ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ စိုက်ပျိုးထုတ်လုပ်ခြင်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် သရက်သီးနှံ့ စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ အရောင်းစင်တာ ဖွင့်လှစ်ခြင်းနှင့် ပတ်သက်ကာ တက်ရောက်လာသူများက စကားဝိုင်းဖွဲ့၍ အပြန်အလှန်ဆွေးနွေးကြသည်။

သန့်ဇင် - မူဆယ်

သီလဝါစက်မှုဇုန်တွင် တရားမဝင်ပြန်လည်ထုပ်ပိုးနေသော မြေသြဇာများ စစ်ဆေးတွေ့ရှိသဖြင့် အရေးယူ

နေပြည်တော် ဩဂုတ် ၁၆

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့များ၊ သီလဝါပြည်တွင်းစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီနှင့် ရဲတပ်ဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဩဂုတ်လ ဒုတိယပတ်က ကျောက်တန်းဖွံ့ဖြိုးရေးဇုန်ရှိ သီလဝါပြည်တွင်းစက်မှုဇုန်(B)၊ ဂိုဒေါင်အမှတ်(၁၀၇) သို့ ဝင်ရောက်စစ်ဆေးရာ Best Bull Agriculture Technology Co., Ltd မှ တရားမဝင်ထုတ်လုပ်နေသော ရွှေပွား၊ ကုလားအုတ်၊ သံကွင်းနှင့် AFC အမှတ်တံဆိပ်ပါ ယူရီးယားဓာတ်မြေသြဇာ စုစုပေါင်း ၄၁၉၄၁ အိတ်အား တွေ့ရှိရသဖြင့် အဆိုပါမြေသြဇာများသည် မူလခွင့်ပြုထားသည့် မှတ်ပုံတင်နှင့် လိုင်စင်ပါ အမှတ်တံဆိပ်နှင့် ထုတ်လုပ်မှုမှန်ကန်ခြင်းမရှိသည့်အတွက် ဂိုဒေါင်အား ချိတ်ပိတ်ခဲ့သည်။

ထို့ပြင် စစ်ဆေးရေးအဖွဲ့များက သက်ဆိုင်ရာကုမ္ပဏီအား စစ်ဆေးလျက်ရှိပြီး ဆက်စပ်ကုမ္ပဏီများအား ဆက်လက်စိစစ်၍ မြေသြဇာဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သီးနှံစိုက်ပျိုးသူတောင်သူများအတွက် အရည်အသွေးစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အာဟာရဓာတ်ပါဝင်မှုအချိုးအပေါ်မူတည်၍ သင့်တင့်သည့် ဈေးနှုန်းရှိသည့် သွင်းအားစုမြေသြဇာများ ဝယ်ယူသုံးစွဲနိုင်ရေး၊ မြေသြဇာအတုအပကင်းစင်ရေးအတွက် မှတ်ပုံတင်မထားသော မြေသြဇာများကို သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ချိရောင်းချခြင်းများတွေ့ရှိပါက မြေသြဇာဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

မြေသြဇာဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေသြဇာကော်မတီ၏ ကြီးကြပ်မှုဖြင့် ထုတ်လုပ်၊ တင်သွင်း မှတ်ပုံတင်နှင့် ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ အဆိုပါခွင့်ပြုချက်အရ မှတ်ပုံတင်ထားသည့်အမှတ်တံဆိပ်နှင့် ခွင့်ပြုထားသည့် မြေသြဇာအမျိုးအစားအတွက်သာ ထုတ်လုပ်၊ တင်သွင်း၊ ရောင်းချခြင်း ဆောင်ရွက်ကြရမည်ဖြစ်ပြီး အခြားအမှတ်တံဆိပ်နှင့် မြေသြဇာအမျိုးအစားအတွက် ဆောင်ရွက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် မြေသြဇာကော်မတီက အခါအားလျော်စွာ ထုတ်ပြန်သော အမိန့်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနက ထုတ်ပြန်ထားသည်။

သတင်းစဉ်

ချောက်မြို့နယ်၌ မီးလောင်မှုဖြစ်၍ တစ်ဦးဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၁၆

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မြေနီကုန်းရပ်ကွက် လျှပ်စစ်ရုံးဟောင်း၌ ဩဂုတ် ၁၅ ရက် ညနေ ၅ နာရီက အဆိုပါရုံးဟောင်းနေသူ ဦးကျော်ဇင်လတ်(၄၂ နှစ်)သည် ခြင်ဆေးခွေထွန်းထားရာမှ မီးစတင်လောင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုး၊ အုတ်ကာ တစ်ထပ်တိုက် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ဦးကျော်ဇင်လတ်တွင် မီးလောင်ဒဏ်ရာများရရှိခဲ့သဖြင့် ၎င်းကို ချောက်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

သာစည်မြို့၌ ဓားကိုင်ရမ်းကားသူအား အရေးယူ

သာစည် ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး သာစည်မြို့လယ် ဗိုလ်ချုပ်ပန်းခြံရှေ့ ဓားကိုင်ရမ်းကားသူအား ဖမ်းဆီးအရေးယူထားကြောင်း သာစည်မြို့မရဲစခန်းမှ သိရသည်။

ယမန်နေ့ ည ၁၀ နာရီ ၁၅မိနစ်ခန့်က သာစည်မြို့ ကုက္ကိုပေါက်ကျေးရွာနေ ဘွတ်လာကြီး(ခ) အောင်ခန့်ဇော်သည် အများပြည်သူ အပန်းဖြေအနားယူနေသော သာစည်မြို့လယ်ရှိ ဗိုလ်ချုပ်ပန်းခြံရှေ့တွင် အရိုးအသွား ၂၉ လက်မ၊ ဖြက် ၁ ဒသမ ၅ လက်မခန့်ရှိ သတ္တုရိုးတပ် ဓားဦးချွန် ငှက်ကြီးတောင် ကိုင်ဆောင်ရမ်းကားနေသဖြင့် ဖမ်းဆီးအရေးယူထားကြောင်း သာစည်မြို့မရဲစခန်းမှူး ဒုရဲမှူး သန်းမောင်ထံမှ သိရသည်။

ဘိုဘို(မလှိုင်)

ပုဂံမြို့ လေးမျက်နှာဘုရား အုတ်လှေကားပေါ်၌ ကိုရီးယားနိုင်ငံသားတစ်ဦး သေဆုံးလျက်တွေ့ရှိ

ပုဂံ ဩဂုတ် ၁၆

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုဒေသ မင်းနန်သူကျေးရွာ အနီးရှိ လေးမျက်နှာ အုတ်ကျောင်းအမှတ် (၄၄၈)တွင် ယနေ့နံနက်ပိုင်းက ကိုရီးယားနိုင်ငံသားတစ်ဦး သေဆုံးလျက်တွေ့ရှိကြောင်း သိရသည်။

နိုင်ငံခြားသားတစ်ဦးသေဆုံးနေကြောင်း သတင်းရရှိသဖြင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ ကမ္ဘာလှည့်ခရီးသွားရဲတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့တို့ သွားရောက်စစ်ဆေးရာ သေဆုံးသူသည် ကိုရီးယားနိုင်ငံသား Mr. Ryu Jiho (၃၀ နှစ်) (Passport No. M03274165) ဖြစ်ကြောင်း၊ သေဆုံးမှုအကြောင်းရင်းကို စစ်ဆေးနိုင်ရန် အလောင်းကို ကရုဏာရှင် နာရေးကူညီမှုယာဉ်ဖြင့် ညောင်ဦးဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

၎င်းသည် ရန်ကုန်မြို့မှ ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီက ရောက်ရှိကာ ညောင်ဦးမြို့ အမှတ်(၄)ရပ်ကွက် စောငြိမ်းစံတည်းခိုခန်းတွင် တည်းခိုနေသူဖြစ်ကြောင်း သိရသည်။ ၎င်းသေဆုံးမှုနှင့်ပတ်သက်၍ ပုဂံနယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိပြီး မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း ပုဂံနယ်မြေရဲစခန်း ဒုတိယရဲအုပ် ထက်ဝေယံထံမှ သိရသည်။

ဖေလိန်း(ပုဂံ)

မြန်မာ့ရုပ်မြင်သံကြား

၁၇-၈-၂၀၁၉ (စနေနေ့)

နံနက်ပိုင်း

၆း၀၀	-	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	-	Breakfast News
၇း၃၅	-	ရာသီတုပ်ကွေးရောဂါ သံသယရောဂါလက္ခဏာများ
၁၀း၃၀	-	သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်
၁၂း၃၅	-	"ပြောင်းလဲပါ" (Change)
၁၂း၅၀	-	ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်ခြင်းအား ကြိုတင်ကာကွယ်နိုင်ရန်
၁၄း၃၀	-	ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှ လူမှုဘဝချမ်းသာရ

ညပိုင်း

၁၅း၁၅	-	"MPT Myanmar National Legue 2019 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် " (Southern Myanmar FC Vs Yangon United FC)
၁၇း၃၀	-	NHK Program "အချစ်နှင့်စသော Plasma TV" (ပထမပိုင်း)
၁၈း၅၅	-	ဤအပြုအမူမျိုး ပြုလုပ်သင့်ပါသလား (အဂတိ)
၁၉း၁၅	-	နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင်သခင်မ" (အပိုင်း-၉)
၂၀း၀၀	-	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅	-	သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေးအန္တရာယ် အသိပညာပေးအစီအစဉ်)
	-	ရာဇဝင်ထဲကသမိုင်းအနုပညာ " ရတနာပုံနန်းမြို့မတည်မီကတည်းက တည်ရှိခဲ့သော ဘုရားများ" (ရွှေဘုံသာဘုရား(၅)ဆူ)
	-	ဂီတသမား၊ ဂီတစကား "ပဥ္စသီခတေးသီချင်း(၂)ပုဒ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်)
	-	"ဟိုဘက်အိမ်ကမီးထိန်ထိန်" (ပထမပိုင်း)

ညောင်လေးပင်မြို့၌ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်လေးစီး ဖမ်းမိ

ညောင်လေးပင် ဩဂုတ် ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ (၄)ရပ်ကွက် တန် ၁၀၀ ဆန်စက်အနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၉၉/၁ နှင့် ၉၉/၂) အကြားတွင် ဩဂုတ် ၁၅ ရက် ည ၁၁ နာရီက လိုင်စင်မဲ့မော်တော်ယာဉ်လေးစီး ဖမ်းမိခဲ့ကြောင်း သိရသည်။

မြို့နယ်မော်တော်ယာဉ် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များသည် တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များ ညောင်လေးပင်မြို့အတွင်း ဝင်ရောက်လာကြောင်း သတင်းအရ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ မောင်းနှင်လာသော ကိုယ်ထည်မပါ ကင်တာခြောက်ဘီးယာဉ်နှစ်စီး၊ ကွန်တိန်နာဘောက်ပါ ကင်တာခြောက်ဘီးယာဉ်တစ်စီး၊ ကွန်တိန်နာဘောက်ပါ ဖူဆိုခြောက်ဘီးယာဉ်တစ်စီးတို့ကို ရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းများ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်လှိုင်ဝင်းနှင့်အဖွဲ့အား ဖုန်းဆက်အကြောင်းကြားရာမှ အခင်းဖြစ်နေရာသို့ သွားရောက်၍ အဆိုပါယာဉ်လေးစီးကို စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ တွေ့ရှိရခြင်းမရှိသဖြင့် ယာဉ်များကို မြို့မရဲစခန်းသို့ မောင်းနှင်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ တရားမဝင်လိုင်စင်မဲ့ မော်တော်ယာဉ်များကို သယ်ဆောင် မောင်းနှင်သူများအား ဥပဒေအရ အရေးယူပေးပါရန် မြို့နယ်မော်တော်ယာဉ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်လုစ်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်အောင်လှိုင်(ညောင်လေးပင်)

ပေါင်မြို့နယ် မလတ်တောင်မြေပြိုကျမှုကြောင့် သေဆုံးသူ ၆၉ ဦးရှိပြီ

မော်လမြိုင် ဩဂုတ် ၁၆

မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာတွင် ဩဂုတ် ၉ ရက်က မလတ်တောင်မြေပြိုကျမှုကြောင့် မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းလွဲပိုင်းတွင် သေဆုံးသူ လေးဦး၏ အလောင်းထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ သေဆုံးသူဦးရေ ၆၉ ဦးထိ ဖြစ်လာကြောင်း သိရသည်။

မလတ်တောင်မြေပြိုကျမှု ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို မွန်ပြည်နယ်မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါ မလတ်တောင်မြေပြိုကျမှုကြောင့် သေဆုံးသူဦးရေသည် ဩဂုတ် ၁၆ ရက် မွန်းလွဲ ၃ နာရီအထိ အမျိုးသား ၃၈ ဦး၊ အမျိုးသမီး ၃၁ ဦး စုစုပေါင်း ၆၉ ဦး ရှာဖွေတွေ့ရှိခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မူဆယ်မြို့ရှိ အဝေးပြေးခရီးသည်ယာဉ်လိုင်းများအားလုံး ယာယီရပ်နားထား

မူဆယ် ဩဂုတ် ၁၆

ရှမ်းပြည်နယ် မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ဩဂုတ် ၁၅ ရက်က တိုက်ပွဲဖြစ်ပွားပြီး မန္တလေး-နောင်ချို-ကျောက်မဲ ကားလမ်းမပေါ်ရှိ ဂုတ်တွင်းတံတား မိုင်းခွဲဖျက်ဆီးခံရသောကြောင့် မူဆယ်မြို့ရှိ အဝေးပြေးခရီးသည်ယာဉ်လိုင်းများအားလုံး ယာယီရပ်နားထားရကြောင်း သိရသည်။

အဆိုပါ အဝေးပြေးခရီးသည်ယာဉ်လိုင်းများ ခေတ္တရပ်နားခြင်းကြောင့် မူဆယ်မြို့ရှိ အဝေးပြေးကားဂိတ်များ၊ ယာဉ်မောင်းများနှင့် ခရီးသည်များ အခက်တွေ့နေရကြောင်း သိရသည်။

"မူဆယ်မြို့မှာ စားစရိတ်တွေက လွယ်တာမဟုတ်ဘူး။ တစ်ညအိပ်လောက်ဆို ကိစ္စမရှိဘူး။ ခုဟာက ရက်နည်းနည်းကြာမှာဆိုတော့ ယာဉ်မောင်းနဲ့ ခရီးသည်တွေအတွက် အခက်အခဲရှိပါတယ်။ ကားလက်မှတ်ကြိုတင်ဖြတ်ထားတာတွေလည်း ခရီးသည်တွေကို အကုန်ပြန်အမ်းပေးလိုက်ပြီ။ ဆုံးရှုံးမှုတွေကတော့ အများကြီးပါပဲ"ဟု မူဆယ်မြို့အဝေးပြေးသိန်းသန်းချီကားကြီးကွင်းရှိ ဝင်းနားယာဉ်လိုင်းဂိတ်မှူးက ပြောကြားသည်။

မူဆယ်မြို့မှ ရန်ကုန်၊ မန္တလေးမြို့သို့ ပို့ဆောင်မည့် ရက်တိုခံကုန်စိမ်းများလည်း မူဆယ်မြို့တွင် သောင်တင်နေသည့်အတွက် ကုန်သည်အချို့လည်း ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း သိရသည်။

"ဂုတ်တွင်းတံတား ကျိုးတဲ့အတွက် ကျွန်တော်တို့ လိုင်းကားတွေလည်း တစ်စီးမှ မထွက်ဘူး။ လုပ်ငန်းလည်ပတ်မှုနဲ့ ကုန်စည်စီးဆင်းမှုလည်း မရှိဘူး။ ခရီးသည်တွေလည်း ဒုက္ခရောက်တယ်။ ထွက်ရမယ့် ကားသမားတွေရဲ့ စားဝတ်နေရေးတွေလည်း အကုန်နစ်နာတာပေါ့"ဟု ရွှေမန္တလာကားဂိတ်မှူး အေးမြင့်မိုက ပြောကြားသည်။

မူဆယ်မြို့မှ အဝေးပြေးခရီးသည် ယာဉ်လိုင်းများအားလုံး ရပ်နားထားခြင်းကြောင့် ခရီးသည်များ ခရီးသွားမရသည့်အတွက် ဂုတ်တွင်းတံတားအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် ခရီးသွားပြည်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)

ကားလမ်းနှင့်ကပ်လျက်နေရာများ၌ မွေးမြူရေးပျားပုံးများထားသဖြင့် ခရီးသွားပြည်သူများ ပျားတုပ်ခံနေရ

နေပြည်တော် ဩဂုတ် ၁၆

ရန်ကုန်-မန္တလေး ကားလမ်းမ(လမ်းဟောင်း)တစ်လျှောက်နှင့် နေပြည်တော်မှ အများပြည်သူသွားလာရာ ကားလမ်းမများ၏ ဘေးတွင် စီးပွားဖြစ် ပျားမွေးမြူရေး လုပ်ကိုင်သူများ၏ မွေးမြူရေးပျားပုံး(သေတ္တာ)များ ထားရှိမှုကြောင့် ခရီးသွား ပြည်သူများနှင့် ကလေးငယ်များ ပျားတုပ်ခံရခြင်းများ မကြာခဏကြုံတွေ့ရလျက်ရှိပြီး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ထိုသို့ ပျားပုံးများထားရှိမှုကို ကြပ်မတ်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း ပျားတုပ်ခံရသည့် ပြည်သူအချို့ထံမှ သိရသည်။

တပ်ကုန်းမြို့နေ ပြည်သူတစ်ဦးက “ကျွန်တော်တို့မိသားစု ပျဉ်းမနားကနေ တပ်ကုန်းကို ဆိုင်ကယ်နဲ့ပြန်လာတော့ ဆိုင်ကယ်စီးရင်း ကလေးက ငယ်သံပါအောင် အော်ငိုတာနဲ့ ဆိုင်ကယ်ရပ်ပြီး ဘာဖြစ်တာလဲလို့ကြည့်လိုက်တော့ မွေးမြူရေး ပျားပုံးကလာတဲ့ ပျားက တုပ်သွားတာ၊ ဒီလို ပျားအတုပ်ခံရတော့ ဘယ်သူ့ကို ပြောရမလဲ၊ ဘယ်သူ့မှာ တာဝန်ရှိသလဲ၊ ပျားမွေးမြူရေးသေတ္တာပုံးတွေကို ကားလမ်းမဘေး ငါးပေ အကွာလောက်မှာ လာချထားတာ၊ ဒါတွေကို တာဝန်ရှိသူတွေ အနေနဲ့ ခရီးသွားပြည်သူတွေအန္တရာယ်မရှိအောင် ကြပ်မတ်ပေးသင့်ပါတယ်”ဟု ၄င်းကိုယ်တိုင် ကြုံတွေ့ခဲ့ရပုံကို ပြောပြသည်။

ရုံးပိတ်ရက်တွင် တပ်ကုန်းမြို့သို့ အိမ်အလည်ပြန်လာသည့် နေပြည်တော်မှ ဝန်ထမ်းတစ်ဦးကလည်း “ကျွန်တော်က မနှစ်ကလည်း လမ်းဘေးမွေးမြူရေးပျားက ဆိုင်ကယ်စီးဦးထုပ်ကြားဝင်ပြီး နားထင်ကိုတုပ်လို့ မေ့လဲဖူးပါတယ်၊ သူငယ်ချင်းပါတော့ သူက ဆေးခန်းကို လိုက်ပို့ပေးတယ်၊ ဒီနှစ်လည်း ဆိုင်ကယ်စီးရင်း ပျားတုပ်ခံရတယ်၊ ပျားဆိပ်နဲ့မတည့်တော့ တစ်ကိုယ်လုံး အနီဖုတွေထွက်လာလို့ ရုံးကိုခွင့်တိုင်ပြီး အနားယူရပါတယ်၊ ဒါကြောင့် ဒီပျားပုံးတွေကို အများပြည်သူနဲ့ ဝေးတဲ့နေရာတွေကို ပြောင်းရွှေ့ပေးဖို့ သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ကြပ်မတ်ပေးသင့်တယ်လို့ ထင်ပါတယ်”ဟု ပြောပြသည်။

လမ်းဘေးတွင် ချထားသော မွေးမြူရေးပျားပုံးများမှ ပျားရည်များထုတ်ယူသည့်အခါ ပျားပုံးအနီးအနားနှင့် ပတ်ဝန်းကျင်မှ ကားလမ်းများပေါ်တွင်ပါ ပျားကောင်များ မြောက်မြားစွာ ပျံဝဲလျက်ရှိ၍ ဆိုင်ကယ်စီး၍သွားလာကြသည့် ပြည်သူများ သတိထား သွားလာနေရကြောင်း သိရသည်။

ဟိန်းထက်ဇော် (မြန်မာ့အလင်း)

ကားလမ်းမနှင့်ကပ်လျက် လမ်းဘေးတစ်လျှောက်၌ ချထားသော မွေးမြူရေးပျားပုံးများကို တွေ့ရစဉ်။

ဒီရေတိုက်စားမှုကြောင့် ပြိုကျခဲ့သည့် ငမိုးရိပ်ချောင်း ကမ်းပတ်တာရိုး ပြုပြင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၆

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ်ရှိ ငမိုးရိပ်ချောင်း ကမ်းပတ်တာရိုးကို ဒီရေတိုက်စားပြီး တာရိုးနေရာအချို့ပြိုကျမှုများ ဖြစ်ပေါ်ခဲ့ရာ ဩဂုတ် ၁၄ ရက်မှစ၍ ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ဇော် ဦးဆောင်သော ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရွှေပေါက်ကံမြို့သစ် အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့များ၊ ရွှေပေါက်ကံ လမ်းတံတား တာဝန်ခံအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဌာန ဝန်ထမ်းများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူများ ပူးပေါင်း ပါဝင်၍ စုစုပေါင်း အင်အား ၂၀၀ ကျော်ဖြင့် အဆိုပါ ငမိုးရိပ်ချောင်း တာရိုး ပြိုကျ ခဲ့သည့်နေရာတွင် သဲအိတ်များဖို့၍ ပြုပြင်မှုများ ဆောင်ရွက်နေကြခြင်းဖြစ်သည်။

မိုးရာသီကာလတွင် ငမိုးရိပ်ချောင်း ဒီရေတက်ခြင်းကြောင့် ရွှေပေါက်ကံမြို့သစ် အတွင်း ရပ်ကွက်များ၊ လမ်းများ၊ စာသင်ကျောင်းများသို့ ရေများဝင်ရောက်တတ်ပြီး သွားလာရေးအခက်အခဲကို နှစ်စဉ်ကြုံတွေ့ရသည့် အခက်အခဲများ ဖြစ်ပွားလေ့ရှိသည်ဟု သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကမ်းပတ်တာရိုး ကျိုးပေါက်သည့်နေရာ၌ ပြုပြင်မှုများဆောင်ရွက်နေစဉ်။

ကလေး-တီးတိန်လမ်းတွင် ယာဉ်တစ်စီးချောက်ထဲထိုးကျ

တီးတိန် ဩဂုတ် ၁၆

ချင်းပြည်နယ် တီးတိန်မြို့နယ် ကလေး-တီးတိန်ကားလမ်း မိုင်တိုင်အမှတ်(၂၄)အနီး၌ ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီခန့်က ယာဉ်တစ်စီး ချောက်ထဲထိုးကျ၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ တီးတိန်မြို့နယ် မွာလ်ဘင်းကျေးရွာနေ ဒင်ဆွဲဇမ်း(၂၃ နှစ်)မောင်းနှင်သည့် ဂျစ်ကားပေါ်တွင် တစ်ရွာတည်းနေသူ ခြောက်ဦး လိုက်ပါ၍ ကလေးမြို့သို့ ဈေးဝယ်လာစဉ် မိုင်တိုင်အမှတ်(၂၄)နှင့်(၂၅)ကြား တောင်အဆင်းလမ်းကွေ့၌ ယာဉ်မှာ လမ်း၏ယာဘက် ချောက်အတွင်းသို့ ထိုးဆင်းသွားခြင်းဖြစ်ကာ ယာဉ်ပေါ်ပါသူ ဒေါ်ဟောက်ခန့်မန်မှာ နေရာတွင် သေဆုံးခဲ့ပြီး ယာဉ်မောင်း အပါအဝင် ကျန်ခရီးသည်ငါးဦးမှာ ဒဏ်ရာများရရှိသော်လည်း မစိုးရိမ်ရကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဒင်ဆွဲဇမ်းအား အမှုဖွင့်၍ စစ်ဆေးလျက်ရှိကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာ့ဇာတ်သဘင်အဖွဲ့သားများ စုစည်းနေထိုင်မည့် သဘင်ရွာများတည်ထောင်ရန် စီစဉ်နေ

မင်္ဂလာဒုံမြို့နယ်မှ သဘင်ရွာ အကောင်အထည်ဖော်မည့်နေရာကို မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစဉ်။

ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့ဇာတ်သဘင်အဖွဲ့သားများ စုစည်းနေထိုင်ရန်အတွက် ရန်ကုန်နှင့် မန္တလေး တို့တွင် သဘင်ရွာများ တည်ထောင်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မြန်မာ့သဘင်ပညာရှင် အနုပညာသည်များအား နှစ်ရှည်စီမံကိန်းဖြင့် အိမ်ခန်းများ ပိုင်ဆိုင်နိုင်ရေးအတွက် ယင်းသို့အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ သိရသည်။

